# တိတ်ဆိတ်စွာဆက်လက်ဖြစ်ပေါ်နေသော
# လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးချိုးဖောက်မှုများ



## *The Silent Ongoing Earthrights Abuses*

Kayah Earthrights Action Network

၂၀၁၈ခုနှစ်၊ ဩဂုတ်လ (၁၇) ရက်

# အဖွဲ့အစည်းအကြောင်းအကျဉ်းချုပ်

KEAN

Kayah Earthrights Action Network

ကယားပြည်လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်ရေးလှုပ်ရှားဆောင်ရွက်မှုကွန်ယက် (Kayah Earthrights Action Network - KEAN) သည် ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလ(၁၅)ရက်နေ့တွင်စတင်ဖွဲ့စည်းခဲ့ပြီး ကယား(ကရင်နီ)ပြည်အတွင်း လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးအတွက် လှုပ်ရှားဆောင်ရွက်ခဲ့ပါသည်။ ကယားပြည်လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးလှုပ်ရှားဆောင်ရွက်မှုကွန်ယက်သည်အဖွဲ့အစည်းစတင်ဖွဲ့စည်းချိန်မှစတင်၍ဒေသခံပြည်သူများအား လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသိပညာများပေးခြင်း၊ လယ်ယာမြေအခွင့်အရေးဆိုင်ရာအသိပညာပေးခြင်း၊ ဖွံ့ဖြိုးရေးစီမံကိန်းကြောင့်ထိခိုက်မှုများနှင့်ပတ်သက်သောအသိပညာပေးခြင်းများ၊ စီးပွားရေးလုပ်ငန်းများနှင့်ဆက်နွယ်သော လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးချိုးဖောက်မှုများကို သုတေသနပြုမှတ်တမ်းတင်ခြင်းနှင့် ဒေသခံများနှင့်ဌာနေတိုင်းရင်းသားများ၏မြေနှင့်အရင်းအမြစ်ဆိုင်ရာ စီမံခန့်ခွဲပိုင်ဆိုင်ခွင့် အခွင့်အရေးများပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းလာစေရန်အတွက် ပံ့ပိုးကူညီဆောင်ရွက်ခြင်းနှင့်စည်းရုံးလှုံ့ဆော်ခြင်းများကို လုပ်ဆောင်ခဲ့ပါသည်။ ကယားပြည်နယ်လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးလှုပ်ရှားဆောင်ရွက်မှုကွန်ယက်သည် ဒေသခံနှင့်ဌာနေတိုင်းရင်းသားများ၏ မြေယာဆိုင်ရာအခွင့်အရေး၊ သတ္တုဆိုင်ရာအခွင့်အရေးနှင့် သစ်တောဆိုင်ရာအခွင့်အရေးများအပြည့်အဝခံစားရရှိနိုင်ရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် ထိခိုက်နစ်နာမှုများမှကာကွယ်စောင့်ရှောက်ခြင်းစသောကဏ္ဍ(၄)ခုတွင် ဒေသခံများ၊ လူထုအခြေပြုအရပ်ဖက်လူမှုအသင်းအဖွဲ့များနှင့် အခြားသောပါဝင်ပတ်သက်သူများနှင့်အတူတကွ ပူးပေါင်းဆောင်ရွက်နေပါသည်။ ကယားပြည်လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးလှုပ်ရှားဆောင်ရွက်မှုကွန်ယက်သည် ထိုကဏ္ဍ(၄)ခုနှင့်ပတ်သက်သော အခွင့်အရေးလှုပ်ရှားဆောင်ရွက်မှုများကိုပြုလုပ်ရာတွင် အသိပညာပေးခြင်း၊ သုတေသနပြုခြင်းနှင့် စည်းရုံးလှုံ့ဆော်ခြင်းနည်းလမ်းတို့ကို အသုံးပြု၍လုပ်ဆောင်နေပါသည်။

မျှော်မှန်းချက်။ ။

ကယား(ကရင်နီ)ပြည်အတွင်းရှိ ဒေသခံပြည်သူလူထုများ အခြေခံလူ့အခွင့်အရေးနှင့်လူမှုတရားမျှတမှုများရရှိပြီး ဂုဏ်သိက္ခာရှိစွာဖြင့် ၎င်းတို့၏သဘာဝပတ်ဝန်းကျင်တွင်နေထိုင်သွားနိုင်ရန်။

ရည်မှန်းချက်။ ။

ကယားပြည်လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးလှုပ်ရှားဆောင်ရွက်မှုကွန်ယက်သည် လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးလှုပ်ရှားဆောင်ရွက်သော အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကယား(ကရင်နီ)ပြည်အတွင်းရှိ ဒေသခံများ လူ့အခွင့်အရေးတိုးတက်ရရှိစေရေး၊ လူမှုတရားမျှတမှုရရှိစေရေးနှင့်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်လုပ်ဆောင်သွားမည်။ ထိုသို့လုပ်ဆောင်နိုင်ရန်အတွက် ဒေသခံများအား စွမ်းရည်မြှင့်တင်ခြင်း၊ လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးချိုးဖောက်မှုများကိုမှတ်တမ်းတင်ခြင်းနှင့် ဒေသခံများ၏လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးများတိုးတက်စေရေးတို့အတွက် ဒေသခံများနှင့်ပူးပေါင်း၍ စည်းရုံးလှုံ့ဆော်ခြင်းတို့ကို လုပ်ဆောင်သွားမည်။

ဆက်သွယ်ရန်လိပ်စာ

ကယားပြည်လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးလှုပ်ရှားဆောင်ရွက်မှုကွန်ယက်

Office Mob: +95 (0)9 4519 18573

Website: www.keanearthrights.org

Facebook: @KEANearthrights

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အဖွဲ့အစည်းအကြောင်းအကျဉ်းချုပ် | ၁ |
| | မာတိကာ | ၃ |
| | အတိုကောက်စကားလုံးများအဓိပ္ပါယ်ဖွင့်ဆိုမှု | ၅ |
| | အစီရင်ခံစာအကျဉ်းချုပ် | ၇ |

အပိုင်း(၁)
ကယား(ကရင်နီ)ပြည်၏ သတ္တုကဏ္ဍဆိုင်ရာအချက်အလက်များ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကယား(ကရင်နီ)ပြည်၏ သတ္တုထွက်ရှိရာဒေသများပြမြေပုံ | ၈ |
| ၂။ | ကယား(ကရင်နီ)ပြည်၏ သတ္တုဆိုင်ရာယေဘုယျအချက်အလက်များ | ၉ |
| ၃။ | ကယား(ကရင်နီ)ပြည်၏ သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းတွင်ပါဝင်ပတ်သက်သူများ | ၁၂ |
| ၄။ | ကယား(ကရင်နီ)ပြည်၏ သတ္တုလုပ်ငန်းတွင်လုပ်ဆောင်ခွင့်ရသူများနှင့်လုပ်ကိုင်ခွင့်များ အကြောင်း | ၁၄ |
| ၅။ | ကယား(ကရင်နီ)ပြည်၏ သတ္တုထွက်ကုန်စီးဆင်းမှုလမ်းကြောင်းများ | ၁၇ |
| ၆။ | ကယား(ကရင်နီ)ပြည်ရှိ သတ္တုထုတ်လုပ်မှုကဏ္ဍ၏ပွင့်လင်းမြင်သာမှု၊ တာဝန်ယူတာဝန်ခံမှု၊ သဘာဝပတ်ဝန်းကျင်နှင့်လူ့အခွင့်အရေးအပေါ် သို့သက်ရောက်မှုများ | ၁၉ |
| ၇။ | နိုင်ငံအတွင်းရှိ သတ္တုကဏ္ဍနှင့်ဆက်နွယ်သက်ဆိုင်သော ဥပဒေများ | ၂၅ |
| ၈။ | နိုင်ငံတကာရှိလူ့အခွင့်အရေးနှင့်စီးပွားရေးဆိုင်ရာယန္တရားများကိုအကောင်အထည်ဖော် ဆောင်ရွက်ခြင်း | ၂၉ |

အပိုင်း(၂)
မော်ချီးခဲမဖြူအဖြိုက်နက်သတ္တုတွင်းအကြောင်း ဖြစ်ရပ်မှန်လေ့လာခြင်း

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | မော်ချီးခဲမဖြူ၊ အဖြိုက်နက်သတ္တုတွင်းတည်ရှိရာဒေသပြမြေပုံ | ၃၅ |
| ၁။ | စီမံကိန်းအမျိုးအစားနှင့်ပါဝင်ပတ်သက်သူများ<br>(က) စီမံကိန်းအမည်<br>(ခ) စီမံကိန်းတွင်ပါဝင်ပတ်သက်သောသူများ/ကုမ္ပဏီများ၊ အဖွဲ့အစည်းများ<br>(ဂ) စီမံကိန်းတည်နေရာ<br>(ဃ) စီမံကိန်းအကျယ်<br>(င) စီမံကိန်းကာလသက်တမ်း | ၃၆ |

၂။ စီမံကိန်း၏ရုပ်ပိုင်းဆိုင်ရာ ၄၂

(က) စီမံကိန်းလုပ်ကွက်၏ မြေမျက်နှာပြင်သွင်ပြင်နှင့် သဘာဝသွင်ပြင်လက္ခဏာ

(ခ) လုပ်ကွက်အပေါ်မှစီမံကိန်းအနေအထား၊ တည်နေရာ၊ ပတ်ဝန်းကျင်ကျေးရွာများ

(ဂ) စီမံကိန်း၏သမိုင်းအကျဉ်း

(ဃ) စီမံကိန်းစုစုပေါင်းအကျယ်အဝန်းနှင့် လက်ရှိကောင်အထည်ဖော်နေမှုအကျယ်အဝန်း

(င) ဒေသအတွင်းရာသီဥတု

(စ) ဒေသအတွင်းရှိသဘာဝသယံဇာတများ

(ဆ) ဒေသအတွင်းသဘာဝသယံဇာတများကို စီမံခန့်ခွဲနေမှုပုံစံ၊ ကာကွယ်ထိန်းသိမ်းမှုပုံစံ

၃။ ဒေသအတွင်းလက်ရှိအသုံးပြုနေသည့် သဘာဝသယံဇာတ စီမံခန့်ခွဲမှုနည်းဗျူဟာများ၊ ၄၉

(က) စီမံကိန်းလုပ်ကွက်မှမြေပေါ်ရေချိုအရင်းအမြစ်ရရှိနိုင်သည့်အကွာအဝေး

(ခ) စီမံကိန်းလုပ်ငန်းအတွက်နှင့် ဒေသခံများအသုံးပြုသည့်ရေချိုအရင်းအမြစ်

(ဂ) စီမံကိန်းနှင့်ဆက်စပ်သည် ဘေးအန္တရာယ်ဖြစ်ပွားမှု

၄။ လူမှုစီးပွားရေးဆိုင်ရာအပေါ်သို့ စီမံကိန်း၏သက်ရောက်မှုများ ၅၂

၅။ သဘာဝပတ်ဝန်းကျင်အပေါ်သို့စီမံကိန်းသက်ရောက်မှုများ ၅၇

၆။ သတ္တုကဏ္ဍတွင်ပါဝင်သော စီးပွားရေးလုပ်ငန်းများ၏လူ့အခွင့်အရေးဆိုင်ရာချိုးဖောက်မှု အခြေအနေများ ၆၀

၇။ လက်ရှိနိုင်ငံရေးအခင်းအကျင်းနှင့်လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခြေအနေ ၆၃

၈။ သုတေသနပြုခြင်းဖြစ်စဉ်၏ အားသာချက်နှင့်အကန့်အသတ် ၆၅

၉။ အချက်အလက်ကောက်ယူမှုပုံစံနှင့်အသုံးပြုသည့်နည်းစနစ် ၆၆

(က) မေးခွန်းပုံစံများအသုံးပြု၍အချက်အလက်ကောက်ယူခြင်း

(ခ) သင်တန်းများနှင့်ဆွေးနွေးပွဲများပြုလုပ်ခြင်း

(ဂ) ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ခြင်း

(ဃ) တွေ့ဆုံမေးမြန်းခြင်း

(င) ပုံပြောမှတ်တမ်းတင်ခြင်း

(စ) ဖြစ်ရပ်မှန်လေ့လာခြင်း

(ဆ) အချက်အလက်များဆန်းစစ်ခြင်း

(ဇ) ပညာရှင်များ၊ အခြားသောအဖွဲ့အစည်းများနှင့်အစိုးရဌာနမှထုတ်ပြန်ထားသောသတင်း အချက်အလက်များကိုအသုံးပြုခြင်း

၁၀။ အကြံပြုချက် ၆၉

၁၁။ နိဂုံး ၇၀

၁၂။ အထွေထွေ ၇၁

(က) အစီရင်ခံစာအတွက် ကိုးကားမှီငြမ်းသောနေရာများ

(ခ) နောက်ဆက်တွဲမြေပုံနှင့်ဓာတ်ပုံမှတ်တမ်းများ

(ဂ) ၂၀၁၈ခုနှစ်၊ သတ္တုတွင်းနည်းဥပဒေပါ အကြောင်းအရာများ

## အတိုကောက်စကားလုံးများအဓိပ္ပါယ်ဖွင့်ဆိုမှု

၁။ UNDRIP - United Nation Declaration on the Rights of Indigenous Peoples
ကမ္ဘာ့ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများအခွင့်အရေးဆိုင်ရာကြေငြာစာတမ်း

၂။ ILO-C.169 - International Labor Organization Convention concerning Indigenous and Tribal Peoples
အပြည်ပြည်ဆိုင်ရာ အလုပ်သမားသမဂ္ဂ၏ဌာနေမျိုးနွယ်စုဆိုင်ရာသဘောတူညီချက်အမှတ် (၁၆၉)

၃။ FPIC - Free Prior Informed and Consent
လွတ်လပ်သော ကြိုတင်အကြောင်းကြား အသိပေးခြင်းနှင့်သဘောဆန္ဒရယူခြင်း

၄။ IEE - Initial Environmental Examination
ကနဦးပတ်ဝန်းကျင်စစ်ဆေးချက်

၅။ EIA - Environmental Impact Assessment
ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက်

၆။ EMP - Environmental Management Plans
ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်

၇။ ECC - Environmental Compliance Certificate
ပတ်ဝန်းကျင်ထိန်းသိမ်းရေးလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်

၈။ John Reggie's Guiding Principles "
စီးပွားရေးနှင့်လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်ချက်များဖြစ်သော

၉။ Equator Principles
ကမ္ဘာတစ်ဝှမ်းလုံးနှင့်စက်မှုလုပ်ငန်းများအားလုံး လိုက်နာရန်လိုအပ်သည့် အခြေခံစည်းမျဉ်းစည်းကမ်းများ

၁၀။ The UN Guiding Principles on Business and Human Rights
ကုလသမဂ္ဂ၏ "ကာကွယ်ခြင်း၊ လေးစားလိုက်နာခြင်းနှင့် ပြန်လည်ကောင်းမွန်အောင်ပြုပြင်ခြင်းမှုဘောင်" ပါ လမ်းညွှန်ချက်များ

၁၁။ EITI - Extractive Industry Transparency Initiative
ကမ္ဘာလုံးဆိုင်ရာသဘာဝသယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများမှရရှိသောဝင်ငွေများနှင့် ပွင့်လင်းမြင်သာမှုစံနှုန်း

၁၂။ ICESCR - International Covenant on Economic, Social and Cultural Rights
စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူညီမှုစာချုပ်

၁၃။ KMPC - Kayah State Mining Product Company Limited
ကယားပြည်နယ်သတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီ

၁၄။ KMTC - Kayah State Mining Trading Company Limited
ကယားပြည်နယ်သတ္တုဝယ်ယူရောင်းချရေးအဖွဲ့

၁၅။ UMEHL - Union of Myanmar Economic Holdings Limited
မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (ဦးပိုင်)

၁၆။ CSR - Corporate Social Responsibility
စီးပွားရေးလုပ်ငန်းများ၏လူမှုရေးဆိုင်ရာတာဝန်ယူမှု

၁၇။ UNGC - United Nation Global Compact Principles

၁၈။ KNPP - Karenni National Progressive Party
ကရင်နီအမျိုးသားတိုးတက်ရေးပါတီ

၁၉။ KNPLF - Karenni National People Libration Front
ကရင်နီလူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး၊

၂၀။ KNSO - Karenni National Solidarity Organization
ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့၊

၂၁။ KNLP - Kayan New Land Party
ကယန်းပြည်သစ်ပါတီ

၂၂။ KNPDP - Karenni National Peace and Developmet Party
ကရင်နီအမျိုးသားငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊

၂၃။ KNDP - Karenni National Democrative Party
ကရင်နီအမျိုးသားဒီမိုကရက်တစ်ပါတီ

၂၄။ KNDO - Karen National Defense Organization
ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့

၂၅။ WWF - Women for Women Foundation
အမျိုးသမီးအတွက် အမျိုးသမီးဖောင်ဒေးရှင်း

## အစီရင်ခံစာအကျဉ်းချုပ်

ဤအစီရင်ခံစာသည် ကယား(ကရင်နီ)ပြည်၏ သတ္တုရှာဖွေတူးဖော်ထုတ်လုပ်မှုကဏ္ဍတွင် ပါဝင်ပတ်သက်သူများ၊ သတ္တုတူးဖော်ထုတ်ယူမှုလုပ်ငန်းများကြောင့် ဒေသခံပြည်သူများ၏ လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်အပေါ် သို့ထိခိုက်သက်ရောက်မှုများ၊ သတ္တုတူးဖော်ထုတ်လုပ်မှုကဏ္ဍတွင်တာဝန်ယူ၊ တာဝန်ခံမှုများအားနည်းခြင်းစသည့်အကြောင်းအရာများနှင့် ကယား(ကရင်နီ)ပြည်ရှိ သတ္တုတူးဖော်ထုတ်ယူမှုလုပ်ငန်းများသည် နိုင်ငံ၏ဘဏ္ဍာဝင်ငွေရှာဖွေပေးနိုင်မှုတို့အတွက် အရေးပါမှုတို့ကိုတင်ပြသွားမည်ဖြစ်ပါသည်။ သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းသည် ကယား(ကရင်နီ)ပြည်တွင် လွန်ခဲ့သောနှစ်ပေါင်းတစ်ရာကျော်မှစတင်ခဲ့ပြီး ယနေ့ထိတိုင်ဆက်လက်လုပ်ကိုင်နေဆဲဖြစ်သောလုပ်ငန်းတစ်ခုဖြစ်သည်။ မော်ချီးသတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းသည် မြန်မာပြည် ကိုလိုနီပြုခြင်းမခံရမီကတည်းကပင် ဒေသခံပြည်သူများမှစတင်လုပ်ကိုင်ခဲ့သောသတ္တုလုပ်ငန်းတစ်ခုဖြစ်ခဲ့ပြီး နောက်ပိုင်းတွင်နိုင်ငံခြားသားများ၊ မြန်မာအစိုးရ၏သတ္တုတွင်းဝန်ကြီးဌာနနှင့်စီးပွားရေးလုပ်ငန်းအင်အားစုများမှဆက်လက်လုပ်ကိုင်ဆောင်ရွက်ခဲ့သောလုပ်ငန်းတစ်ခုဖြစ်သည်။ လက်ရှိအချိန်တွင်လည်း နိုင်ငံခြားသားများသည် မိမိတို့၏အကျိုးစီးပွားများအတွက် ဤသတ္တုတူးဖော်ထုတ်ယူမှုလုပ်ငန်းတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပါဝင်ပတ်သက်မှုအားကောင်းနေဆဲပင်ဖြစ်ပါသည်။

ကယား(ကရင်နီ)ပြည်၏သတ္တုတူးဖော်ထုတ်ယူမှုလုပ်ငန်းများသည် စီးပွားရေးအကျိုးအမြတ်အတွက်သာမက နိုင်ငံရေးအရလည်းအကျိုးအမြတ်များစွာပတ်သက်ဆက်နွယ်မှုရှိသောလုပ်ငန်းတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် မြန်မာစစ်တပ်မှသော်လည်းကောင်း၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ ( အစိုးရနှင့်အပစ်အခတ်ရပ်စဲထားသောအဖွဲ့အစည်းနှင့်အပစ်အခတ်ရပ်စဲထားခြင်းမရှိသေးသောအဖွဲ့အစည်းများ) အတွက်လည်း အရေးပါသောကဏ္ဍတစ်ခုဖြစ်သည်။ ထို့အပြင်မြန်မာပြည်၏သတ္တုကဏ္ဍနှင့်သက်ဆိုင်သောဥပဒေများ၏ ဒေသခံပြည်သူများအပေါ်အကာအကွယ်ပေးမှုအားနည်းခြင်းကြောင့်သော်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများတွင်ပါဝင်ပတ်သက်သောသူများ၏တာဝန်ယူ၊ တာဝန်ခံမှုကင်းမဲ့သောလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းကြောင့်သော်လည်းကောင်း ဒေသခံပြည်သူလူထုများအပေါ်သို့ လူ့အခွင့်အရေးဆိုင်ရာချိုးဖောက်မှုများအပြင်၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာပျက်ဆီးမှုများကိုလည်းများစွာဖြစ်ပေါ်စေနေပါသည်။ ထိုသို့သောအကျိုးဆက်များကို ယနေ့ထိတိုင်ဒေသခံပြည်သူများကြုံတွေ့ခံစားနေရပြီး ထိုအရာများအတွက် တရားမျှတသောခံစားခွင့်များ၊ လုံလောက်သောကုစားမှုများကိုရရှိနိုင်ခြင်းမရှိဘဲဖြစ်နေရပါသည်။

ထို့ကြောင့် ကယား(ကရင်နီ)ပြည်အတွင်းရှိ သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများကြောင့် ဒေသခံပြည်သူများကြုံတွေ့ခံစားနေရသည့် လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးချိုးဖောက်မှုများအတွက် လုံလောက်သောကုစားမှုများရရှိစေနိုင်ရန်၊ သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းတွင်ပါဝင်ပတ်သက်သောသူများမှ မိမိတို့၏စီးပွားရေးလုပ်ငန်းကြောင့်ဖြစ်ပေါ်သောချိုးဖောက်မှုများအတွက် တာဝန်ယူ၊ တာဝန်ခံမှုများရှိလာစေရန်နှင့် တာဝန်ယူ၊ တာဝန်ခံမှုရှိသောစီးပွားရေးလုပ်ငန်းကဏ္ဍများဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဒေသခံပြည်သူများ အကျိုးအမြတ်ပါဝင်ခံစားနိုင်သော ရေရှည်တည်တံ့သည့်သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းဖြစ်လာစေရန်အတွက်ရည်ရွယ်၍ ဤအစီရင်ခံအားဖြင့်တင်ပြလိုက်ပါသည်။

## အပိုင်း(၁)
## ကယား(ကရင်နီ)ပြည်၏ သတ္တုကဏ္ဍဆိုင်ရာအချက်အလက်များ

၁။ ကယား(ကရင်နီ)ပြည်၏ သတ္တုထွက်ရှိရာဒေသများပြမြေပုံ



၂။ ကယား(ကရင်နီ)ပြည်၏ သတ္တုဆိုင်ရာယေဘုယျအချက်အလက်များ

မြန်မာနိုင်ငံသည် သဘာဝသယံဇာတအရင်းအမြစ်များပေါကြွယ်ဝသောနိုင်ငံတစ်ခုဖြစ်ပြီး ရေနံ၊ ခဲသတ္တု၊ ဇင့်၊ ခဲမဖြူအဖြိုက်နက်၊ ကျောက်စိမ်း၊ ခနောက်စိမ်း၊ ရွှေ ကျောက်မီးသွေး၊ နီလာ၊ ပတ္တမြား နှင့်အခြားသောသတ္တုများစွာထွက်ရှိသည့်နိုင်ငံတစ်ခုဖြစ်သည်။ ကယား(ကရင်နီ)တောင်တန်းဒေသများသည် မြန်မာနိုင်ငံ၏ ခဲမဖြူအဖြိုက်နက် သတ္တုကြောများတည်ရှိရာဒေသများတွင် တစ်ခုအပါအဝင်တစ်ခုဖြစ်ပြီး အခြားသောသတ္တုအရင်းအမြစ်များပေါကြွယ်ဝသောဒေသတစ်ခုတွင်ပါဝင်သည်။ ကယား(ကရင်နီ)ပြည်သည် မြန်မာနိုင်ငံ၏သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်ထောင့်တစ်နေရာမှပါဝင်၍ နိုင်ငံ၏ဝင်ငွေကိုရှာဖွေပေးနေသော ပြည်နယ်တစ်ခုဖြစ်သည်။ ကယား(ကရင်နီ)ပြည်ရှိ အချို့သောသတ္တုလုပ်ငန်းများသည် အင်္ဂလိပ်ကိုလိုနီပြုစဉ်ကာလမှ စတင်၍ အကောင်အထည်ဖော်ခဲ့ပြီး ယနေ့ထိတိုင်အကောင်အထည်ဖော်ဆောင်ရွက်နေပါသည်။ ကယား(ကရင်နီ)ပြည်တွင်ထွက်ရှိသော သတ္တုများမှာ ခဲမဖြူအဖြိုက်နက်၊ ခနောက်စိမ်း၊ ထုံးကျောက်၊ စကျင်ကျောက်၊ ကျောက်မီးသွေးနှင့်ရွှေ စသောသတ္တုများဖြစ်ပြီး ဒေသခံပြည်သူများသာမက ဒေသအတွင်းရှိစီးပွားရေးလုပ်ငန်းရှင်များ၊ ပြင်ပမှစီးပွားရေးလုပ်ငန်းရှင်များနှင့်နိုင်ငံခြားသားများသည် မိမိတို့၏အကျိုးစီးပွားအတွက် ကယား(ကရင်နီ)ပြည်၏သတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများတွင်ပါဝင်ပတ်သက်နေကြသည်။

ကယား(ကရင်နီ)ပြည်၌ ခဲမဖြူ အဖြိုက်နက်အဓိကထွက်ရှိရာဒေသသည် ဘောလခဲခရိုင်အတွင်းရှိ ဖားဆောင်းမြို့နယ်၊ မော်ချီးဒေသတွင်ဖြစ်သည်။ မော်ချီးသတ္တုမိုင်းသည် အင်္ဂလိပ်အစိုးရလက်ထက်မှစတင်၍ထုတ်ယူခဲ့ပြီး မြန်မာအစိုးရအဆက်ဆက်လက်ထက်တွင်ဆက်လက်ထုတ်ယူနေဆဲဖြစ်ကာ သက်တမ်းအားဖြင့်နှစ်ပေါင်းတစ်ရာကျော်ခန့်ထုတ်ယူခဲ့ပြီးဖြစ်သည်။ မော်ချီးသတ္တုမိုင်းမှထွက်ရှိသောခဲမဖြူ အဖြိုက်နက်သတ္တုသည် ကမ္ဘာ့အဆင့်အတန်းဝင်သတ္တုတစ်ခုဖြစ်ပြီး ပထမကမ္ဘာစစ်အတွင်း စစ်၏လိုအပ်ချက်မြင့်မားချိန်တွင် ပျမ်းမျှ [Ref:1] တစ်လတန်ချိန် (၂၀)မှ(၅၀)အထိ ထုတ်ယူခဲ့ကြောင်းမှတ်တမ်းများတွင်ဖော်ပြထားသည်။ ၁၉၃၀ ခုနှစ်ကာလများတွင် မော်ချီးသတ္တုမိုင်းသည် ကမ္ဘာ့ပေါ်တွင်အဖြိုက်နက်သတ္တုအမြင့်ဆုံးထုတ်လုပ်ခဲ့သောမိုင်းတစ်ခုဖြစ်ခဲ့ပြီး ထိုအချိန်ကမြန်မာနိုင်ငံတွင်ထွက်ရှိခဲ့သော [Ref:2] အဖြိုက်နက် ၆၀%သည် မော်ချီးသတ္တုမိုင်းမှဖြစ်သည်။

ခနောက်စိမ်းသတ္တုသည် လွိုင်ကော်၊ ရှားတော၊ မယ်စဲ့၊ ဒီးမော့ဆိုနှင့်ဖရူးဆိုးမြို့နယ်များအတွင်းတွင်ထွက်ရှိပြီး ၂၀၁၂ခုနှစ်နောက်ပိုင်းတွင်ပို၍ တွင်တွင်ကျယ်ကျယ်လုပ်ဆောင်မှုများရှိလာသည်။ ခနောက်စိမ်းသတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းကို အစိုးရနှင့်အပစ်အခတ်ရပ်သဘောတူညီမှုရယူထားသည့် တိုင်းရင်းသားအဖွဲ့အစည်းများနှင့်ပတ်သက်မှုရှိသူများမှဦးဆောင်ပါဝင်၍ရင်းနှီးမြှုပ်နှံကြသည်။ ခနောက်စိမ်းတူးဖော်မှုလုပ်ငန်းတွင် စစ်တပ်နှင့်နီးစပ်သောစီးပွားရေးလုပ်ငန်းရှင်များအပြင် နိုင်ငံခြားသားများလည်းပါဝင်၍ပူးပေါင်းလုပ်ဆောင်မှုများရှိသည်ကိုတွေ့ရှိရသည်။ ၂၀၁၀ခုနှစ်မှစတင်၍ ကယား(ကရင်နီ)ပြည်၏ ခနောက်စိမ်းသတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းတွင်ပါဝင်ပတ်သက်သောကုမ္ပဏီ(၈)ခုရှိပြီးငင်းတို့မှာ တော်ဝင်ဒဏ္ဍာရီကုမ္ပဏီ၊ သိန်းမျက်လုံးသတ္တုတူးဖော်ရေး

မှီငြမ်းချက် ။ ။

Ref:1 H.L CHHIBBER, The mineral resources of Burma 1934, Page.186

Ref:2 Burma's rising star, https://www.geolsoc.org.uk/Geoscientist/Archive/February-2015/Burmas-rising-star

ကုမ္ပဏီ၊ သူရကံချွန်ကုမ္ပဏီလီမိတက်၊ ကယားရွှေတံခါးသတ္တုတူးဖော်ရေးကုမ္ပဏီ၊ ဆီးဝမ်းကုမ္ပဏီ၊ ထီးဒေးစတား(ထီးနေ့ကြယ်)ကုမ္ပဏီ၊ အာရုပိစိဖိတ်စိုက်ပျိုးရေးကုမ္ပဏီ၊ အောင်နှင့်စောမိသားစုကုမ္ပဏီ၊ ကုန်သွယ်ပံ့ပိုးမှုမြန်မာကုမ္ပဏီစသည်တို့ဖြစ်သည်။ ခနောက်စိမ်းတူးဖော်မှုလုပ်ငန်းကို ကယား(ကရင်နီ)ပြည်နယ်နိမိတ်အတွင်းတွင်သာမက ကယား(ကရင်နီ)ပြည်နှင့်နယ်နမိတ်ချင်းထိစပ်လျက်ရှိသော ရှမ်းပြည်နယ်အတွင်းတွင်လည်း ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ထုတ်ယူနေသည်ကိုတွေ့ရှိရပါသည်။

စကျင်ကျောက်သတ္တုသည် လွိုင်ကော်မြို့နယ်တွင် အဓိကထွက်ရှိပြီး ယခင်ကကျောက်ပြားအလှဆင်လုပ်ငန်းသည် ကယား(ကရင်နီ)ပြည်၏ အထင်ကရလုပ်ငန်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံအနှံ့အပြားသို့တင်ပို့ရောင်းချနိုင်ခဲ့ပါသည်။ ကျောက်ပြားထုတ်လုပ်သည့်လုပ်ငန်းအစောပိုင်းကာလများတွင် အစိုးရမှဦးဆောင်လုပ်ကိုင်ခဲ့သော်လည်း နောက်ပိုင်းတွင်လည်ပတ်မှုမရှိတော့ဘဲရပ်ဆိုင်းလိုက်ရပါသည်။ ထိုနောက်ပိုင်းတွင် ပုဂ္ဂလိကကျောက်ပြားထုတ်လုပ်ငန်းများဆက်လက်လုပ်ကိုင်ခဲ့သော်လည်း လက်ရှိအချိန်တွင်ကျောက်ပြားထုတ်လုပ်သည့်လုပ်ငန်းသည် လုပ်ငန်းလည်ပတ်မှုမရှိသလောက်ဖြစ်နေပါသည်။

ကျောက်မီးသွေးသတ္တုသည် ကယား(ကရင်နီ)ပြည်နယ်အတွင်းရှိ လွိုင်ကော်၊ ဘောလခဲနှင့်ဒီးမော့ဆိုမြို့နယ်အတွင်းတွင်တွေ့ရှိရသော်လည်း ထွက်ရှိသောကျောက်မီးသွေးအမျိုးစားသည်သက်တမ်းနုနေခြင်းနှင့်အခြားသောအကြောင်းရင်းများကြောင့် ကျယ်ကျယ်ပြန့်ပြန့်ထုတ်ယူသုံးစွဲမှုမရှိသေးသည်ကိုလည်း တွေ့ရှိရပါသည်။ လွိုင်ကော်မြို့နယ်အတွင်းရှိ လောပိတဒေသဝန်းကျင်တွင်လည်း ကျောက်မီးသွေးတူးဖော်ခြင်းများကိုလုပ်ဆောင်ခဲ့ခြင်းများရှိခဲ့သော်လည်း ယနေ့အချိန်တွင်ဆက်လက်လုပ်ဆောင်မှုမရှိတော့ပါ။ ထို့အပြင် ဒီးမော့ဆိုမြို့နယ်အတွင်းရှိလွိုင်နန်းဖကျေးရွာအနီးတွင် ကျောက်မီးသွေးစက်ရုံတည်ဆောက်မှုရှိနေသော်လည်း လက်ရှိတွင် ဆက်လက်လုပ်ဆောင်ခြင်းမရှိသည်ကိုတွေ့ရှိရပါသည်။

ကယား(ကရင်နီ)ပြည်တွင် ခဲမဖြူ၊ အဖြိုက်နက်ခွဲခြားသန့်စင်ရန်စက်ရုံတစ်ရုံတည်ရှိပြီး ၁၉၈၉-၁၉၉၀ ခုနှစ်တွင်စတင်တည်ဆောက်ခဲ့ကာ ၁၉၉၀ခုနှစ်တွင်တည်ဆောက်မှုပြီးစီး၍ ၁၉၉၁-၁၉၉၂ခုနှစ်တွင် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းဌာနပိုင်အဖြစ်လည်ပတ်ခဲ့သည်။ ၁၉၉၉-၂၀၁၁ခုနှစ်အတွင်းတွင် သတ္တုတန်ချိန် (၈၉၈.၂၉)မက်ထရစ်တန်ခွဲခြားသန့်စင်နိုင်ခဲ့ပြီး ၂၀၁၁ခုနှစ်နောက်ပိုင်းတွင် ကုန်ကြမ်းအခက်အခဲကြောင့် ခေတ္တရပ်နားထားခဲ့ရ၍ ၂၀၁၂ခုနှစ်တွင် လေလံစနစ်ဖြင့် ပုဂ္ဂလိကကုမ္ပဏီသို့ နှစ်ရှည်အငှားချခဲ့ပါသည်။ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ(၇)ရက်နေ့တွင် Myanmar Golden Bonanza Services Co.Ltd မှခဲမဖြူ၊ အဖြိုက်နက်ခွဲခြားသန့်စင်စက်ရုံငှားရမ်းလုပ်ကိုင်ခွင့်ကိုရရှိခဲ့ပြီး Hunan Jin Mu Industrial Co.Ltd (China) မှရင်းနှီးမြှုပ်နှံမှု (၉၅%)နှင့်ပြည်တွင်းရင်းနှီးမြှုပ်နှံမှု(၅%)ပါဝင်ရင်းနှီးမြှုပ်နှံမှုရှိကြသည်။ Myanmar Goldern Bonanza Co.Ltd သည်ခဲမဖြူ၊ အဖြိုက်နက်ခွဲခြားသန့်စင်စက်ရုံအား ငှားရမ်းလုပ်ကိုင်ခွင့်သက်တမ်း ကနဦးနှစ်ပေါင်း(၁၅)နှစ်ဖြစ်ပြီးသက်တမ်းတိုး(၅)နှစ်(၃)ကြိမ်ဖြင့် စုစုပေါင်းနှစ်ပေါင်း(၃၀)လုပ်ကိုင်ခွင့်ရရှိထားသည်။ ၂၀၁၇ ခုနှစ်တွင် မော်ချီးဒေသ၊ အောက်ရွာ(မော်ချီးအောက်ရွာ)၌ အခြားသတ္တုသန့်စင်စက်ရုံတစ်ရုံကိုထပ်မံတည်ဆောက်နေပြီး လက်ရှိတွင်လုပ်ငန်းစတင်လည်ပတ်နေပြီဖြစ်သည်။ သို့သော်လည်း ကယား(ကရင်နီ)ပြည်၏ ခဲမဖြူ၊ အဖြိုက်နက်သတ္တုတူးဖော်ထုတ်လုပ်မှုနှင့်ပတ်သက်၍ မည်မျှထွက်ရှိသည်ကို တိကျသောသတင်းအချက်အလက်များကို လက်လှမ်းမှီနိုင်ရန်အတွက် အလှမ်းဝေးကွာနေဆဲဖြစ်ပါသည်။



*လှိုင်ဘွဲ့မြို့၊ မထောခုကျေးရွာအုပ်စု၊ ရေနီကန်ကျေးရွာရှိ Myanmar Golden Bonanza Services Co.Ltd မှ လုပ်ဆောင်နေသော ခဲမဖြူ၊ အဖြိုက်နက်ခွဲခြားသန့်စင်စက်ရုံ*



*မော်ချီးအောက်ရှိရှာ ခဲမဖြူ၊ အဖြိုက်နက်ခွဲခြားသန့်စင်စက်ရုံ*

၃။ ကယား(ကရင်နီ)ပြည်၏ သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းတွင်ပါဝင်ပတ်သက်သူများ

ကယား(ကရင်နီ)ပြည်၏ သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းတွင် ဒေသအတွင်းရှိအချို့သောပြည်သူလူထုများ သာမက ပြည်ထောင်စုအစိုးရနှင့်ပြည်နယ်အစိုးရ၊ သတ္တုတွင်းဦးစီးဌာန၊ စစ်တပ်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ ပြည်နယ်အတွင်းနှင့်ပြည်နယ်ပြင်ပမှလုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့်အချို့သောနိုင်ငံခြား သားများလည်း ပါဝင်ပတ်သက်မှုများရှိနေကြသည်။ ကယား(ကရင်နီ)ပြည်အတွင်းရှိ သတ္တုများထွက်ရှိရာဒေသ အများစုသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများလှုပ်ရှားထိန်းချုပ်ခဲ့သော နယ်မြေအများစုတွင် တည်ရှိပြီး တစ်နည်းတစ်ဖုံအားဖြင့် ၄င်းတို့၏တိုက်ရိုက်ထိန်းချုပ်မှုများအောက်တွင်တည်ရှိနေသောဒေသများဖြစ် သည်။ ထို့ကြောင့် သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍများသည် စီးပွားရေးအကျိုးအမြတ်တစ်ခု အတွက် သာမဟုတ်ဘဲ သတ္တုတူးဖော်ထုတ်လုပ်မှုကဏ္ဍတွင်ပါဝင်ပတ်သက်သောအဖွဲ့အစည်းများ၏ နိုင်ငံရေးနှင့် အာဏာရပ်တည်မှုအတွက်ပါဆက်နွယ်မှုရှိသည်။ သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများသည် သတ္တုတူး ဖော်ထုတ်လုပ်မှုလုပ်ငန်းတွင်ပါဝင်ပတ်သက်သောသူများ၏အကျိုးစီးပွားအတွက် အဓိကဝင်ငွေရသောလုပ်ငန်း တစ်ခုဖြစ်သကဲ့သို့ ဒေသခံပြည်သူများ၏လူမှုစီးပွားနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများနှင့်စပ်လျဉ်း၍ လည်း ပဋိပက္ခအမြင့်ဆုံးဖြစ်သောလုပ်ငန်းတစ်ခုဖြစ်သည်။

ကယား(ကရင်နီ)ပြည်အတွင်းရှိသတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများသည် အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ စီမံခန့်ခွဲမှုအောက်တွင်တည်ရှိပြီး ကယားပြည်နယ် သတ္တုတွင်းဦးစီးဌာန၏ ကြီးကြပ်မှုအောက်တွင်တည်ရှိသည်။ သို့သော်လည်း ကယား(ကရင်နီ)ပြည်၏သတ္တုတူးဖော်ထုတ်လုပ်မှုကဏ္ဍတွင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် သည် အဓိကအခန်းကဏ္ဍမှပါဝင်ပတ်သက်နေပါသည်။ ထို့အပြင် အစိုးရနှင့်အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဖြစ်သည့် ကရင်နီပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေး တပ်ဦး(KNPLF)၊ ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့(KNSO)၊ ကယန်းပြည်သစ်ပါတီ(KNLP)၊ ကရင်နီ အမျိုးသားငြိမ်းချမ်းရေးနှင့်တိုးတက်ရေးပါတီ(KNPDP)၊ ကရင်နီအမျိုးသားဒီမိုကရက်တစ်ပါတီ(KNDP)နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)တို့သည်လည်း ကယား(ကရင်နီ)ပြည်၏သတ္တုတူးဖော်ထုတ်လုပ်မှု လုပ်ငန်းတွင်ပါဝင်ပတ်သက်မှုရှိနေကြသည်။ ကယား(ကရင်နီ)ပြည်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များသာမက အချို့သောနိုင်ငံခြားသားတရုတ်လူမျိုးများသည် ၄င်းတို့၏အကျိုးစီးပွားအတွက် အထက်ပါအချို့သောအဖွဲ့များ နှင့်တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပူးပေါင်းလုပ်ဆောင်နေမှုများရှိနေကြသည်။ အထူးသဖြင့် နိုင်ငံခြားသားတရုတ်လူမျိုးများ၏ ပါဝင်ပတ်သက်မှုသည် ခဲမဖြူ၊ အဖြိုက်နက်သတ္တုတူးဖော် ထုတ်လုပ်မှုလုပ်ငန်းနှင့်ခနောက်စိမ်းတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများတွင် ပါဝင်ပတ်သက်မှုအများဆုံးရှိနေကြပြီး ဒေသခံသတင်းအရင်းအမြစ်အရ လူဦးရေရာချီပါဝင်ပတ်သက်မှုများရှိနေကြသည်။

၂၀၁၂ခုနှစ်နောက်ပိုင်းတွင် ကယား(ကရင်နီ)ပြည်ရှိသတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများတွင် ပြင်ပမှတရုတ် လူမျိုးအများအပြားပါဝင်ပတ်သက်မှုရှိနေခြင်းကို လွိုင်ကော်မြို့နှင့်မော်ချီးသတ္တုမိုင်းဒေသများတွင် သိသာထင် ရှားစွာတွေ့ရှိရပြီး ကယား(ကရင်နီ)ပြည်၏ သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများတွင် နိုင်ငံခြားသားများ ထိုကဲ့သို့လာရောက်လုပ်ကိုင်မှုနှင့်ပတ်သက်ပြီး အစိုးရထံမှမည်ကဲ့သို့သောခွင့်ပြုချက်များရယူ၍ လုပ်ဆောင်နေ သည်ကို ဒေသခံပြည်သူများအနေဖြင့်သော်လည်းကောင်း၊ ကယား(ကရင်နီ)ပြည်ရှိဒေသခံပြည်သူများ၏ သတ္တု

ဆိုင်ရာအခွင့်အရေးခံစားရရှိနိုင်ရန်အတွက်ပါဝင်လုပ်ဆောင်နေသော လူထုအခြေပြုအရပ်ဖက်အဖွဲ့အစည်းများ အနေဖြင့်သော်လည်းကောင်း သတင်းအချက်အလက်များကန့်သတ်ထားခံနေရဆဲဖြစ်ပါသည်။

ကယား(ကရင်နီ)ပြည်၏ သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းသည် ၁၈၃၀ခုနှစ်မတိုင်မီတွင် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခြင်းမရှိခဲ့သော်လည်း ဒေသခံများသည်၎င်းတို့၏အသက်မွေးဝမ်းကျောင်းရပ်တည်ရန်အတွက်သတ္တု တူးဖော်ထုတ်လုပ်မှုလုပ်ငန်းကို တစ်ပိုင်တစ်နိုင်လုပ်ဆောင်ခဲ့ကြသည်။ အင်္ဂလိပ်အစိုးရမှမြန်မာနိုင်ငံကိုသိမ်းယူ ပြီး ၁၈၃၀ခုနှစ်နောက်ပိုင်းတွင် ကယား(ကရင်နီ)ပြည်နယ်၏သတ္တုတူးဖော်ထုတ်လုပ်မှုကဏ္ဍ၌ အင်္ဂလိပ်အစိုးရ မှကျယ်ကျယ်ပြန့်ပြန့်ထုတ်ယူခဲ့သည်။ ထို့အပြင် ၂၀၁၃ခုနှစ်တွင် ဩစတြေးလျအခြေစိုက် သတ္တုတူးဖော်ထုတ် လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သော [Ref:3]Resource Emermaul Company Limited သည်လည်း ကယား(ကရင်နီ)ပြည်၏ သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းတွင် "မိုဆာစီး"ကုမ္ပဏီအမည်ဖြင့် ရင်းနှီးမြှုပ်နှံမှုပမာဏ၏စုစုပေါင်း(၇၀%) ရာခိုင်နှုန်းနှင့် Myanmar Energy Resource Group မှ (၃၀%)ရာခိုင်နှုန်းဖြင့်ပါဝင်ရင်းနှီးမြှုပ်နှံ၍ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များနှင့်ပူးပေါင်းကာ ချဉ်းကပ်လုပ်ဆောင်မှုများရှိခဲ့သည်။ မိုဆာစီးကုမ္ပဏီအနေဖြင့် မော်ချီး ခဲမဖြူ။ အဖြိုက်နက် သတ္တုမိုင်းတွင်ပါဝင်လုပ်ဆောင်နိုင်ရန်အတွက် မြေနေရာ(၄၀၀)စတုရန်းကီလို မီတာ သို့မဟုတ် (၉၈၈၄၂.၁၅၂၆) ဧကအထိ တိုးချဲ့လုပ်ဆောင်ရန်အတွက်ချဉ်းကပ်လုပ်ဆောင်ခဲ့မှုများရှိခဲ့ပြီး ပြည်နယ်အစိုးရထံမှကနဦး အဆိုပြုလုပ်ကွက်အတွက် မြေနေရာ(၂၀၂.၃၅)စတုရန်ကီလိုမီတာ သို့မဟုတ် (၄၉၈၆၆)ဧကကို ခွင့်ပြုမိန့်ရရှိခဲ့ပြီး ပြည်ထောင်စုအစိုးရထံမှလုပ်ကိုင်ခွင့်အတွက် ဆက်လက်စောင့်ဆိုင်းခဲ့ သော်လည်း ဒေသခံပြည်သူများ၊ လူထုအခြေပြုအရပ်ဘက်အဖွဲ့အစည်းများနှင့်အခြားသောအစုအဖွဲ့များ၏ ကန့်ကွက်မှုများနှင့်ကြုံတွေ့ခဲ့ရပါသည်။ ထိုနောက်ပိုင်းတွင် မိုဆာစီးကုမ္ပဏီအနေဖြင့် သတ္တုတူးဖော်မှုလုပ်ငန်း တွင်ဆက်လက်ပါဝင်ခြင်းမရှိတော့ဘဲ ရပ်ဆိုင်းလိုက်ပါသည်။ လက်ရှိကယား(ကရင်နီ)ပြည်၏သတ္တုတူးဖော် ထုတ်လုပ်မှုလုပ်ငန်းတွင် အစိုးရသတ္တုတွင်းဝန်ကြီးဌာန၊ ကယားပြည်နယ်သတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီ လီမိတက်နှင့် ၎င်းတို့နှင့်ပူးပေါင်းလုပ်ဆောင်သောကုမ္ပဏီများ၊ ဒေသခံကုမ္ပဏီများ၊ ပုဂ္ဂလိကများအပြင် အစိုးရ နှင့်အပစ်အခတ်ရပ်သဘောတူညီမှုပြုလုပ်ထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည်လည်း ပူးပေါင်းပါဝင်လုပ်ဆောင်နေကြသည်။

**" ကျနော်တို့ဒေသခံတွေမြင်တာက ဒီအရိပ်မှာအေးမြတယ်၊**

**ဒီအရိပ်မှာနားလို့ကောင်းတယ်ဆိုပြီးတော့လာနားကြတယ်။**

**အိမ်ပြန်တော့ထင်းခုတ်ယူပြန်သွားတာမကဘူး၊ အမြစ်ကိုပါနှုတ်ယူသွားတဲ့သူတွေပဲ "**

မိုဖြမ်းချက်။ ။

Ref:3 Resource Emermaul Company Limited (http://www.proactiveinvestors.com.au/companies/news/135756/eumeralla-resources-seeks-to-explore-for-tin-and-tungsten-in-myanmar-45035.html )

## ၄။ ကယား(ကရင်နီ)ပြည်၏ သတ္တုလုပ်ငန်းတွင်လုပ်ဆောင်ခွင့်ရသူများနှင့်လုပ်ကိုင်ခွင့်များအကြောင်း

ကယား(ကရင်နီ)ပြည်၏ လက်ရှိသတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းတွင်ပါဝင်ပတ်သက်သောသူများသည် ငွေကြေးအရသော်လည်းကောင်း၊ အခွင့်အာဏာအရသော်လည်းကောင်း လုပ်ပိုင်ခွင့်ရှိကြသူများဖြစ်သည်။ ထို့ကြောင့် နိုင်ငံခြားသားများသည်လည်း ထိုအခွင့်အာဏာရှိသူများ၊ အခွင့်ထူးခံလူတန်းစားအချို့နှင့်ပူးပေါင်း၍ သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းတွင်ပူးပေါင်းပါဝင်လုပ်ဆောင်နေမှုများရှိနေကြသည်။ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ သတ္တုတူးဖော်ထုတ်လုပ်ခွင့်ရရှိရန်လုပ်ငန်းစဉ်များအရ သတ္တုတွင်းဝန်ကြီးဌာန(နေပြည်တော်)သို့ လျှောက်လွှာတင်ပို့ကြရပြီး လုပ်ပိုင်ခွင့်ကိုရယူလုပ်ကိုင်ကြသည်။ ကယားပြည်နယ်ရှိ ခဲမဖြူ၊ အဖြိုက်နက်နှင့် ခနောက်စိမ်းသတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများကို နေပြည်တော်သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းထံမှခွင့်ပြုပြီး ထုံးကျောက်၊ သဲ၊ ထုံး စသောသတ္တုထုတ်ယူလုပ်ကိုင်ခွင့်များအတွက် ပြည်နယ်အတွင်းရှိသက်ဆိုင်ရာဦးစီးဌာနထံမှခွင့်ပြုမိန့်ကိုတောင်းခံကာ လုပ်ပိုင်ခွင့်ကိုရယူ၍ သတ္တုတူးဖော်ထုတ်ယူလုပ်ကိုင်ကြသည်။ ထို့အပြင် အကြီးစားသတ္တုထုတ်လုပ်ခွင့်ရရှိသောကုမ္ပဏီများမှတစ်ဆင့် တစ်နိုင်တစ်ပိုင်လုပ်ကိုင်ရန် ဒေသအခေါ် (ကျင်းစားစနစ်)လုပ်ပိုင်ခွင့်ကို တောင်းခံ၍ သဘောတူလုပ်ကိုင်ကြသော ကျင်းပိုင်ရှင်များလည်းရှိကြသည်။

သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများလုပ်ကိုင်ရန်လုပ်ပိုင်ခွင့်ရရှိသူများသည် လုပ်ငန်းအရွယ်အစားအလိုက် သတ္တုတွင်းဝန်ကြီးဌာနသို့မြေငှားရမ်းခအတွက်သော်လည်းကောင်း၊ သတ်မှတ်ပေးသွင်းရမည့်သတ္တုအချိုးအစားကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်းများမှတာဝန်ယူလုပ်ဆောင်ရမည့် အခြားသောတာဝန်ဝတ္တရားများကိုလည်းကောင်းဖြည့်စွက်အကောင်အထည်ဖော်ရသည်။ သတ္တုတူးဖော်ထုတ်လုပ်ခွင့် စီမံကိန်းသတ်မှတ်ကာလပြီးဆုံးသောအခါ သက်တမ်းတိုးခြင်းများကိုလုပ်ဆောင်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနသို့ သက်တမ်းတိုးခြင်းများကိုဆက်လက်လုပ်ဆောင်မှုများပြုကြပြီး သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ကြရသည်။ သို့သော်လည်း သတ္တုတူးဖော်ခွင့်ရှိသူများ၏လုပ်ငန်းအကောင်အထည်ဖော်မှုနှင့် စပ်လျဉ်း၍ အမှန်တကယ်အကောင်အထည်ဖော်ဆောင်ရွက်မှု၊ သတ်မှတ်စည်းမျဉ်းများကိုလိုက်နာအကောင်အထည်ဖော်မှု၊ သတ္တုလုပ်ငန်းများကိုဆောင်ရွက်သူများ၏ လူမှုရေးဆိုင်ရာတာဝန်ယူမှုများနှင့်စပ်လျဉ်း၍ ကြီးကြပ်စောင့်ကြည့်ခြင်း၊ စိစစ်သုံးသပ်ခြင်းများ၊ အရေးယူဆောင်ရွက်ခြင်းများနှင့်ပတ်သက်ပြီး တိကျရှင်းလင်းသောယန္တရားများအလွန်အားနည်းလျက်ရှိနေပါသေးသည်။ ထို့အပြင် လုပ်ငန်းလုပ်ဆောင်ခွင့်ရရှိမှု၊ လုပ်ကိုင်ခွင့်များချထားပေးခြင်းနှင့်စပ်လျဉ်း၍ အများပြည်သူများ (အထူးသဖြင့် သတ္တုတွင်းလုပ်ကွက် တည်ရှိရာဒေသများရှိ ဒေသခံပြည်သူများ)သည် ထိုသို့သောအချက်အလက်များနှင့်စပ်လျဉ်း၍ လက်လှမ်းမှီနိုင်ခွင့် အခွင့်အလမ်းများ ဝေးကွာနေဆဲဖြစ်ပါသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏မှတ်တမ်းအရ ၂၀၁၈ခုနှစ်၊ ဇွန်လထိ ကယား(ကရင်နီ)ပြည်၏သတ္တုတူးဖော်ထုတ်လုပ်မှုနှင့်ပတ်သက်၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှခွင့်ပြုမိန့်ပေးထားသော သတ္တုတူးဖော်ထုတ်လုပ်ခွင့်(၂၁)ခုရှိပြီး ခဲမဖြူအဖြိုက်နက်(ရှီးလိုက်ရောရာသတ္တု) ဓာတ်သတ္တုအကြီးစားတူးဖော်ထုတ်လုပ်ခွင့်အတွက်ခွင့်ပြုမိန့်(၁)ခု၊ ခဲ၊ ခဲမဖြူအဖြိုက်နှင့် ခနောက်စိမ်းဓာတ်သတ္တုအသေးစားတူးဖော်ထုတ်လုပ်ခွင့်အတွက်ခွင့်ပြုမိန့် (၁၄)ခုနှင့် ခဲ၊ ခဲမဖြူအဖြိုက်နက်နှင့် ခနောက်စိမ်း

ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန်နှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာရန်ခွင့်ပြုမိန့်(၆)ခုစသည်တို့ဖြစ်ကြသည်။ ထို့အပြင် ခဲမဖြူအဖြိုက်နက်ရောရာ(၂)ကွက်နှင့်ထုံးကျောက်လုပ်ကွက်(၂)ကွက်အတွက် လုပ်ပိုင်ခွင့်များချထားပေးသည်ကိုလည်းသိရှိရပါသည်။ ထိုအထဲမှ ကယားပြည်နယ်သတ္တုထုတ်လုပ်ရေးကုမ္ပဏီလီမိတက်သည် ခဲမဖြူအဖြိုက်နက်ဓာတ်သတ္တုအကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိထားသောတစ်ခုတည်းသောကုမ္ပဏီဖြစ်သည်။

ကယား(ကရင်နီ)ပြည်၏ ရွှေသတ္တု၊ ခဲမဖြူအဖြိုက်နက်သတ္တု၊ ခနောက်စိမ်းသတ္တု၊ ခဲနှင့်ခဲရောရာသတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းတို့သည် အမှတ်(၁)နှင့်အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ ကြီးကြပ်မှုအောက်တွင်လုပ်ကိုင်ဆောင်ရွက်နေကြပါသည်။ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှ ခနောက်စိမ်းသတ္တုနှင့် ခဲနှင့်ခဲရောရာသတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းတို့ကိုကြီးကြပ်၍ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ ရွှေ၊ ခဲမဖြူ၊ အဖြိုက်နက်သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းကိုကြီးကြပ်သည်။ လုပ်ကွက်အရွယ်အစားနှင့်စပ်လျဉ်း၍ Ref:4 ၂၀၁၈ခုနှစ် ကယားပြည်နယ်ရင်းနှီးမြုပ်နှံမှုအခွင့်အလမ်းလေ့လာမှုအစီရင်ခံစာအရ အကြီးစားသတ္တုတူးဖော်ထုတ်လုပ်မှုအတွက် မြေဧရိယာအကျယ်(၇၀၂၄)ဧကပေါ်တွင် ခဲမဖြူ၊ အဖြိုက်နက်သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းကိုလည်းကောင်း၊ အသေးစားသတ္တုတူးဖော်ထုတ်လုပ်မှုတို့အတွက် မြေဧရိယာအကျယ်(၇၂၂.၄) ဧကပေါ်တွင်လည်းကောင်း၊ အသေးစားစမ်းသပ်ဧရိယာ(၅၈၃.၃)ဧကပေါ်တွင်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်နေပါသည်။

သတ္တုတူးဖော်ထုတ်လုပ်ခွင့်ပြုမှုနှင့်စပ်လျဉ်း၍ မော်ချီးခဲမဖြူအဖြိုက်နက်သတ္တုတွင်းတူးဖော်ထုတ်လုပ်မှုလုပ်ငန်းလုပ်ကိုင်ခွင့်အတွက် ယခင်က(၁)နှစ်သက်တမ်းတိုးစနစ်မှ ၂၀၁၅ခုနှစ်တွင် (၅)နှစ်သက်တမ်းတိုးစနစ်သို့ပြောင်းလဲကျင့်သုံးခဲ့သည်။ ထို့အပြင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှလည်း ကယား(ကရင်နီ)ပြည်အတွင်းမှထွက်ရှိသည့် ခဲမဖြူအဖြိုက်နက်အား ယခင်ကဓာတ်သတ္တုပါဝင်နှုန်းကို ၆၅% သတ်မှတ်ရာမှ ယခုတွင် ၅၅%ထိပြောင်းလဲပြင်ဆင်မှုများပြုလုပ်ခဲ့သည်။ လက်ရှိတွင်ကယား(ကရင်နီ)ပြည်၏ အမှတ်(၁)နှင့်အမှတ်(၂)သတ္တုတွင်းလုပ်ငန်းတို့နှင့်အကျိုးတူပူးပေါင်းဆောင်ရွက်သည့် သတ္တုတူးဖော်ထုတ်လုပ်သောကုမ္ပဏီများနှင့်သတ္တုတူးဖော်ထုတ်လုပ်မှုအခြေအနေများကိုအောက်တွင်ဖော်ပြထားပါသည်။

ဘဏ္ဍာရေးနှစ်အလိုက် ကယားပြည်နယ်ရှိ အမှတ်(၁)နှင့်အမှတ်(၂)သတ္တုတွင်းဝန်ကြီးဌာနလက်အောက်ရှိ ထုတ်လုပ်မှုအခြေအနေ

| အမှတ်(၁) သတ္တုဝန်ကြီးဌာန (ခနောက်စိမ်း သတ္တုတူးဖော်ထုတ်လုပ်မှု) | | | | အမှတ်(၂) သတ္တုဝန်ကြီးဌာန (ခဲမဖြူ၊ အဖြိုက်နက်သတ္တုဖော်ထုတ်လုပ်မှု) | | | | |
|---|---|---|---|---|---|---|---|---|
| စဉ် | ဘဏ္ဍာရေးနှစ် | ထုတ်လုပ်မှု (တန်) | မှတ်ချက် | စဉ် | ဘဏ္ဍာရေးနှစ် | ထုတ်လုပ်မှု (တန်) | | မှတ်ချက် |
| | | | | | | အကြီးစား | အသေးစား | |
| ၁ | ၂၀၁၁-၂၀၁၂ | ၈၄၀ | | ၁ | ၂၀၁၁-၂၀၁၂ | ၅၃၉.၀၄ | ၈၅.၈၁၄၃ | |
| ၂ | ၂၀၁၂-၂၀၁၃ | ၁၇၉၄ | | ၂ | ၂၀၁၂-၂၀၁၃ | ၅၁၀.၅၅၇၈ | ၄၃.၅၇၄၂ | |
| ၃ | ၂၀၁၃-၂၀၁၄ | ၁၃၀၉ | | ၃ | ၂၀၁၃-၂၀၁၄ | ၃၆၁.၀၇၄၇ | ၁၉၁.၇၆၅၃ | |
| ၄ | ၂၀၁၄-၂၀၁၅ | ၂၂၀ | April-July | ၄ | ၂၀၁၄-၂၀၁၅ | ၁၃၄.၁၃၂၉ | ၆၈.၉၃ | April-July |

ဇစ်မြစ်- သတ္တုတွင်းအစီရင်ခံစာ

*မှီငြမ်းချက်။* ။

*Ref:4 ကယားပြည်နယ် ရင်းနှီးမြုပ်နှံမှုအခွင့်အလမ်းလေ့လာမှုအစီရင်ခံစာ ၂၀၁၈*

ဇယား(၁) ကယားပြည်နယ်၏အမှတ်(၁)သတ္တုတွင်းလုပ်ငန်းနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်သည့် ခနောက်စိမ်းသတ္တုတူးဖော်ထုတ်လုပ်အခြေအနေ

| စဉ် | လုပ်ငန်းအမည် | ခနောက်စိမ်းသတ္တုရိုင်း(တန်) |
|---|---|---|
| ၁ | သူရကံချွန် | ၁၃၈၄ |
| ၂ | သိမ်းမျက်လုံး | ၉၁၁ |
| ၃ | ကုန်သွယ်ပံ့ပိုးမှုမြန်မာကုမ္ပဏီလီမိတက် | ၃၁၃ |
| ၄ | ကယားရွှေတံခါးသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် | ၅၆၀ |
| ၅ | ဆီဝမ်း | ၄၅၄ |
| ၆ | ထီးဒေးစတား | ၆၄၁ |
| ၇ | ကယန်းသတ္တုတူးဖော်ရေးကုမ္ပဏီ | ၉၀ |
| ၈ | အာရှအေအင်(န်)တီ | ၂၄၀ |
| | စုစုပေါင်း | ၄၅၆၆ |

*(ကိုးကားချက်- ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းလေ့လာမှုအစီရင်ခံစာ ၂၀၁၈)*

ဇယား(၂) ကယားပြည်နယ်၏အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်သည့် ခဲ၊ ခဲနှင့်ရောရာသတ္တုတူးဖော်ထုတ်လုပ်မှုအခြေအနေ

| စဉ် | လုပ်ငန်းအမည် | ခဲ၊ ခဲနှင့်ရောရာသတ္တု(တန်) |
|---|---|---|
| ၁ | သုဝဏ္ဏရွှေစင် | ၂၅၀ |
| ၂ | ကယားဌာနီ | ၂၅၀ |
| | စုစုပေါင်း | ၅၀၀ |

*(ကိုးကားချက် - ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းလေ့လာမှုအစီရင်ခံစာ ၂၀၁၈)*

ဇယား(၃) ကယားပြည်နယ်၏အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်သည့် ခဲမဖြူအဖြိုက်နက်ရောရာသတ္တုတူးဖော်ထုတ်လုပ်မှုအခြေအနေ

| စဉ် | လုပ်ငန်းအမည် | ခဲမဖြူ-အဖြိုက်နက်ရောရာသတ္တု(တန်) |
|---|---|---|
| ၁ | ကယားပြည်နယ်သတ္တုထုတ်လုပ်ရေး | ၃၉၀ |
| ၂ | ကယားဌာနီ | ၁၅၀ |
| ၃ | ရဲထွဋ်ကျော် | ၅၀ |
| ၄ | လယ်မှုခိ | ၅၀ |
| | စုစုပေါင်း | ၆၄၀ |

*(ကိုးကားချက် - ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းလေ့လာမှုအစီရင်ခံစာ ၂၀၁၈)*

## ၅။ ကယား(ကရင်နီ)ပြည်၏ သတ္တုထွက်ကုန်စီးဆင်းမှုလမ်းကြောင်းများ

ကယား(ကရင်နီ)ပြည်၏ သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများမှထွက်ရှိသောသတ္တုများအနက်မှ အချို့သော သတ္တုများသည် ပြည်နယ်အတွင်းဖွံ့ဖြိုးတိုးတက်မှုအတွက်အသုံးပြုကြပြီး အချို့သောသတ္တုများကိုပြည်ပသို့ တင်ပို့ခြင်းအတွက်ထုတ်ယူမှုများရှိသည်။ ဒေသခံပြည်သူများအနေဖြင့် ထုံးကျောက်၊ သဲ၊ လမ်းခင်း ကျောက် စသောသတ္တုများကို မိမိတို့၏တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများအတွက်ထုတ်ယူသုံးစွဲမှုပြုကြ၍ ယနေ့ချိန် တွင် ထိုလုပ်ငန်းများတွင်စီးပွားရေးလုပ်ငန်းရှင်များ၏ပါဝင်ပတ်သက်မှုများပိုမိုရှိလာကြပြီး ပြည်နယ် အတွင်းတွင် အသုံးပြုရန်အတွက်အဓိကထုတ်ယူသုံးစွဲကြသည်။ ခနောက်စိမ်း၊ ခဲမဖြူအဖြိုက်နက်စသော သတ္တုတူးဖော် ထုတ်ယူမှုလုပ်ငန်းများတွင် အစိုးရထံမှသတ္တုထုတ်ယူခွင့်ရရှိသောကုမ္ပဏီများမှသော်လည်းကောင်း၊ ကုမ္ပဏီ မှတစ်ဆင့် အကျိုးတူထုတ်ယူခွင့်ရရှိထားသောသူများမှထုတ်ယူကြပြီး ပြည်နယ်ပြင်ပအထူးသဖြင့် နိုင်ငံခြား အထိတင်ပို့ရောင်းချမှုရှိကြသည်။

ပြည်နယ်ပြင်ပသို့တင်ပို့သောသတ္တုများ၏ စီးဆင်းထွက်ရှိရာလမ်းကြောင်းများမှာ တရားဝင်အရသော်လည်း ကောင်း၊ တရားမဝင်အရသော်လည်းကောင်း ထွက်ရှိမှုများရှိနေသည်ကိုတွေ့မြင်သိရှိရသည်။ မော်ချီးသတ္တုတွင်း မှထွက်ရှိသောခဲမဖြူ အဖြိုက်နက်ကဲ့သို့သောသတ္တုများကိုသတ္တုတူးဖော်ထုတ်လုပ်ခွင့်ရရှိထားသော ကုမ္ပဏီ များမှသော်လည်းကောင်း၊ သတ္တုတူးဖော်ထုတ်လုပ်ခွင့်ရရှိထားသောကုမ္ပဏီများနှင့်အကျိုးတူလုပ်ဆောင်သော ဒေသခံကျင်းပိုင်ရှင်များမှသော်လည်းကောင်းထုတ်ယူကြသည်။ ကုမ္ပဏီမှသတ်မှတ်ထားသော အချိန်ကာလ တစ်ခုအတွင်းတွင် ဒေသခံကျင်းပိုင်ရှင်များအနေဖြင့် ကုမ္ပဏီမှသတ်မှတ်ထားသော ခဲပမာဏကိုပြန်လည်ပေး သွင်းရပြီး ၎င်းကုမ္ပဏီသည်စုစုပေါင်းထွက်ရှိသည့်ခဲသတ္တုပမာဏ၏ ၃၀%ကို အစိုးရထံသို့ပြန်လည်ပေးသွင်း ကြရသည်။ ထို့နောက်ကျန်ရှိသောသတ္တုများကို လွိုင်ကော်မြို့ရှိပြင်ပဈေးကွက်များသို့လည်းကောင်း၊ အချို့တို့ ကို မန္တလေးကဲ့သို့သောအခြားပြင်ပဈေးကွက်သို့လည်းကောင်း တင်ပို့ရောင်းချမှုများရှိကြသည်။ အစိုးရထံမှ သတ္တုထုတ်လုပ်ခွင့်ရရှိထားသောကုမ္ပဏီများအနေဖြင့် လွိုင်ကော်မြို့ရှိ အဝယ်ဒိုင်များတွင်လည်းကောင်း၊ မန္တလေးနှင့်အခြားသောဒေသများရှိ အဝယ်ဒိုင်များထံတွင်လည်းကောင်း ရောင်းချမှုများရှိနေကြသည်။ ထိုအထဲ မှအချို့သောကုမ္ပဏီများသည် ထွက်ရှိသော ခဲမဖြူအဖြိုက်နက်သတ္တုများကို လွိုင်ကော်မြို့ရှိ ခဲမဖြူ အဖြိုက် နက်ခွဲခြားသန့်စင်စက်ရုံသို့လည်းကောင်း၊ သန်လျင်မြို့ရှိခဲမဖြူအဖြိုက်နက်ခွဲခြားသန့်စင်စက်ရုံသို့လည်းကောင်း ပေးပို့၍ ခွဲခြားသန့်စင်မှုများပြုလုပ်ပြီး အမှတ်(၂)သတ္တုလုပ်ငန်းသို့လည်းကောင်းပေးသွင်းခြင်း၊ ပြင်ပသို့ရောင်း ချခြင်းများပြုလုပ်ကြသည်။ အဓိကအားဖြင့် တရုတ်နယ်စပ်ရှိ ခဲမဖြူ အဖြိုက်နက်မှောင်ခိုဈေးကွက်သို့တင်ပို့မှု များပြုလုပ်၍ရောင်းချကြသည်။ မြန်မာပြည်မှထွက်ရှိသော ခဲမဖြူ အဖြိုက်နက်အများစု၏ ၉၄% ရာခိုင်နှုန်းခန့် သည် တရုတ်နိုင်ငံယူနန်ခရိုင်ဒေသသို့ရောက်ရှိပြီး ထိုမှတဆင့်ကုန်ချောအဖြစ်ပြုပြင်မွမ်းမံ၍ တရုတ်နိုင်ငံ၏ ကမ္ဘာ့ဈေးကွက်အသီးသီးသို့တင်ပို့ကြသည်။ ယူနန်ခရိုင်ဒေသသည် တရုတ်နိုင်ငံအတွက်လိုအပ်သော ခဲမဖြူ အများဆုံးထုတ်ယူပေးသောဒေသတစ်ခုအဖြစ်သာမက ကမ္ဘာ့ခဲမဖြူဈေးကွက်သို့ ခဲမဖြူအများဆုံး တင်ပို့သော ဒေသတစ်ခုလည်းဖြစ်ပါသည်။

Worldatlas ဝက်ဆိုက်ဒ်တွင်ဖော်ပြထားချက်အရ မြန်မာနိုင်ငံသည် [Ref:5] ၂၀၁၄ခုနှစ်တွင် ကမ္ဘာ့နိုင်ငံများအနက် ခဲမဖြူထုတ်လုပ်မှုတွင် အဆင့်နံပါတ်(၆)နေရာ၌တည်ရှိနေပြီး မက်ထရစ်တန်ချိန်(၁၁၀၀၀)ထုတ်ယူခဲ့ကြောင်း ဖော်ပြထားပါသည်။ အဖြိုက်နက်ထုတ်ယူသုံးစွဲမှုနှင့်ပတ်သက်၍လည်း မြန်မာနိုင်ငံသည် [Ref:6] ၂၀၁၃ ခုနှစ်တွင်

ကမ္ဘာ့နိုင်ငံများအနက် အဖြိုက်နက်ထုတ်ယူမှုအဆင့်(၁၃)တွင်တည်ရှိပြီး ပျှမ်းမျှတန်ချိန်(၁၄၀၀၀)ထုတ်လုပ်သည်ဟု ဖော်ပြထားပါသည်။ ခနောက်စိမ်းထုတ်ယူမှုနှင့်ပတ်သက်၍လည်း[Ref:7] မြန်မာနိုင်ငံသည် ၂၀၁၂ ခုနှစ်တွင် မက်ထရစ်တန်ချိန်(၃၀၀၀) ခန့်ထုတ်ယူခဲ့၍ ၂၀၁၇ ခုနှစ်တွင် မက်ထရစ်တန်ချိန် (၉၀၀၀)အထိထုတ်ယူခဲ့ပြီး ကမ္ဘာ့အဆင့်(၇)တွင်တည်ရှိနေသည်ကို Stastista ဝက်ဆိုက်ဒ်တွင်ဖော်ပြထားရှိသည်ကိုတွေ့ရှိရပါသည်။ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ဝက်ဆိုက်ဒ်တွင်ဖော်ပြထားချက်အရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၏ ဒုတိယအကြိမ်မြောက် သတ္တုအရောင်း အိတ်ဖွင့်တင်ဒါအောင်မြင်သောကုမ္ပဏီ အဖြစ်ဗီယက်နမ်၊ စင်္ကာပူနှင့် တရုတ်နိုင်ငံရှိ စုစုပေါင်းကုမ္ပဏီ(၃)ခုမှ ခဲမဖြူအဖြိုက်နက်မက်ထရစ်တန်(၂၃၀)ကျော်တင်ဒါအောင်မြင်ခဲ့သည်ဟု ဖော်ပြထားပါသည်။ ထို့ကြောင့် ကယား(ကရင်နီ)ပြည်မှ ထွက်ရှိသောခဲမဖြူအဖြိုက်နက်သတ္တုများအထဲမှ ရာခိုင်နှုန်းမည်မျှသည် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းသို့ပြန်လည်ရောက်ရှိပြီး ပမာဏမည်မျှသည်တရားမဝင်မှောင်ခိုဈေးကွက်မှတစ်ဆင့်ပြင်ပသို့ရောက်ရှိသည်ကိုသိရှိရန် ခက်ခဲလှပါသည်။ နောက်ဆုံးရရှိသော မှတ်တမ်းများအရ [Ref:9] ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလအတွင်း တရုတ်နိုင်ငံသို့တင်သွင်းသော ခဲမဖြူတန်ချိန် (၁၉၅၆၁) အနက်မှ (၁၉၄၈၆)တန်သည် မြန်မာနိုင်ငံမှတင်သွင်းလာခြင်းဖြစ်ပြီး ဇန်နဝါရီလအတွင်းတရုတ်နိုင်ငံသို့ တင်သွင်းလာသော ခဲမဖြူတန်ချိန်၏ပမာဏတစ်ဝက်ကျော်ခန့်လျော့နည်းနေသေးကြောင်းကို International Tin Association ၏ဝက်ဆိုက်ဒ်တွင် ဖော်ပြထားပါသည်။

သတ္တုကုန်ကြမ်းများ၏စီးဆင်းမှုလမ်းကြောင်းဖြစ်စဉ်အဆင့်ဆင့်




မှီငြမ်းချက်။ ။

Ref:5 https://www.worldatlas.com/articles/leading-tin-producing-countries-in-the-world.html

Ref:6 United States Geological Survey (USGS) Minerals Resources Program (https://www.indexmundi.com/minerals/? product=tungsten)

Ref:7 https: //www.statista.com/statistics/264958/antimony-production/

Ref:8 http://www.mining.gov. mm/ME-2_mm/1.ME-2_mm/1.ME-2_ mm_Menu_1240/Tender%20Succcess.jpg

Ref:9 http://www. internationaltin .org/china-ore-imports-fall-sharply-in-february/

## ၆။ ကယား(ကရင်နီ)ပြည်ရှိ သတ္တုထုတ်လုပ်မှုကဏ္ဍ၏ပွင့်လင်းမြင်သာမှု၊ တာဝန်ယူတာဝန်ခံမှု၊ သဘာဝပတ်ဝန်းကျင်နှင့်လူ့အခွင့်အရေးအပေါ် သို့သက်ရောက်မှုများ

ကယား(ကရင်နီ)ပြည်၏သတ္တုတူးဖော်လုပ်မှုလုပ်ငန်းသည် သတ္တုတွင်းဦးစီးဌာန၏ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းလက်အောက်တွင်တည်ရှိသော လုပ်ငန်းတစ်ခုဖြစ်သည်။ သို့သော်လည်း ဤကဏ္ဍနှင့်ပတ်သက်သော သတင်းအချက်အလက်များကို အများပြည်သူများကျယ်ကျယ်ပြန့်ပြန့် လက်လှမ်းမီရရှိသုံးစွဲနိုင်မှုကို ကန့်သတ်ထားခြင်းခံနေရဆဲဖြစ်သည်။ ထို့အပြင်သတ္တုတူးဖော်ထုတ်ယူမှုလုပ်ငန်းများသည် လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးချိုးဖောက်မှုများနှင့် ထိခိုက်မှုများဖြစ်ပေါ်စေသောလုပ်ငန်းတစ်ခုလည်း ဖြစ်သည်။ သို့သော်လည်းသတ္တုတူးဖော်ထုတ်လုပ်ခြင်းကြောင့် အကျိုးဆက်ဖြစ်ပေါ်လာသော လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်သက်ရောက်မှုများအတွက် ၄င်းလုပ်ငန်းတွင်ပါဝင်ပတ်သက်လုပ်ဆောင်နေသော လူပုဂ္ဂိုလ်များ၊ ကုမ္ပဏီများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ တာဝန်ယူ၊ တာဝန်ခံမှုများမရှိသလောက်ဖြစ်နေသည်ကို တွေ့မြင်နေရပါသည်။ ထို့အပြင် သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းကြောင့် ထိခိုက်ခံစားရသော ဌာနေတိုင်းရင်းသားများ၏အခွင့်အရေးအတွက်လှုပ်ရှားဆောင်ရွက်နေကြသော ဒေသခံပြည်သူများ သာမက ကယား(ကရင်နီ)ပြည်ရှိ လူထုအခြေပြုအရပ်ဖက်အသင်းအဖွဲ့များသည်လည်း သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းတွင်ပါဝင်ပတ်သက်သူများ၏ ကန့်သတ်မှုခံနေရခြင်း၊ အသက်အန္တရာယ်ခြိမ်းခြောက်ခြင်းစသော စိန်ခေါ်မှုများနှင့်လည်းကြုံတွေ့နေရပါသည်။

ကယား(ကရင်နီ)ပြည်၏သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းတွင် သတ္တုတွင်းဌာနထံမှခွင့်ပြုချက်များရယူ၍ အသေးစားနှင့်အကြီးစားသတ္တုတူးဖော်ထုတ်ယူခြင်းလုပ်ကိုင်သောကုမ္ပဏီများ၊ အဖွဲ့အစည်းများရှိသကဲ့သို့ ဒေသခံပြည်သူများ၏တစ်နိုင်တစ်ပိုင်သတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ဆောင်ခြင်းများလည်း ရှိနေကြပါသည်။ ပြည်ထောင်စုအဆင့်နှင့်ပြည်နယ်အဆင့် သတ္တုတွင်းဦးစီးဌာနကဲ့သို့သော အစိုးရအဖွဲ့အစည်းများအနေဖြင့် ကယား(ကရင်နီ)ပြည်ရှိ သတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းတွင် ပါဝင်ပတ်သက်သော ကုမ္ပဏီများအပေါ် ထိန်းချုပ်နိုင်ရန်အတွက်လည်း အကန့်အသတ်များရှိနေပါသည်။ ထို့အပြင် သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းလုပ်ကိုင်ရန်အတွက်လည်း ခွင့်ပြုမိန့်များချပေးရာတွင် ပွင့်လင်းမြင်သာမှုမရှိဘဲ ငွေကြေးအရသော်လည်းကောင်း၊ အခွင့်အာဏာအရသော်လည်းကောင်း၊ နောက်ခံထောက်ပံ့မှုအားကောင်းသော ကုမ္ပဏီများသာလျှင်သတ္တုတူးဖော်ထုတ်လုပ်ခွင့်အတွက် အခွင့်အရေးများရရှိကြပါသည်။ ထို့အပြင် သတ္တုတွင်းဥပဒေ၏အားနည်းမှုကြောင့်သော်လည်းကောင်း၊ တရားဥပဒေစိုးမိုးမှုအားနည်းမှုကြောင့်သော်လည်းကောင်း၊ နိုင်ငံရေးအခြေအနေမတည်ငြိမ်မှုကြောင့်သော်လည်းကောင်း၊ လုပ်ပိုင်ခွင့်ရရှိသောကုမ္ပဏီများ၊ ပါဝင်ပတ်သက်သောအဖွဲ့အစည်းများသည် မိမိတို့၏အကျိုးအမြတ်အတွက် ဒေသခံပြည်သူများ၏လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးများထိခိုက်မှုများကို တာဝန်ယူ၊ တာဝန်ခံမှုမရှိဘဲလုပ်ဆောင်နေကြပါသည်။

မော်ချီး ခဲမဖြူ၊ အဖြိုက်နက်သတ္တုရှာဖွေ၊ စမ်းသပ်၊ တူးဖော်ထုတ်လုပ်မှုလုပ်ငန်းလုပ်ကိုင်ရန် အသေးစားလုပ်ငန်းအတွက်သော်လည်းကောင်း၊ အကြီးစားလုပ်ငန်းအတွက်သော်လည်းကောင်း လုပ်ပိုင်ခွင့်များကိုလျှောက်ထားရာတွင် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းသို့လျှောက်ထားရပြီး သတ်မှတ်လုပ်ငန်းစဉ်များအတိုင်း လျှောက်ထားကြရသည်။ ထိုသို့လုပ်ပိုင်ခွင့်များကိုရရှိရန်အတွက်ဆောင်ရွက်ရာတွင် သတ်မှတ်ထားသောထောက်ခံစာများနှင့်သက်ဆိုင်ရာဌာနအဖွဲ့အစည်း၏ သဘောထားမှတ်ချက်များပါတင်ပြရန်လိုအပ်သည်။ ထိုအထဲတွင်သက်ဆိုင်

ရာကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အနည်းဆုံးကျေးရွာသူ/သား(၁၀)ဦးတို့၏ ထောက်ခံချက်ကိုပါပူးတွဲ တင်ပြရန်လိုအပ်သည်။ သို့သော်လည်း ဤအဆင့်တွင်ကုမ္ပဏီများ၏ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အနည်းဆုံးကျေးရွာသူ/သား(၁၀)ဦး၏ ထောက်ခံချက်လက်မှတ်ကိုရရှိရန်ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာစွာလုပ်ဆောင်ခြင်းမရှိဘဲ မိမိတို့နှင့်အကျိုးစီးပွားလုပ်ဆောင်သောသူများ၏ သဘောထားကိုရယူ၍လည်းကောင်း၊ စီမံကိန်းနှင့်ပတ်သက်ပြီးသိရှိနားလည်မှုနည်းသော ဒေသခံများကိုစည်းရုံး၍သော်လည်းကောင်း ထောက်ခံမှုရယူခြင်းကိုလုပ်ဆောင်ကြပါသည်။ ထိုကဲ့သို့သောကုမ္ပဏီများ၏ သက်ဆိုင်ရာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်အနည်းဆုံးကျေးရွာသူ/သား(၁၀)ဦး၏ ထောက်ခံချက်ရယူခြင်းနှင့်စပ်လျဉ်း၍ မော်ချီးဒေသခံတစ်ဦးမှ၎င်း၏အမြင်သဘောထားကိုဖော်ပြရာတွင်

" ဒီလို ပတ်ဝန်းကျင်အပေါ်ဆိုးကျိုးသက်ရောက်မှုအများကြီးရှိနိုင်တဲ့ သတ္တုစီမံကိန်းလုပ်ဖို့အတွက်ကို လူ ၄-၅ ဆယ်ယောက်ရဲ့သဘောတူညီချက်နဲ့ထောက်ခံချက်ရယူတယ်ဆိုတာ မဖြစ်သင့်တဲ့ကိစ္စပါ။ ကျနော်တို့ကိုယ်တိုင်လည်းဘာမှမသိရဘဲ စီမံကိန်းလာလုပ်တော့မှဘဲ သိရတယ်။ ဒီလိုကျနော်တို့ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုအကြီးကြီးဖြစ်နိုင်တဲ့ စီမံကိန်းလုပ်တာနဲ့ပတ်သက်ပြီး ကျနော်တို့သိခွင့်ရှိရမယ်၊ အခုက ရွာသူကြီးပဲသိတယ်။ ပြီးတော့သူကသူ့ဆွေမျိုးအသိုင်းအဝိုင်းထဲကလူတစ်ချို့နဲ့သူ့ကိုထောက်ခံတဲ့လူတစ်ချို့ရဲ့ထောက်ခံချက်ကိုရယူသွားတာမျိုးဖြစ်နေတယ်။ တစ်ကယ်လို့ဆိုးကျိုးတွေဖြစ်လာရင် ကျနော်တို့တစ်ရွာလုံးခံစားရမှာ။ ဒါကြောင့် ကျနော်တို့အားလုံးရဲ့ သဘောထားဆန္ဒနဲ့သဘောတူညီချက်တွေကိုအရင်ဆုံးရယူသင့်တယ်"ဟု ပြောကြားသွားခဲ့ပါသည်။

သတ္တုရှာဖွေ၊ စမ်းသပ်၊ တူးဖော်ထုတ်လုပ်ခွင့်နှင့်လုပ်ကွက်များချပေးရာတွင်လည်း သက်ဆိုင်ရာမြေသည်မြေပိုင်ရှင်များ၊ မြေလက်ဝယ်ရရှိထားသောသူ၏ သဘောတူညီချက်ကိုရယူရမည်ဟုဖော်ပြထားသော်လည်း သတ္တုရှာဖွေ၊ စမ်းသပ်၊ တူးဖော်ထုတ်လုပ်သည့်ကုမ္ပဏီများသည် ဒေသခံများနှင့်ညှိနှိုင်းသည့်ဖြစ်စဉ်များသည် ပွင့်လင်းမြင်သာမှုမရှိဘဲ တစ်ဖက်သတ်ဖိအားပေးလုပ်ဆောင်နေကြသည်။ ထို့အပြင် လုပ်ငန်းကိုဆောင်ရွက်နေကြသည့် ကုမ္ပဏီများ၏ လုပ်ကွက်နေရာများသည် ခွင့်ပြုမြေလုပ်ထုံးလုပ်နည်းများနှင့်အညီ ကိုက်ညီမှုမရှိဘဲ ဒေသခံပြည်သူများပိုင်ဆိုင်သော နှစ်ရှည်ဥယျာဉ်ခြံများ၊ ထိန်းသိမ်းကာကွယ်ထားသောသစ်တောများ၊ တောင်ယာမြေများအပေါ်တွင်ကျရောက်လျက်ရှိနေပြီး အချို့လုပ်ကွက်နေရာများသည် သတ္တုတွင်းဥပဒေအရ ကန့်သတ် သတ်မှတ်ထားသော အနည်းဆုံးမီတာအကွာအဝေး အတွင်းတွင်တည်ရှိနေကြသည်။ သတ္တုရှာဖွေ၊ စမ်းသပ်၊ တူးဖော်ခွင့်များလုပ်ဆောင်နေသောကုမ္ပဏီများအနေဖြင့် သတ္တုလုပ်ကွက်ပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများအား လွတ်လပ်သောကြိုတင်အသိပေးအကြောင်းကြားသဘောတူညီခြင်းလုပ်ထုံးလုပ်နည်းများကို မကျင့်သုံးကြဘဲ ပွင့်လင်းမြင်သာမှုမရှိသောလုပ်ငန်းများဖြစ်နေကြပါသည်။ ဒေသခံပြည်သူများအနေဖြင့် သတ္တုရှာဖွေ၊ စမ်းသပ်၊ တူးဖော်ခြင်းစီမံကိန်းနှင့်ပတ်သက်သော သတင်းအချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့်လက်ခံနိုင်ရန်ကန့်သတ်မှုများနှင့်ကြုံတွေ့ရပြီး ကုမ္ပဏီများမှသက်တမ်းတိုးဆောင်ရွက်ခြင်း အကြောင်းအရာများနှင့်ပတ်သက်သောသတင်းအချက်အလက်များကို လက်လှမ်းမှီနိုင်ခြင်းမရှိကြပါ။ ထို့အပြင် စီမံကိန်းတွင် ပါဝင်ပတ်သက်သောသူများ၏အကြောင်းအရာများနှင့်ပတ်သက်၍လည်း လက်လှမ်းမှီနိုင်ခြင်းမရှိကြဘဲ ဖြစ်နေရပါသည်။

သတ္တုရှာဖွေ၊ စမ်းသပ်၊ တူးဖော်ထုတ်လုပ်မှုလုပ်ငန်းများကြောင့် ၄င်းလုပ်ငန်းတွင်ပါဝင်ပတ်သက်သောသူများ၊ ကုမ္ပဏီများနှင့်စီးပွားရေးလုပ်ငန်းရှင်များအတွက် အကျိုးများစွာဖြစ်ထွန်းစေသော်လည်း ဒေသခံပြည်သူများ၊ နှင့်ဌာနေတိုင်းရင်းသားများ၏ သဘာဝဝန်းကျင်ဆိုင်ရာအခွင့်အရေးများထိခိုက်ဆုံးရှုံးခြင်း၊ သဘာဝအရင်း အမြစ်များထိခိုက်ဆုံးရှုံးခြင်း၊ လူ့အခွင့်အရေးဆိုင်ရာအခွင့်အရေးများဆုံးရှုံးခြင်းနှင့် လူမှုစီးပွားဆိုင်ရာအခွင့် အရေးများစွာကို ထိခိုက်ပျက်ဆီးစေပါသည်။ သဘာဝဝန်းကျင်ဆိုင်ရာပျက်ဆီးဆုံးရှုံးခြင်းများနှင့်စပ်လျဉ်း၍ သတ္တုတူးဖော်မှုလုပ်ငန်းလုပ်ဆောင်ခြင်းကြောင့် ထိုဒေသရှိဒေသခံပြည်သူများ၊ ဌာနေတိုင်းရင်းသားများ ထိန်း သိမ်းကာကွယ်လာသော သစ်တောအရင်းအမြစ်များဆုံးရှုံးခြင်းများဖြစ်စေရုံသာမက သတ္တုတူးဖော်ထုတ်လုပ်မှု လုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သောသစ်အရင်းအမြစ်များကို အခြားသောဒေသများမှတင်သွင်းခြင်းဖြင့် လည်း ထိုဒေသရှိသစ်တောအရင်းအမြစ်များကိုပါ ထိခိုက်ပျက်ဆီးစေပါသည်။ ထို့အပြင် သတ္တုတူးဖော်ထုတ် လုပ်ခြင်းလုပ်ငန်းများကိုလုပ်ဆောင်ရာတွင် နည်းစနစ်တကျလုပ်ဆောင်မှုမရှိခြင်း၊ စွန့်ပစ်မြေဇာများနှင့်အညစ် အကြေးများကိုမြစ်ချောင်းအတွင်းသို့စွန့်ပစ်ခြင်းကြောင့် ရေအရင်းအမြစ်များပျက်ဆီးခြင်းဖြစ်စေရုံသာမက ရေ နေသတ္တဝါများကိုပါထိခိုက်ပျက်ဆီးစေပါသည်။ အချို့သောကုမ္ပဏီများသည် သတ္တုတူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဒေသခံပြည်သူတို့၏စိုက်ပျိုးခြံများ၊ အထွဋ်အမြတ်ထားရာဒေသများကိုပျက်ဆီးစေရုံမျှ သာမက ထိုသို့သောအကျိုးဆက်များအတွက်လည်း တာဝန်ယူ၊ တာဝန်ခံမှုများလည်းမရှိကြပါ။ သတ္တုတူးဖော် ထုတ်လုပ်မှုလုပ်ငန်းကြောင့် သဘာဝပတ်ဝန်းကျင်ပျက်ဆီးရခြင်းနှင့်စပ်လျဉ်း၍ ခနောက်စိမ်းသတ္တုတူးဖော် ထုတ်လုပ်မှုလုပ်ငန်းတည်ရှိရာဒေသရှိ ဒေသခံတစ်ဦးမှ

" *အစတုန်းကသူတို့က ကျေးရွာကသတ်မှတ်ထားတဲ့နေရာမှာဘဲတူးဖို့သဘောတူကြတယ်လေ။ ဒါပေမယ့် နောက်ပိုင်းကျတော့ သူတို့ကအဲဒီသတ်မှတ်ထားတဲ့နေရာကိုကျော်ပြီး ကျနော်တို့ကျေးရွာကထိန်းသိမ်းထား တဲ့သစ်တောမြေအပြင်၊ သချိုင်းမြေတွေအပေါ်မှာလည်းလာတူးကြတယ်။ သစ်တောတွေလည်းပျက်ဆီးသွား တယ်၊ ဒါတွေမကဘူး ကျနော်တို့ ဘိုးဘွားတွေကတည်းက အထွဋ်အမြတ်ထားလာတဲ့နေရာတွေလည်းပျက်ဆီး သွားတာပေါ့၊ ကျနော်တို့ကတော့ သူတို့ကိုဆက်မလုပ်စေချင်တော့ဘူး၊ ကြာလာရင်ကျနော်တို့မြေတွေ အကုန် ကုန်သွားတော့မှာ*" ဟုပြောကြားသွားပါသည်။

သတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ဆောင်နေသော ကုမ္ပဏီများအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု များနှင့်စပ်လျဉ်း၍ တိကျသောတုံ့ပြန်မှုအစီအစဉ်များချမှတ်ရေးဆွဲထားခြင်းမရှိဘဲ သတ္တုတူးဖော်ထုတ်လုပ်ခြင်း ကြောင့်ဖြစ်ပေါ်လာသော ထိခိုက်မှုများနှင့်ပတ်သက်၍ သတင်းအချက်အလက်များကိုအများပြည်သူများလက်ခံ သိရှိနိုင်ရန်အတွက် ကျယ်ကျယ်ပြန့်ပြန့်ထုတ်ပြန်မှုများမရှိသည်ကိုတွေ့ရှိရသည်။ သတ္တုတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများကိုလုပ်ကိုင်ခွင့်ရရှိသောကုမ္ပဏီများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များစနစ်တကျရေးဆွဲ ထားခြင်းမရှိဘဲ ထိခိုက်မှုများဖြစ်ပေါ်လာမှသာလျှင် သင့်လျော်သလိုသာဖြေရှင်းနေကြသည်။ ထို့အပြင် သတ္တု တူးဖော်ထုတ်လုပ်သောကုမ္ပဏီများ၏ စီးပွားရေးအကျိုးအမြတ်တစ်ခုတည်းကိုသာအာရုံစိုက်၍ စက်ယန္တရား ကြီးများဖြင့်အသုံးပြုထုတ်လုပ်ခြင်း၊ သတ္တုများကိုအလွန်အကျွံထုတ်ယူသုံးစွဲခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းမှုစည်းမျဉ်းစည်းကမ်းများ၏စည်းကြပ်မှုအားနည်းခြင်းစသည်တို့ကြောင့် သတ္တုတွင်းတည်ရှိရာဒေသရှိ သဘာဝပတ်ဝန်းကျင်များကို ပျက်ဆီးဆုံးရှုံးမှုပိုမိုဖြစ်ပွားစေပါသည်။ ထို့အပြင် ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ သတ္တုခွဲခြားသန့်စင်စက်ရုံမှထွက်ရှိလာသော စွန့်ပစ်အရည်များကို ဘီလူးချောင်းထဲသို့စွန့်ပစ်မှုကြောင့် ၂၀၁၅

ခုနစ်တွင် မထောခုကျေးရွာရှိဒေသခံများ၏ တိုင်ကြားမှုများကြောင့် သက်ဆိုင်ရာအုပ်ချုပ်ရေး တာဝန်ရှိသူများမှ သွားရောက်စစ်ဆေးမှုများရှိခဲ့ပါသည်။ ထို့အပြင် [Ref:10] ၂၀၁၆ခုနှစ်၊ မေလအတွင်း လှိုင်ကော်မြို့၊ နွားလပိုး ကျေးရွာအုပ်စုအတွင်းရှိ၊ စက်မှုဇုန်ရပ်ကွက်တွင်လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုပိုင်ဆိုင်သော ခနောက်စိမ်း သန့်စင်စက်ရုံမှညစ်ညမ်းစွန့်ပစ်ရည်များစွန့်ပစ်မှုကြောင့် အနံ့ဆိုးများထွက်ရှိမှုကို ပတ်ဝန်းကျင်ရှိဒေသခံများမှ တိုင်ကြားမှုကြောင့် တာဝန်ရှိသူများမှသွားရောက်စစ်ဆေးပြီး စက်ရုံပိတ်သိမ်းသည်အထိ ဖြစ်ခဲ့ရပါသည်။

သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများကြောင့် သတ္တုလုပ်ကွက်တည်ရှိရာဒေသများမှ ဒေသခံပြည်သူလူထု များအနေဖြင့် သဘာဝပတ်ဝန်းကျင်ပျက်ဆီးမှုနှင့်ရင်ဆိုင်နေရသည့်အပြင် ၎င်းတို့နှင့်ဆက်စပ်သော လူ့အခွင့် အရေးဆိုင်ရာချိုးဖောက်မှုများနှင့်လည်းရင်ဆိုင်ကြုံတွေ့ကြရပါသည်။ သတ္တုတွင်းဝန်ကြီးဌာနမှ သတ္တုလုပ်ငန်း လုပ်ကိုင်ခွင့်ပြုမှုနှင့်စပ်လျဉ်း၍ ဒေသခံပြည်သူများအနေဖြင့် ကြိုတင်အသိပေးအကြောင်းကြားခြင်းများမခံရရုံ သာမကၡ၎င်းတို့၏ဆန္ဒသဘောထားများသည်လည်းလစ်လျူရှုခံနေကြရပါသည်။ ထို့အပြင်သတ္တုတူးဖော်ထုတ် ယူနေသောကုမ္ပဏီများ၏လုပ်ကွက်များသည် ဒေသခံပြည်သူတို့၏နေအိမ်များ၊ အများပြည်သူနှင့်သက်ဆိုင် သော အဆောက်အဦးများ၊ တောင်ယာမြေများ၊ နစ်ရည်ခြံများ၊ သစ်တောမြေများ စသောဒေသများအတွင်း တွင်ကျရောက်လျက်ရှိပြီး သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများကြောင့်ထိခိုက်ပျက်ဆီးမှုများအတွက်ထိရောက် မှုတသောနစ်နာကြေး၊ လျော်ကြေးများကိုခံစားခွင့်မရှိဘဲ ဖြစ်နေရပါသည်။ ထိုသို့ဒေသခံပြည်သူများ၏ နစ်နာ မှုများအတွက် အခွင့်အရေးများတောင်းဆိုလှုပ်ရှားဦးဆောင်မှုပြုသောဒေသခံများသည်လည်းကန့်သတ်ခြင်း များ၊ ခြိမ်းခြောက်မှုများစသည်တို့နှင့်ကြုံတွေ့နေကြရပါသည်။ ဒေသခံပြည်သူများအနေဖြင့် မိမိတို့ရင်ဆိုင် နေရသောလူ့အခွင့်အရေးချိုးဖောက်မှုများနှင့်စပ်လျဉ်း၍ လွတ်လပ်စွာဖော်ထုတ်မှု၊ တိုင်းကြားမှုများပြုလုပ်လို သော်လည်း မိမိတို့အတွက်လုံခြုံရေးအာမခံမှုမရှိခြင်း၊ သတ္တုလုပ်ကွက်တည်ရှိရာဒေသများသည် ဆက်သွယ် ရေးအရအလှမ်းဝေးခြင်းနှင့် ထိုချိုးဖောက်မှုတွင်ပါဝင်ပတ်သက်သူများ၏ အင်အားကြီးမားလွန်းခြင်းစသော အကြောင်းများကြောင့် မိမိတို့ရင်ဆိုင်နေရသောလူ့အခွင့်အရေးချိုးဖောက်မှုများကိုဖော်ထုတ်နိုင်ခြင်းမရှိဘဲ ခံစား နေရပါသည်။ သတ္တုတွင်းဦးစီးဌာနလက်အောက်ရှိ သက်ဆိုင်ရာသတ္တုတွင်းလုပ်ငန်းများသည် သတ္တု စမ်းသပ်၊ တူးဖော်၊ ထုတ်လုပ်ခြင်းများနှင့်ပတ်သက်ပြီးခွင့်ပြုချက်များပေးရာတွင် အဓိကတာဝန်ရှိသောဌာနအဖွဲ့အစည်း တစ်ခုဖြစ်ပြီး သတ္တုရှာဖွေ၊ စမ်းသပ်၊ ထုတ်လုပ်မှုလုပ်ငန်းများ၏အကျိုးဆက်များနှင့်စပ်လျဉ်း၍ အပြည့်အဝ တာဝန်ယူမှုတာဝန်ခံမှုရှိရန်လိုအပ်သည်။ ထို့ကြောင့် သတ္တုရှာဖွေ၊ စမ်းသပ်၊ တူးဖော်မှုလုပ်ငန်းများနှင့်စပ်လျဉ်း ၍ လုပ်ပိုင်ခွင့်မပြုမီတွင် သေချာစွာစိစစ်ခြင်းများကိုပြုလုပ်သင့်သည်။ အဘယ်ကြောင့်ဆိုသော် သတ္တု ရှာဖွေ၊ စမ်းသပ်၊ တူးဖော်ထုတ်လုပ်ခြင်းကိုလုပ်ကိုင်ရန်အတွက် ကုမ္ပဏီများသည်သတ်မှတ်ထားသော စည်းမျဉ်း စည်းကမ်းများကို မသမာသောနည်းများအသုံးပြု၍ လုပ်ကိုင်ခွင့်များကို လျှောက်ထားမှုများရှိနေသောကြောင့် ဖြစ်သည်။ ထို့အပြင်သတ္တုရှာဖွေ၊ စမ်းသပ်၊ ထုတ်လုပ်ခြင်းလုပ်ငန်းများကို လုပ်ဆောင်နေသောကုမ္ပဏီများ၏ လုပ်ဆောင်မှုများကြောင့် ဖြစ်ပေါ်လာသောအကျိုးဆက်များအပေါ် သက်ဆိုင်ရာအဆင့်အလိုက် တာဝန်ယူမှု၊ တာဝန်ခံမှုအလွန်အားနည်းလျက်ရှိနေသည်။ ထို့အပြင် လုပ်ကိုင်ခွင့်ရရှိသောကုမ္ပဏီများအပေါ်သို့ ၎င်းတို့လိုက် နာရမည့်တာဝန်ဝတ္တရားများ၊ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ဝတ္တရားများနှင့် စပ်လျဉ်း၍လည်း ဖိအား ပေးမှုများ၊ စည်းကြပ်ခြင်းများအားနည်းလျက်ရှိနေပါသည်။

မှီငြမ်းချက်။ ။

Ref:10 https://web.facebook.com/elevenbroadcasting/videos/1726902624232881/

ထို့အပြင်သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများတွင်ပါဝင်ပတ်သက်သော ကုမ္ပဏီများ၊ အဖွဲ့အစည်းများသည် မိမိတို့လုပ်ဆောင်မှုလုပ်ရပ်များကြောင့်ဖြစ်ပေါ်လာသော လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးချိုးဖောက်မှုများ၏အကျိုးဆက်များနှင့်စပ်လျဥ်း၍ တာဝန်ယူ၊ တာဝန်ခံမှုကင်းမဲ့လျက်ရှိနေပြီး မိမိတို့ဖြည့်ဆည်းရမည့်သဘောတူညီချက်များကိုလည်း အကောင်အထည်ဖော်ရန်အားနည်းလျက်ရှိနေသည်။ ထိုသို့ သတ္တုတွင်းလုပ်ငန်းနှင့်ကုမ္ပဏီများ၏ တာဝန်ယူ၊ တာဝန်ခံမှုများ မရှိခြင်းနှင့်စပ်လျဥ်း၍ ဒေသခံများ၏သတ္တုဆိုင်ရာအခွင့်အရေးနှင့်ပတ်သက်ပြီး ပါဝင်လုပ်ဆောင်နေသော ဒေသခံတစ်ဦးမှ -

*" အရင်စစ်အစိုးရခေတ်တုန်းက ပြည်သူတွေကိုဘာမှအသိမပေးဘဲ လုပ်ချင်ရာလုပ်ခဲ့တယ်။ အခုအစိုးရလက်ထက်မှာလည်း ဘာမှတိုးတက်ပြောင်းလဲမှုမရှိသေးဘူး။ ကုမ္ပဏီတွေက သူတို့လုပ်ပိုင်ခွင့်တွေရရှိဖို့ အတွက် မသမာတဲ့နည်းတွေ၊ ကလိမ်ကကျစ်နည်းတွေသုံးနေကြတုန်းပဲ။ သတ္တုတူးဖော်တဲ့ကုမ္ပဏီတွေကြောင့် ဖြစ်တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ သဘာဝပတ်ဝန်းကျင်ပျက်ဆီးမှုတွေကိုလည်း ဘာမှတာဝန်မယူကြဘူး။ စီမံကိန်းမလုပ်ခင်ကတော့ ဒီစီမံကိန်းဘယ်လောက်ကောင်းတယ်ပြောကြတယ်။ ဘာလုပ်ပေးမယ်ဆိုပြီးပြောကြတယ်။ တစ်ကယ်ဖြစ်လာတော့ ဘာမှတာဝန်မယူကြဘူး "* ဟုပြောကြားသွားပါသည်။

လက်ရှိတွင်လည်း မော်ချီးဒေသ ထိုးမူခီးလုပ်ကွက်တွင် အဖွင့်တူးစနစ်ဖြင့် ခဲများကိုကြီးမားစွာထုတ်ယူနေမှုများရှိနေပြီး တရုတ်လူမျိုးများ၏ပါဝင်ပတ်သက်မှုအများဆုံးဖြစ်သောလုပ်ကွက်တစ်ခုဖြစ်သည်။ ထိုလုပ်ကွက်အတွင်းတွင်အလုပ်လုပ်ရန်ခေါ်ယူထားသောအလုပ်သမားများသည် ဒေသခံများထဲမှမဟုတ်ဘဲ အခြားသောဒေသမှခေါ်ယူလာ၍ထိုသတ္တုတူးဖော်မှုလုပ်ငန်းတွင်လုပ်ကိုင်နေကြပါသည်။ ထိုလုပ်ကွက်ရှိရာသို့ ပြင်ပမှသူများသာမကဒေသခံများပင်လျှင် သွားရောက်ရန်တင်းကြပ်စွာပိတ်ပင်ကန့်သတ်ထားမှုများရှိနေသည်။ ထိုသတ္တုတူးဖော်ထုတ်လုပ်သည့်လုပ်ကွက်သို့သွားရောက်ရန်အတွက် လက်နက်ကိုင်များစောင့်ကြပ်သည့် လုံခြုံရေးဂိတ်များကိုဖြတ်ကျော်သွားရောက်ရန်လိုအပ်ပြီး ထိုလုံခြုံရေးဂိတ်မှတာဝန်ရှိသူများ၏ခွင့်ပြုချက်ရရှိမှသာ ဆက်လက်သွားလာနိုင်ခွင့်ရှိသည်။ ထိုသတ္တုလုပ်ကွက်များတွင် နေ့ရောညပါသတ္တုတူးဖော်နေမှုများရှိနေကြပြီး တရုတ်လူမျိုးများကိုယ်တိုင်ဦးစီး၍သတ္တုတူးဖော်ထုတ်လုပ်နေကြသည်။ ထိုသတ္တုလုပ်ငန်းခွင်သို့ရောက်ရှိခဲ့သော ဒေသခံတစ်ဦး၏ပြောကြားချက်အရ

*" ကျနော်တို့ကြားတာကတော့ အဖွဲ့အစည်းတစ်ခုကနေ အဲဒီမြေကိုပိုင်တဲ့သူတွေဆီကနေဝယ်ပြီးတော့ တရုတ်တွေနဲ့ပူးပေါင်းပြီးခဲထုတ်နေကြတာလို့သိရတယ်။ အဖွဲ့အစည်းတွေကို သူတို့ပိုက်ဆံသိန်းထောင်နဲ့ချီပြီးပေးရတယ်လို့ကြားတယ်။ ပြီးတော့အဖွဲ့အစည်းက သူတို့လုံခြုံရေးအတွက်ပြန်ပြီးတာဝန်ယူပေးတာတို့၊ အဲဒီသတ္တုလုပ်ကွက်ကိုအပြင်လူတွေဝင်ပြီးသတင်းရယူတာတို့၊ ဓာတ်ပုံရယူတာတွေမလုပ်နိုင်ဖို့စောင့်ကြည့်ထားတာမျိုးပြန်လုပ်ပေးရတယ်၊ ပြီးတာ့အဆောက်အဦးတွေလည်းအများကြီးတည်ဆောက်တာတွေ့ရတယ်၊ မြေတူးစက်တွေ၊ ယန္တရားကြီးတွေလည်းအများကြီးဘဲ"* ဟုပြောကြားသွားခဲ့ပါသည်။ ထို့ကြောင့် ထိုသတ္တုလုပ်ကွက်နှင့်သက်ဆိုင်သောသတင်းအလက်များသည် ဒေသခံပြည်သူများပင်လျှင် ထဲထဲဝင်ဝင်သိရှိနိုင်ခြင်းမရှိဘဲ ကန့်သတ်ထားခြင်းခံနေရဆဲဖြစ်ပါသည်။



သတ္တုတူးဖော်မှုလုပ်ငန်းကြောင့်ပျက်ဆီးသွားသော ခဲမဖြူကျေးရွာအနီးရှိ မိုလိုချောင်းတစ်နေရာ



ခဲမဖြူ၊ အဖြိုက်နက်သတ္တုအဖွင့်တူးမိုင်းလုပ်ဆောင်နေသောသတ္တုလုပ်ကွက်တစ်နေရာ

## ၇။ နိုင်ငံအတွင်းရှိ သတ္တုကဏ္ဍနှင့်ဆက်နွယ်သက်ဆိုင်သော ဥပဒေများ

မြန်မာနိုင်ငံ၏ သတ္တုကဏ္ဍနှင့်သက်ဆိုင်သောသတ္တုရှာဖွေ၊ စမ်းသပ်၊ ထုတ်လုပ်ခြင်းများနှင့်ပတ်သက်ပြီး ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းများသည် နိုင်ငံတော်မှပြဋ္ဌာန်းထားသော ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများကိုလိုက်နာရမည့်အပြင် နိုင်ငံတော်မှလည်း သတ္တုလုပ်ငန်းများနှင့်ပတ်သက်ပြီး ဒေသခံပြည်သူများအားထိခိုက်နစ်နာမှုများမရှိစေရန်နှင့် ကာကွယ်စောင့်ရှောက်ခြင်းများပြုရန်အတွက်တာဝန်ရှိသည်။ သို့သော်လည်း သတ္တုကဏ္ဍနှင့်သက်ဆိုင်သောဥပဒေများ၊ လုပ်ထုံးလုပ်နည်းများသည်လည်း ဒေသခံပြည်သူများအား သတ္တုလုပ်ငန်းကြောင့်ထိခိုက်မှုများမှအကာအကွယ်ပေးရန်အားနည်းလျက်ရှိနေသေးသည့် အပြင် စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများအားအခွင့်အရေးပေးသကဲ့သို့ဖြစ်နေသည်။

၂၀၁၂ခုနှစ်တွင်ပြဋ္ဌာန်းလိုက်သော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲမှုဥပဒေတွင်လည်း ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းအပါအဝင် လုပ်ငန်းအမျိုးအစား(၄)မျိုးကိုလုပ်ကိုင်နိုင်ရန်အတွက် ခွင့်ပြုထားသည်ကို တွေ့ရှိရပါသည်။ သို့သော်လည်း မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများဟူ၍ သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ တိုင်းရင်းသားဒေသရှိ ဒေသခံပြည်သူများ၊ ဌာနေတိုင်းရင်းသားများ၏မြေကိုတရားဝင်ရယူနိုင်ရန်အတွက် လုပ်ဆောင်နေခြင်းပင်ဖြစ်ပါသည်။ ထိုကဲ့သို့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများဟူ၍ သတ်မှတ်သောမြေများသည် ဌာနေတိုင်းရင်းသားများ ဘိုးဘွားစဉ်ဆက်ထိန်းသိမ်းလာခဲ့သောစိုက်ပျိုးမြေများ၊ သစ်တောမြေများ၊ အလှည့်ကျအနားပေးတောင်ယာမြေများနှင့် ၄င်းတို့၏ဓလေ့အရစီမံခန့်ခွဲနေသောမြေများအပေါ်တွင်ဖြစ်သည်။ ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေအရ နိုင်ငံတစ်ဝှမ်းရှိလယ်ယာမြေများသည် အစိုးရထံမှတရားဝင်မှတ်ပုံတင်ခြင်းများလုပ်ဆောင်ရန်အတွက်လိုအပ်လာသည်။ အစိုးရထံမှလယ်ယာမြေမှတ်ပုံတင်ခြင်းပြုလုပ်ထားမှသာလျှင် မြေနှင့်ပတ်သက်သောအငြင်းပွားမှုများဖြစ်လျှင် တရားရေးအရတရားဝင်အကျိုးအမြတ်ခံစားခွင့်များရှိနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲမှုဥပဒေအရ လုပ်ပိုင်ခွင့်ရရှိသောအဖွဲ့အစည်းများသည် တစ်ကြိမ်လျှင် ဧက(၅၀၀၀)မှ အကြိမ်ကြိမ် ဧက(၅၀၀၀၀)ထိရရှိနိုင်ပြီး ပျှမ်းမျှအားဖြင့် နှစ်ပေါင်း(၃၀) လုပ်ကိုင်ပိုင်ခွင့်ပြုထားပါသည်။ ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် သတ္တုတွင်းဦးစီးဌာန၏ သတ်မှတ်ထားသောဥပဒေများအရ နှစ်ကာလညှိနှိုင်း၍လုပ်ကိုင်နိုင်ခွင့်ရှိသည်။ ထိုသို့အစိုးရထံမှ တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသေးသောမြေများကို မြေလွတ်၊ မြေလပ်၊ မြေရိုင်းများဟူ၍သတ်မှတ်ခြင်းနှင့် ထိုသို့သောမြေများပေါ်တွင် စီးပွားရေးလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်ချပေးခြင်းများသည် စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက်ရည်ရွယ်သော်လည်း အခြားတစ်ဘက်တွင် ဌာနေတိုင်းရင်းသားများ၊ ဒေသခံပြည်သူများပိုင်ဆိုင်သောမြေနှင့်အရင်းအမြစ်များ၊ ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်များကို အဆုံးသတ်သွားအောင်လုပ်ဆောင်နေခြင်းများပင်ဖြစ်ပါသည်။

၂၀၁၆ခုနှစ်၊ ဇန်နဝါရီလတွင် ပြဋ္ဌာန်းလိုက်သော အမျိုးသားမြေအသုံးချမှုမြေမူဝါဒတွင်လည်း မြေအသုံးချမှုဇုန်များသတ်မှတ်ဆောင်ရွက်ရာတွင် ကူးသန်းရောင်းဝယ်ရေးဇုန်၊ စက်မှုလက်မှုဇုန် သို့မဟုတ် သတ္တုတွင်းမြေဇုန်စသည်တို့ပါဝင်နေပြီး ထိုသို့မြေအသုံးချမှုဇုန်သတ်မှတ်ခြင်းကြောင့် အကျိုးသက်ဆိုင်သူများနစ်နာမှုမရှိစေရေးအတွက် ၄င်းတို့အားအသိပေးခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းများပြုလုပ်ရမည်ဟုဖော်ပြထားပါသည်။ ထိုသို့မြေအသုံးချမှုပြောင်းလဲခြင်းကို ကျေးရွာအုပ်စု သို့မဟုတ် ရပ်ကွက်နှင့်မြို့နယ်များ၏တင်ပြချက်များ အပေါ်အခြေခံ၍ ခရိုင်အတိုင်းအတာတစ်ခုလုံးဖြင့်အဆိုပြုဇုန်များအားပြန်လည်သုံးသပ်၍ သင့်လျော်သလိုအပြီးသတ်ပြင်ဆင်

ဆောင်ရွက်အတည်ပြုသွားမည်ဟုဖော်ပြထားပါသည်။ သို့သော်လည်း အမျိုးသားမြေအသုံးချမှုမူဝါဒပါ အခြေခံမူများကို အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများကို မူဝါဒအတည်ပြုပြီး (၂)နှစ်ကျော်ကာလအထိ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိသေးသည်ကိုတွေ့ရှိရသည်။ ဤအမျိုးသားမြေအသုံးချမှုမူဝါဒသည် ဒေသခံပြည်သူများ၊ လုပ်ကွက်ငယ်တောင်သူများနှင့် ဌာနေတိုင်းရင်းသားများ၏မြေယာအခွင့်အရေးကို လုံလောက်သောအကာအကွယ်ပေးမှုများအားနည်းလျက်ရှိနေပါသေးသည်။ သို့သော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရဦးဆောင်သော ဒီမိုကရက်တစ်အစိုးရလက်ထက်တွင် မြေနှင့်သက်ဆိုင်သည့် အချို့သော ဥပဒေများကိုပြင်ဆင်ခြင်းများပြုလုပ်ခဲ့သော်လည်း အမျိုးသားမြေအသုံးချမှုမူဝါဒကိုအခြေခံ၍ ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ခြင်းမရှိသေးသည်ကိုတွေ့ရှိရပါသည်။

၁၉၉၄ခုနှစ်တွင်ပြဋ္ဌာန်းလိုက်သော သတ္တုတွင်းဥပဒေတွင်လည်း သတ္တုရှာဖွေ၊ စမ်းသပ်၊ ထုတ်လုပ်ခြင်းလုပ်ငန်းများကိုလုပ်ကိုင်ရန်အတွက် ခွင့်ပြုမည့်သတ္တုလုပ်ကွက်သည် သစ်တောရေးရာဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုအောက်တွင်တည်ရှိသော ကြိုးဝိုင်း သို့မဟုတ် ကြိုးပြင်ဧရိယာအတွင်းတွင်ကျရောက်နေပါက သက်ဆိုင်ရာဝန်ကြီးဌာနဖြင့် ညှိနှိုင်း၍သဘောတူညီချက်ရရှိလျှင် သတ္တုရှာဖွေ၊ စမ်းသပ်၊ ထုတ်လုပ်ခြင်း လုပ်ငန်းများကိုလုပ်ဆောင်နိုင်သည်။ ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလတွင်ပြဋ္ဌာန်းလိုက်သော သတ္တုတွင်းနည်းဥပဒေတွင် သတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန်အတွက် အကြီးစားဓာတ်သတ္တုလုပ်ကွက်အတွက် (၁)စတုရန်းကီလိုမီတာမှ (၂၁၀၀)စတုရန်းကီလိုမီတာ(၂၄၇.၁ ဧကမှ ၅၁၈၉၂၀ ဧက)ထိ၊ အလတ်စားဓာတ်သတ္တုလုပ်ကွက်အတွက်(၁)စတုရန်းကီလိုမီတာ(၂၄၇.၁)ဧကနှင့် အသေးစားဓာတ်သတ္တုလုပ်ကွက်အတွက်(၂၀)ဧကထိခွင့်ပြုနိုင်ကြောင်းကိုဖော်ပြထားသည်။ ယခင်ဥပဒေတွင် အကြီးစားနှင့်အလတ်စား သတ္တုလုပ်ကိုင်ခွင့်များအတွက်သာခွင့်ပြုထားသော်လည်း ယခုဥပဒေသစ်တွင် အကြီးစားနှင့်အသေးစားတို့အပြင် အလတ်စားသတ္တုတူးဖော်ထုတ်လုပ်ခွင့်အတွက်လည်းခွင့်ပြုနိုင်ရန်အတွက်လည်းပါရှိသည်ကိုတွေ့ရှိရပါသည်။ ထို့အပြင်သတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကိုလုပ်ဆောင်ရန်အတွက် လုပ်ပိုင်ခွင့်များကိုတောင်းခံရာတွင် သတ်မှတ်ထားသောစည်းမျဉ်းများဖြစ်သည့် လူနေထိုင်ရာဒေသအတွင်းတွင် ကျရောက်မှုရှိ/မရှိအတွက်သော်လည်းကောင်း၊ စီမံကိန်းဧရိယာသတ်မှတ်ဆောင်ရွက်ခြင်းများပြုရာတွင်လည်းကောင်း၊ မြေနှင့်ရေကိုသုံးစွဲခွင့်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာမြေကိုစိုက်ပျိုးလုပ်ကိုင်ခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင် ခွင့်ရှိသောပုဂ္ဂိုလ် သို့မဟုတ် လူ့အဖွဲ့အစည်းများနှင့်ညှိနှိုင်း သဘောတူညီမှုရရှိပြီးမှသာ ဓာတ်သတ္တုထုတ်လုပ်ခြင်းကိုလုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်ဟု သတ္တုတွင်းဥပဒေတွင်ဖော်ပြထားသော်လည်း သတ္တုတူးဖော်ထုတ်လုပ်သည့်လုပ်ငန်းတွင်ပါဝင်လုပ်ဆောင်သောသူများသည် အထက်ပါအချက်များကိုလစ်လျူရှု၍လုပ်ဆောင်နေကြသည်။ သတ္တုထုတ်လုပ်ခွင့်များကိုခွင့်ပြုချက်များထုတ်ပေးနေသော လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းသည်လည်း သတ္တုတူးဖော်ထုတ်လုပ်သည့်သူများနှင့်ပူးပေါင်း၍ ဥပဒေပါစည်းကမ်းသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်မှုအားနည်းလျက်ရှိနေပါသည်။ ထို့အပြင်သတ္တု တွင်းဥပဒေပါစည်းကမ်းသတ်မှတ်ချက်များသည် အလွန်အားနည်းလျက်ရှိနေပြီး သတ္တုတူးဖော်ထုတ်လုပ်ခြင်းကို လုပ်ဆောင်မည့်စီးပွားရေးလုပ်ငန်းများအား မျက်နှာသာပေးထားသည်ကိုတွေ့ရှိရပါသည်။

၂၀၁၂ခုနှစ်၊ မတ်လ(၃၀)တွင်ပြဋ္ဌာန်းလိုက်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေတွင် နိုင်ငံ၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ စနစ်တကျဆောင်ရွက်နိုင်ရန်၊ သဘာဝအရင်းအမြစ်များလျော့နည်းဆုံးရှုံးမှုကိုတားဆီးရေးနှင့် စဉ်ဆက်မပြတ်အကျိုးရှိစွာအသုံးချနိုင်ရေး

အတွက်စီမံဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းများသတ်မှတ်ရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်ဘက်စုံစောင့်ကြပ်ကြည့်ရှုရေးစနစ်များသတ်မှတ်ရန် စသောအချက်များထည့်သွင်းဖော်ပြထားပါသည်။ ထိုဥပဒေနှင့်ဆက်စပ်၍ ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ(၂၉)တွင်ပြဋ္ဌာန်းလိုက်သော ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာဆန်းစစ်ခြင်းလုပ်ထုံးလုပ်နည်းတွင် လုပ်ငန်းအမျိုးအစားအပေါ်မူတည်၍ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များရေးဆွဲခြင်းစသည်တို့ကို ပြုလုပ်ရန်လိုအပ်သည်ဟုဖော်ပြထားသည်။ ထိုသို့လုပ်ဆောင်ရန်အတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းစဉ်များအတိုင်းလိုက်နာဆောင်ရွက်ရန်လိုအပ်သည်ဟုဖော်ပြထားသော်လည်း ကယား(ကရင်နီ)ပြည်ရှိ သတ္တုတူးဖော်ထုတ်လုပ်မှုတွင်ပါဝင်ပတ်သက်သော သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့်သော်လည်းကောင်း၊ အကြီးစားနှင့် အသေးစားသတ္တုတူးဖော်ထုတ်လုပ်ခွင့်ကိုလုပ်ကိုင်နေကြသော ကုမ္ပဏီများအနေဖြင့်လည်း ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာဆန်းစစ်ခြင်းလုပ်ငန်းစဉ်များအတိုင်းလုပ်ဆောင်ရန် အလွန်အားနည်းလျက်ရှိနေပါသည်။ ကနဦးပတ်ဝန်းကျင်ထိခိုက်ဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းများကိုလုပ်ဆောင်သော ကုမ္ပဏီများ၏ လုပ်ငန်းစဉ်များသည် ပွင့်လင်းမြင်သာမှုမရှိဘဲ ဒေသခံပြည်သူများသိရှိအောင်ထုတ်ဖော်လုပ်ဆောင်ခြင်းများမရှိသည်ကိုတွေ့ရှိရပါသည်။

သတ္တုတွင်းလုပ်ငန်းကိုလုပ်ဆောင်ခွင့်ရရန်အတွက် အဆိုပြုသောလူပုဂ္ဂိုလ်နှင့်အဖွဲ့စည်းများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနသို့ လျှောက်လွှာများတင်ရပြီး ကနဦးပတ်ဝန်းကျင်စစ်ဆေးချက် ( Initial Environmental Examination - IEE)၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment -EIA)၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(Environmental Management Plans - EMP) ဆောင်ရွက်ရန်လိုမလိုပေါ်မူတည်ပြီး လိုင်စင်ရရေးအတွက်လျှောက်ထားခြင်း များပြုရပါသည်။ အကယ်၍ IEE, EIA နှင့်EMP လုပ်ငန်းများလုပ်ဆောင်ရန်လိုအပ်ပါက IEE, EIA နှင့်EMP လုပ်ဆောင်ရန်အတွက် သင့်လျော်သောအဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်များကိုရွေးချယ်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏ လက်ခံနိုင်မှုရှိမရှိ ကိုဆုံးဖြတ်ချက်ခံယူကြရပါသည်။ အကယ်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနမှလက်ခံနိုင်မှုမရှိပါက သင့်လျော်သောလူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများကို ပြန်လည်ရွေးချယ်၍ တဖန်တင်ပြမှုကိုပြုလုပ်ရမည်ဖြစ်ပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနမှ IEE, EIA နှင့်EMP ပြုလုပ်မည့်လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများကို လက်ခံအတည်ပြုပြီးပါက သတ္တုတွင်းလုပ်ငန်းကိုလုပ်ဆောင်ခွင့်ရရန်အဆိုပြုသော လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် IEE, EIA နှင့် EMP အစီရင်ခံစာများကိုပြုစုပြီးနောက် ပြုစုသောအစီရင်ခံစာနှင့်ပတ်သက်ပြီး အများပြည်သူသိရှိအောင်ဖော်ထုတ်ခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနသို့တင်ပြခြင်းများကိုပြုလုပ်ကြရပါသည်။ ထို့နောက်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနသည်တင်ပြလာသော အစီရင်ခံစာအားသုံးသပ်ခြင်းကိုပြုလုပ်ပြီး အကယ်၍ကျေနပ်မှုမရှိပါက ပြန်လည်ပြင်ဆင်တင်ပြစေခြင်းများကိုဆောင်ရွက်စေပြီး အကယ်၍ကျေနပ်မှုရှိပါကအတည်ပြုခြင်းကိုပြုလုပ်သည်။ ထိုသို့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနအတည်ပြုခြင်းဆုံးဖြတ်ချက်ကို အများပြည်သူသိရှိအောင်ဖော်ထုတ်ခြင်းပြုလုပ်ကြရပြီး အတည်ပြုပြီးပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ထုတ်ပေးခြင်းကိုလည်း အများပြည်သူသိရှိအောင်ဖော်ထုတ်ခြင်းကိုပြုကြရပါသည်။

၂၀၁၆ခုနှစ် တွင်အတည်ပြုပြဌာန်းလိုက်သော ရင်းနှီးမြှုပ်နှံမှုဥပဒေတွင်လည်း နိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအားတည်ဆဲဥပဒေများနှင့်အညီ မြေနှင့်အဆောက်အဦးများကိုနှစ်ရှည်ငှားရမ်းခွင့်၊ ရင်းနှီးမြှုပ်နှံမှုခွင့်ပြုထားသောအဆောက်အဦးများကို သတ်မှတ်ချက်များနှင့်အညီငှားရမ်းခွင့်ပြုထားပြီး ယင်းသက်တမ်းများကုန်ဆုံးပါကလည်း သက်တမ်းတိုးခွင့်(၁၀)နှစ်နှင့်ယင်းသက်တမ်းကုန်ဆုံးပြီးထပ်မံ၍ (၁၀)နှစ်သက်တမ်းတိုးမြှင့်ခွင့်ကို ခွင့်ပြုထားပါသည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများသတ်မှတ်ခြင်း၊ တားမြစ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသတ်မှတ်ခြင်း၊ ကန့်သတ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသတ်မှတ်ခြင်းဆောင်ရွက်ရာတွင် ကျယ်ပြန့်သောအဓိပ္ပါယ်ဖွင့်ဆိုချက်များဖြင့် လုပ်ဆောင်နေမှုများရှိနေပါသည်။ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဖွဲ့စည်းခြင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များသတ်မှတ်ရာတွင်လည်း ကော်မရှင်အဖွဲ့တွင် မိမိတို့၏လုပ်ပိုင်ခွင့်ထက်ကျော်လွန်ခြင်းနှင့်လုပ်ပိုင်ခွင့်ကိုအလွဲသုံးစားပြုလုပ်ခြင်းများနှင့်ပတ်သက်၍သော်လည်းကောင်း ထိရောက်သောအရေးယူဆောင်ရွက်နိုင်ခြင်းများကိုထည့်သွင်းထားခြင်းများ မရှိသည်ကိုလည်းတွေ့ရှိရပါသည်။ ထို့အတူ ရင်းနှီးမြှုပ်နှံသူများအားကင်းလွတ်ခွင့်နှင့်သက်သာခွင့်များပေးထားခြင်းများသည် တစ်ဘက်တွင်၎င်းတို့အားဖိတ်ခေါ်သကဲ့သို့ဖြစ်နေသော်လည်း အခြားတစ်ဘက်တွင် ထိုအထူးအခွင့်အရေးများအားဖြင့် ဒေသခံပြည်သူများတို့၏လူမှုစီးပွား၊ သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုများဖြစ်စေနိုင်ပါသည်။ အလုပ်သမားနှင့်အမှုထမ်းများခန့်အပ်ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံသားများအားအကြီးတန်းစီမံခန့်ခွဲမှုအဆင့်တွင်ခန့်အပ်ရာတွင်လည်းကောင်း၊ အလုပ်သမားများ၏လူမှုဖူလုံရေးနှင့်စပ်လျဉ်း၍ အခွင့်အရေးများအပြည့်အဝရရှိရေးအတွက်သော်လည်းကောင်း ရင်းနှီးမြှုပ်နှံသူများမှဆောင်ရွက်ရမည်ဟုဆိုထားသော်လည်း ထိုလုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍အကောင်အထည်ဖော်မှုကိုစောင့်ကြည့်စိစစ်သည့် ယန္တရားများသော်လည်းကောင်း၊ အလုပ်သမားအသင်းအဖွဲ့များလွတ်လပ်စွာဖွဲ့စည်းခွင့်နှင့်လွတ်လပ်သောအသင်းအဖွဲ့များမှ၎င်းတို့၏အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းများအတွက် ကူညီဆောင်ရွက်ခွင့်များကိုသော်လည်းကောင်း ကန့်သတ်ထားမှုများရှိနေဆဲဖြစ်သည်။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ တာဝန်ယူ၊ တာဝန်ခံမှုရှိသော စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန်၊ လူ့အရင်းအမြစ်များဖွံ့ဖြိုးလာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများပေါ်ပေါက်လာစေရန်၊ နိုင်ငံတကာစံနှုန်းနှင့်ညီသောစီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများပေါ်ထွန်းလာစေရန်စသောရည်ရွယ်ချက်များထက် ရင်းနှီးမြှုပ်နှံသူများနှင့်၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အကာအကွယ်ပေးနိုင်ရန်အတွက်ပို၍ရည်ရွယ်လုပ်ဆောင်နေမှုများဖြစ်နေသည်ကို တွေ့ရှိရပါသည်။

*" လူကြီးမင်းတို့အနေနဲ့ ကျနော်တို့ကိုဒီလိုလုပ်ပေးဖို့လိုအပ်လိမ့်မယ်။ ဝင်လာတဲ့ ကုမ္ပဏီဘယ်နှစ်ခုရှိသလဲဆိုတာကိုချပြ၊ ပြီးရင်ကျနော်တို့ဒေသခံတွေခွင့်ပြုမယ်ဆိုရင်မှဘဲခွင့်ပြုပေးဖို့ဒါမျိုးလေးတွေလုပ်ပေးဖို့လိုအပ်တယ် "*

၂၀၁၈ခုနှစ်၊ ဇူလိုင်လအတွင်း လွတ်တော်ဥက္ကဌမှမော်ချီးဒေသခံလူထုနှင့်တွေ့ဆုံစဉ်
ဒေသခံတစ်ဦး၏ပြောကြားချက်

## ၈။ နိုင်ငံတကာရှိ လူ့အခွင့်အရေးနှင့်စီးပွားရေးဆိုင်ရာယန္တရားများကိုအကောင်အထည်ဖော်ဆောင်ရွက်ခြင်း

မြန်မာနိုင်ငံအစိုးရသည်လည်း နိုင်ငံများအားလုံးကဲ့သို့ပင် နိုင်ငံသားများ၏လူ့အခွင့်အရေးအပြည့်အဝရရှိခံစားစေနိုင်ရန်အတွက် ကာကွယ်မှုပေးရန်လိုအပ်ပါသည်။ ထို့အပြင် ကယား(ကရင်နီ)ပြည်အတွင်းတွင် လာရောက်ရင်းနှီးမြုပ်နှံမှုပြုကြသောစီးပွားရေးလုပ်ငန်းများသည် အထူးသဖြင့်ဌာနေတိုင်းရင်းသားများ၏ တည်ရှိရာဒေသများတွင်လာရောက်လုပ်ကိုင်ကြသောလုပ်ငန်းများဖြစ်သည်နှင့်အညီ ထိုသို့သောရင်းနှီးမြုပ်နှံမှုလုပ်ငန်းကြောင့်ဒေသခံပြည်သူများ၊ ဌာနေတိုင်းရင်းသားများကို နိုင်ငံရှိဥပဒေများနှင့်အညီသာမက နိုင်ငံတကာရှိလူ့အခွင့်အရေးနှင့်စီးပွားရေးဆိုင်ရာယန္တရားများနှင့်လည်းအကာအကွယ်ပေးရန်လိုအပ်သည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံသားများ၊ ဒေသခံပြည်သူများ၊ ဌာနေတိုင်းရင်းသားများအား ရင်းနှီးမြုပ်နှံမှုလုပ်ငန်းများကြောင့် ထိုသူတို့၏ လူ့အခွင့်အရေးများထိခိုက်နစ်နာမှုများမရှိစေရန်အတွက် အကာအကွယ်ပေးရန်၊ ထိခိုက်နစ်နာ မှုများအတွက်ပြန်လည်ကုစားမှုများပြုလုပ်နိုင်ရန်နှင့် တာဝန်ယူတာဝန်ခံမှုရှိသောစီးပွားရေးလုပ်ငန်းများဖြစ်ရန်အတွက် ထိရောက်သောကြီးကြပ်ခြင်းများ၊ စည်းမျဉ်းနှင့်လုပ်ထုံးလုပ်နည်းများချမှတ်ခြင်းများ၊ အရေးယူဆောင်ရွက်ခြင်းများကိုလုပ်ဆောင်ရန်လိုအပ်သည်။

မြန်မာနိုင်ငံသည်ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ၂၀၀၇ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ၌အတည်ပြုလိုက်သော ကုလသမဂ္ဂ၏ ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာကြေငြာစာတမ်း (United Nation Decalaration on the Rights of Indigenous Peoples - UNDRIP) ပါအချက်အလက်များကိုလိုက်နာအကောင်အထည်ဖော်ရန်လိုအပ်သည်။ UNDRIP သည် ဌာနေတိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးအတွက်အာမခံချက်များပါဝင်သော အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးညွှန်ကြားချက်တစ်ခုပင်ဖြစ်သည်။ အစိုးရအနေဖြင့် ဌာနေတိုင်းရင်းသားများ၏ မွေးရာပါအခွင့်အရေးများအားအသိအမှတ်ပြုခြင်းနှင့်၎င်းတို့၏အခွင့်အရေးများကို တာဝန်သိစိတ်ဖြင့်လေးစားလိုက်နာစေခြင်းဖြစ်သည်။ ဤကြေငြာစာတမ်းတွင်ဌာနေတိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့်ကိုယ်ပိုင်စီမံအုပ်ချုပ်ပိုင်ခွင့်၊ ကြိုတင်အသိပေးခြင်း၊ လွတ်လပ်စွာသတင်းအချက်အလက်ရယူပြီး လွတ်လပ်စွာသဘောတူပိုင်ခွင့်၊ ဓလေ့ထုံးတမ်းဥပဒေများကိုအသိအမှတ်ပြုခွင့်၊ ၎င်းတို့၏မြေ၊ အရင်းအမြစ်နှင့်နယ်နိမိတ်များကို အုပ်ချုပ်စီမံပိုင်ဆိုင်ခွင့်၊ ဖွံ့ဖြိုးရေးအစီအစဉ်များဆောင်ရွက်ရာတွင် ၎င်းတို့၏ဆုံးဖြတ်ပိုင်ခွင့်များပါဝင်ချမှတ်နိုင်ခွင့်၊ ၎င်းတို့၏ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများအပြည့်အဝခံစားခွင့်နှင့်ဌာနေတိုင်းရင်းသားများသည် လူ့အခွင့်အရေးဆိုင်ရာအခွင့်အရေးများကိုအပြည့်အဝခံစားခွင့်ရှိသည်စသည်ဖြင့် ဖော်ပြထားပါသည်။ ကုလသမဂ္ဂ၏ ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာကြေငြာစာတမ်းတွင် ဌာနေတိုင်းရင်းသားများသည် ၎င်းတို့၏ မြေ၊ နယ်နိမိတ်နှင့်အရင်းအမြစ်ဆိုင်ရာအခွင့်အရေးများနှင့်ပတ်သက်၍ လွတ်လပ်စွာစီမံခန့်ခွဲခွင့်၊ အသုံးချခွင့်နှင့် နိုင်ငံတော်မှလည်း ၎င်းတို့ကိုအကာအကွယ်ပေးရန် ကြေငြာစာတမ်းအပိုဒ်(၃၂)တွင် အောက်ပါအတိုင်းဖော်ပြထားပါသည်။

အပိုဒ် ၃၂(က) ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိလယ်ယာမြေများနှင့်သဘာဝသယံဇာတပစ္စည်းများကို ဖွံ့ဖြိုးတိုးတက်ရေးလွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်၊ သုံးစွဲပိုင်ခွင့်ရှိသည်။

(ခ) နိုင်ငံများအနေဖြင့် ဌာနေတိုင်းရင်းသားလူမျိုးများပိုင်ဆိုင်သောလယ်ယာမြေများနှင့်သဘာဝ သယံဇာတပစ္စည်းများကို နိုင်ငံ၏ဖွံ့ဖြိုးရေးစီမံကိန်းများလုပ်ဆောင်လိုပါက ဌာနေတိုင်းရင်းသား လူမျိုးများနှင့်ညှိနှိုင်းရမည်။

(ဂ) နိုင်ငံများအနေဖြင့် ဌာနေတိုင်းရင်းသားလူမျိုးများပိုင်ဆိုင်သော လယ်ယာမြေများပေါ်တွင် ဖွံ့ဖြိုး ရေးစီမံကိန်းများလုပ်ဆောင်ခဲ့ပါက ထိရောက်သောလုပ်ငန်းယန္တရားများဖြင့် ဌာနေတိုင်းရင်း သားလူမျိုးများအပေါ်စီးပွားရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်ပျက်ဆီးမှုမရှိစေရန်နှင့် ၄င်းတို့ ၏ရိုးရာယဉ်ကျေးမှုအပေါ်ဆိုးရွားသောသက်ရောက်မှုများမရှိစေရန် တာဝန်ယူကာကွယ်ပေးရ မည်။

ထို့အပြင် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်း၏ ဌာနေမျိုးနွယ်စုဆိုင်ရာသဘောတူညီချက်အမှတ် (၁၆၉) ( International Labour Organization Convention concerning the Indigenous and Tribal Peoples (ILO-C.169 ) တွင်လည်းဌာနေမျိုးနွယ်စုများ၏မြေ၊ မြေနှင့်ဆက်စပ်လျက်ရှိသော သယံဇာတများ၊ အရင်းအမြစ်များကို လွတ်လပ်စွာစီမံခန့်ခွဲခွင့်၊ ထိန်းချုပ်ကာကွယ်ခွင့်များနှင့်ပတ်သက်ပြီး အကာအကွယ်ပေးရန် ဖော်ပြထားပါသည်။

အပိုဒ် ၁၅(၁) ဌာနေတိုင်းရင်းသားများ ၄င်းတို့၏မြေနှင့်သဘာဝအရင်းအမြစ်များကို အသုံးပြုခွင့်၊ စီမံခန့်ခွဲခွင့် နှင့်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခွင့်ကို အထူးအကာအကွယ်ပေးရမည်။

အပိုဒ် ၁၅(၂) နိုင်ငံတော်သည် ဌာနေတိုင်းရင်းတို့ပိုင်ဆိုင်သောမြေနှင့်ဆက်စပ်လျက်ရှိသော သတ္တုတွင်း ထွက် သို့မဟုတ် မြေမျက်နှာသွင်ပြင်ပေါ်ရှိအရင်းအမြစ်များကိုရယူလိုပါက ဌာနေတိုင်းရင်း သားများ၏သဘောထားများကိုရယူနိုင်ရန်အတွက် လုပ်ထုံးလုပ်နည်းများကိုတည်ထောင် ထားရှိ၍ ၄င်းတို့၏အရင်းအမြစ်များကိုထုတ်ယူမှုများ၊ ခွင့်ပြုမိန့်များပေးခြင်းများ၊ လုပ်ဆောင် မည့်လုပ်ငန်းများနှင့်ပတ်သက်၍ ၄င်းတို့၏အမြင်သဘောထားများ၊ စိတ်ဝင်စားမှုများ၊ ဆုံးဖြတ် ချက်များကို ဦးစွာရယူရမည်ဖြစ်သည်။ ထိုလုပ်ငန်းများတွင် ၄င်းတို့ပါဝင်နိုင်ခွင့်နှင့်လုပ်ငန်းများ ကြောင့်ပျက်ဆီးသွားမည့်အရာများအတွက် ထိုက်သင့်သောလျော်ကြေးများကိုရယူခွင့်ရှိစေရ မည်။

အပိုဒ် ၁၆(၂) ဌာနေတိုင်းရင်းသားများအား ၄င်းတို့ပိုင်ဆိုင်သောမြေပေါ်မှ ဖယ်ရှားမှုပြုလုပ်ရန်လိုအပ်လာ လျှင် လွတ်လပ်သော ကြိုတင်အသိပေးအကြောင်းကြားသဘောတူညီမှုရယူခြင်း (Free Prior Informed Consent- FPIC) နည်းလမ်းများကိုအသုံးပြုရန်နှင့် ၄င်းတို့၏သဘောတူညီချက် မရရှိပါက သင့်လျော်သောပြဌာန်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများဖြင့်လုပ်ဆောင်ရန်ဖြစ်ပြီး (လူထုသဘောထားရယူစုံစမ်းပြီး) ထိုပြောင်းရွှေ့မှုအတွက်လိုအပ်သော ထိရောက်မှုရှိမည့် အခွင့်အရေးများ ဖန်တီးပံ့ပိုးပေးရန်ဖြစ်သည်။

*" ဒီမှာလာလုပ်တဲ့ကုမ္ပဏီတိုင်းကျနော်တို့ မော်ချီးဒေသခံဌာနေတိုင်းရင်းသားရဲ့အသံကို နားထောင်မှုအားနည်းကြတယ်။ တာဝန်ယူမှု၊ တာဝန်ခံမှုအားနည်းကြတယ်။ သတ္တုထုတ်ယူမှုကို မထုတ်နဲ့လို့ကျနော်တို့တားလို့ရမှာ မဟုတ်ဘူး။ ဒါပေမယ့် တာဝန်ယူမှု၊ တာဝန်ခံမှုဘယ်လောက်ရှိမလဲ မဟုတ်လား။ EITI တို့ FPIC တို့ကို ကျနော်တို့ကိုယ်တိုင်လေ့လာထားတာရှိတယ်။ နေရာတစ်ခု ဒေသတစ်ခုကို လာပြီဆိုရင် ဒေသခံရဲ့အသံကို ယူပြီးမှ အလုပ်လုပ်ရမယ်။ အခုဒီလိုမရှိဘူး။ သူတို့ဘာပုံစံနဲ့ဝင်ပြီးမှ ကျနော်တို့ ဒေသမှာ ခဲလာလုပ်နေသလဲ ဆိုတာကိုမသိဘူး "*

မြန်မာအစိုးရအနေဖြင့် ဌာနေတိုင်းရင်းသားတို့ပိုင်ဆိုင်၊ သုံးစွဲ၊ စီမံခန့်ခွဲသောမြေနှင့်အရင်းအမြစ်များ အကာအကွယ်ပေးနိုင်ရန်အတွက် ၎င်းတို့အားရှေးဦးစွာကြိုတင်အသိအမှတ်ပြုခြင်းများပြုလုပ်ရန်လိုအပ်သည်။ စီးပွားရေးလုပ်ငန်းများကြောင့်ဖြစ်ပေါ်လာသော လူ့အခွင့်အရေးချိုးဖောက်မှုများကို ကာကွယ်တားဆီးရန်အတွက် လိုအပ်သော တရားစီရင်ခြင်း၊ စီမံအုပ်ချုပ်ခြင်း၊ ဥပဒေပြုခြင်းများကို သင့်လျော်စွာပြုလုပ်ရန်နှင့် စီးပွားရေးလုပ်ငန်းများနှင့်ဆက်နွယ်ပြီးဖြစ်ပေါ်လာသော လူ့အခွင့်အရေးဆိုင်ရာချိုးဖောက်မှုများကို အမှန်တကယ်ထိရောက်မှုရှိသောစုံစမ်းစစ်ဆေးခြင်း၊ အရေးယူဆောင်ရွက်ခြင်းနှင့်ပြန်လည်ကောင်းမွန်အောင်လုပ်ဆောင်နိုင်ရန်အတွက် တာဝန်ယူစေခြင်းများကိုဆောင်ရွက်ရန်လိုအပ်သည်။ ကုလသမဂ္ဂ၏ "**ကာကွယ်ခြင်း၊ လေးစားလိုက်နာခြင်းနှင့် ပြန်လည်ကောင်းမွန်အောင်ပြုပြင်ခြင်းမူဘောင်**" (The UN Guiding Principles on Business and Human Rights) ပါလမ်းညွှန်ချက်များဖြစ်သော လူ့အခွင့်အရေးစောင့်ရှောက်ခြင်း၊ လူ့အခွင့်အရေးလေးစားလိုက်နာစေခြင်းနှင့်ပြန်လည်ကောင်းမွန်အောင်လုပ်ဆောင်ခြင်းအချက်များကို အကောင်အထည်ဖော်ရမည်ဖြစ်သည်။ ထို့အပြင်အခြားသောနိုင်ငံတကာစီးပွားရေးနှင့်လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်ချက်များဖြစ်သော **"John Reggie's Guiding Principles** " အခြေခံအချက်ပါ နိုင်ငံသားများမှ လူ့အခွင့်အရေးအပြည့်အဝခံစားရရှိစေရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများအတွက် နိုင်ငံတော်မှကာကွယ်စောင့်ရှောက်ခြင်း၊ စီးပွားရေးလုပ်ငန်းများအားလေးစားလိုက်နာစေခြင်းနှင့် နစ်နာမှုများအတွက် ပြန်လည်ကုစားခွင့်ရရှိစေရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်သည်။ ထို့အပြင် ကမ္ဘာတစ်ဝှမ်းလုံးနှင့်စက်မှုလုပ်ငန်းများအားလုံး လိုက်နာရန်လိုအပ်သည့် " **Equator Principles** " ပါ အခြေခံစည်းမျဉ်းစည်းကမ်းများကိုလည်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် ပါဝင်ပတ်သက်သောသူများအားလုံး လိုက်နာကျင့်သုံးစေရန်အတွက်လည်း လုပ်ဆောင်ရန်လိုအပ်ပါသည်။

ထို့အပြင်မြန်မာနိုင်ငံသည် သမ္မတဦးသိန်းစိန်အစိုးရလက်ထက် ၂၀၁၄ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ သဘာဝသယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများမှရရှိသော ဝင်ငွေများနှင့်ပွင့်လင်းမြင်သာမှုစံနှုန်းတစ်ခုဖြစ်သော EITI ( Extractive Industry Transparency Initiative) သဘာဝသယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာရေးဆောင်ရွက်မှုကို ဖော်ဆောင်ရန်ကြိုးပမ်းလုပ်ဆောင်ခဲ့သည်။ EITI လုပ်ထုံးလုပ်နည်းများအရ အစိုးရသည် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်နေခြင်းနှင့်အကျင့်ပျက်ချစားမှုကိုတိုက်ဖျက်ခြင်းလုပ်ငန်းများကိုဆောင်ရွက်ရန်နှင့်လုပ်ငန်းလိုင်စင်ချထားပေးခြင်းများနှင့်စာချုပ်ချုပ်ခြင်းဖြစ်စဉ်များအပေါ်တွင်လည်းကောင်း၊ ထုတ်လုပ်မှုဆိုင်ရာကိန်းဂဏန်းများနှင့်ပတ်သက်၍သော်လည်းကောင်း၊ အခွန်ကောက်ခံခြင်းနှင့်ပတ်သက်၍သော်လည်းကောင်း၊ အခွန်ဘဏ္ဍာစီမံခန့်ခွဲခြင်းနှင့်ပတ်သက်၍သော်လည်းကောင်း၊ အသုံးစရိတ်များစီမံခန့်ခွဲခြင်းများနှင့်ပတ်သက်၍သော်လည်းကောင်း ပွင့်လင်းမြင်သာစွာဆောင်ရွက်ရန်လိုအပ်သည်။ ထို့အပြင်

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအနေဖြင့် ၎င်းတို့ပေးဆောင်ရမှုများကိုဖော်ထုတ်ရန်နှင့် နိုင်ငံသားများနှင့်အရပ်ဖက်အဖွဲ့အစည်းများအနေဖြင့် သဘာဝအရင်းအမြစ်တူးဖော်ထုတ်လုပ်မှုနှင့်ပတ်သက်ပြီးသတင်းအချက်အလက်များလက်ခံရရှိခွင့်နှင့်ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်စသည်တို့ဖြစ်သည်။ ထို့ကြောင့် မြန်မာအစိုးရအနေဖြင့် ၎င်းတို့၏သဘောအလျောက် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်သဘောတူထားသည့် နိုင်ငံတကာရှိလူ့အခွင့်အရေးနှင့် စီးပွားရေးဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာယန္တရားများကို ပြည့်မီစွာအကောင်အထည်ဖော်ရန်လိုအပ်သည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၇ခုနှစ်၊ အောက်တိုဘာလ(၆)ရက်နေ့တွင် သဘောတူလက်မှတ်ရေးထိုးလိုက်သော နိုင်ငံတကာစာချုပ်တစ်ခုဖြစ်သော စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီမှုစာချုပ် **International Covenant on Economic, Social and Cultural Rights (ICESCR)** ကိုသဘောတူလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပြီး ထိုစာချုပ်ပါအချက်အလက်များကို နိုင်ငံအတွင်းတွင် နိုင်ငံသားများပြည့်ဝစွာခံစားနိုင်ရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်သည်။ ICESCR တွင် လုံလောက်သောနေထိုင်မှုအဆင့်အတန်းရရှိရေးဟုဆိုရာတွင် လုံလောက်သောစားနပ်ရိက္ခာ၊ သောက်သုံးရေ၊ အဝတ်အထည်နှင့်နေရာထိုင်းခင်းရရှိရေးစသည်တို့နှင့် အခွင့်အရေးဟုဆိုရာတွင်လုံခြုံရေးနှင့်အတင်းအဓမ္မနှင်ထုတ်ခြင်းမှကာကွယ်ရေးစသည်တို့နှင့် ကျန်းမာရေး၊ ပညာရေးဆိုင်ရာအခွင့်အရေးများကို နိုင်ငံသားများအပြည့်အဝခံစားရရှိနိုင်ရေးတို့အတွက် နိုင်ငံတော်မှကာကွယ်စောင့်ရှောက်ရန်လိုအပ်သည်။

မြန်မာအစိုးရအနေဖြင့် အချို့သောနိုင်ငံတကာ လူ့အခွင့်အရေးနှင့်စီးပွားရေးဆိုင်ရာ၊ လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ ပွင့်လင်းမြင်သာမှုဆိုင်ရာသဘောတူညီမှုစာချုပ်များကို လက်မှတ်ရေးထိုးပြီးဖြစ်သော်လည်း ပြည့်ဝစွာအကောင်အထည်ဖော်ရန်နှင့် လက်မှတ်ရေးထိုးထားခြင်းမရှိသေးသော အခြားသောလူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာယန္တရားများကို သဘောတူအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံသားများ၏ လူ့အခွင့်အရေးအပြည့်အဝခံစားရရှိရေးတို့အတွက် နိုင်ငံသားများကိုအမှန်တကယ်အကာအကွယ်ပေးနိုင်မည့်ဥပဒေများပြဋ္ဌာန်းခြင်း၊ စည်းမျဉ်းလုပ်ထုံးလုပ်နည်းများချမှတ်ဆောင်ရွက်ခြင်း၊ လေးစားလိုက်နာအကောင်အထည်ဖော်ခြင်းနှင့် ကြီးကြပ်ဆောင်ရွက်ခြင်းများလုပ်ဆောင်ရန်လိုအပ်ပါသည်။ ထို့အပြင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ထိန်းသိမ်းခြင်းများ၊ ကြီးကြပ်စိစစ်ခြင်းများနှင့် အခြားသောနိုင်ငံဖြတ်ကျော်စီးပွားရေးလုပ်ငန်းများကြောင့်လည်း နိုင်ငံသားများ၏ လူ့အခွင့်အရေးများ မဆုံးရှုံးစေရန်အတွက် စီးပွားရေးလုပ်ငန်းများမှတာဝန်ယူမှု၊ လေးစားလိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှုများကို တိုက်တွန်းဆောင်ရွက်ခြင်းများလုပ်ဆောင်ရန်လိုအပ်ပါသည်။

*" ကျနော်တို့ရဲ့ လက်ထဲမှာ ကိုယ်တိုင်ပြဋ္ဌာန်းခွင့်နဲ့ ကျနော်တို့ပိုင်ဆိုင်တဲ့သယံဇာတအရင်းအမြစ်အပေါ်မှာ လွတ်လပ်စွာစီမံခန့်ခွဲခွင့်အချုပ်အခြာအာဏာတွေရှိရမယ်။"*

## အပိုင်း(၂)

## မော်ချီးခဲမဖြူအဖြိုက်နက်သတ္တုတွင်းအကြောင်း ဖြစ်ရပ်မှန်လေ့လာခြင်း

ဤအစီရင်ခံစာ၏အပိုင်း(၂)တွင် ကယား(ကရင်နီ)ပြည်နယ်အတွင်းရှိသတ္တုထုတ်လုပ်မှုကဏ္ဍအထဲမှ ခဲမဖြူ၊ အဖြိုက်နက်သတ္တုထုတ်ယူမှုလုပ်ငန်းများနှင့်ပတ်သက်ပြီး နှစ်ပေါင်းတစ်ရာကျော် ခဲမဖြူ၊ အဖြိုက်နက် ထုတ်ယူသုံးစွဲခဲ့ပြီးဖြစ်သော မော်ချီးခဲမဖြူအဖြိုက်နက်သတ္တုတွင်းလုပ်ငန်းနှင့်ပတ်သက်သော လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခြေအနေများနှင့်ပတ်သက်ပြီး သုတေသနပြုတွေ့ရှိချက်များကို တင်ပြသွားမည် ဖြစ်ပါသည်။

မော်ချီးခဲမဖြူအဖြိုက်နက်သတ္တုတွင်းသည် ကယားပြည်နယ်၊ ဖားဆောင်းမြို့နယ်၊ မော်ချီးဒေသတွင်တည်ရှိပြီး လွန်ခဲ့သောနှစ်ပေါင်းတစ်ရာကျော်ကတည်းကထုတ်ယူခဲ့သောသတ္တုမိုင်းတစ်ခုဖြစ်သည်။ မော်ချီးဒေသခံများ အနေဖြင့် အင်္ဂလိပ်အစိုးရမှ မော်ချီးသတ္တုမိုင်းကိုစတင်လုပ်ဆောင်ခြင်းမရှိမီကပင် ခဲမဖြူ၊ အဖြိုက်နက် တူးဖော်ရောင်းချခြင်းများကိုပြုလုပ်ခဲ့ပါသည်။ မော်ချီးခဲမဖြူ၊ အဖြိုက်နက်သတ္တုမိုင်းသည် ပထမကမ္ဘာစစ်အတွင်း အင်္ဂလိပ်အစိုးရ၏ ခဲမဖြူအဖြိုက်နက်လိုအပ်မှုများကိုအမြင့်ဆုံးပံ့ပိုးပေးခဲ့သောသတ္တုမိုင်းတစ်ခုဖြစ်ပြီး ထိုစဉ်က ကမ္ဘာပေါ်တွင် ခဲမဖြူ၊ အဖြိုက်နက်သတ္တုအများဆုံးထုတ်လုပ်ခဲ့သော သတ္တုမိုင်းတစ်ခုဖြစ်သည်။ မော်ချီးဒေသသည် "ဒုတိယအင်္ဂလန်လေး" ဟုတင်စားခြင်းခံခဲ့ရပြီး ယနေ့အချိန်ထိ မော်ချီးဒေသတွင် သတ္တုတူးဖော်သည့်လုပ်ငန်းကို ကုမ္ပဏီများ၊ ဒေသခံများအပြင် မြန်မာနိုင်ငံအရပ်ရပ်မှရွှေ့ပြောင်းလုပ်သားများစွာလည်း လာရောက်အလုပ်လုပ်ကိုင်လျက်ရှိသည်။

မော်ချီး ခဲမဖြူ၊ အဖြိုက်နက်သတ္တုတွင်းတည်ရှိရာဒေသသည် မြန်မာနိုင်ငံ၏နှစ်ပေါင်း(၆၀)ကျော်ရင်ဆိုင်ခဲ့ရသည့် ကမ္ဘာ့အရှည်ကြာဆုံးပြည်တွင်းစစ်ဒဏ်ကိုခံခဲ့ရသောဒေသတစ်ခုတွင်အပါအဝင်ဖြစ်ပြီး စီးပွားရေးအရသော်လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးအရသော်လည်းကောင်း ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေလျက်ရှိနေပါသေးသည်။ ထို့အပြင် မော်ချီးသတ္တုတွင်းတည်ရှိရာဒေသသည် မြန်မာအစိုးရ၏ထိန်းချုပ်မှုအောက်တွင်ပိုမိုတည်ရှိပြီး မော်ချီးသတ္တုတွင်းဒေသအချို့အပါအဝင် သတ္တုတွင်းပြင်ပရှိဒေသများသည် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ ထိန်းချုပ်မှုအောက်တွင်ပိုမိုတည်ရှိပါသည်။ ထို့အပြင် မြန်မာအစိုးရနှင့်အပစ်အခတ်ရပ်သဘောတူညီမှုပြုလုပ်ထားသောကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့၊ လက်ရှိတွင်ပြည်သူ့စစ်အသွင်ပြောင်းထားသော (က.မ.စ.ည)၏ အဓိကလှုပ်ရှားသောဒေသတစ်ခုလည်းဖြစ်သည်။ မော်ချီးသတ္တုတွင်းတည်ရှိရာဒေသသည် ကရင်ပြည်နယ်နှင့်ထိစပ်သောဒေသတစ်ခုဖြစ်ပြီး စီးပွားရေးအခွင့်အရေးအရသော်လည်းကောင်း၊ နိုင်ငံရေးအခွင့်အရေးအရသော်လည်းကောင်း ပါဝင်ပတ်သက်သောအဖွဲ့အစည်းများအတွက် အရေးပါသောဒေသတစ်ခုလည်းဖြစ်သည်။

မော်ချီးခဲမဖြူအဖြိုက်နက်သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းသည် ရာစုနှစ်တစ်စုကျော်မျှ ထုတ်ယူခဲ့ပြီးဖြစ်သည်နှင့်အညီ စီမံကိန်း၏အကျိုးဆက်များအနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့်အရင်းအမြစ်များအပေါ်သို့ ထိခိုက်သက်ရောက်မှုများဖြစ်သော မြေပြိုခြင်း၊ သစ်တောများပြုန်းတီးပျက်ဆီးလာခြင်း၊ ရေအရင်းများရှားပါးလာခြင်းနှင့်ပျက်ဆီးလာခြင်း၊ မြစ်ချောင်းများတိမ်ကောပျက်ဆီးလာခြင်း၊ စိုက်ပျိုးခြံများထိခိုက်ပျက်ဆီးမှုများရှိခြင်း

စသော ဆိုးကျိုးသက်ရောက်မှုများနှင့်ကြုံတွေ့နေရပါသည်။ ထို့အပြင် လူ့အခွင့်အရေးဆိုင်ရာထိခိုက်မှုများဖြစ်သော လူနေမှုဘဝလုံခြုံမှုမရှိခြင်း၊ လွတ်လပ်စွာသွားလာခွင့်များပိတ်ပင်တားဆီးမှုများခံရခြင်း၊ အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာအခွင့်အရေးများဆုံးရှုံးခြင်း၊ မိမိတို့စားဝတ်နေရေးအတွက် လွတ်လပ်စွာသတ္တုတူးဖော်ရောင်းချခွင့်အခွင့်အရေး စသောလူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးချိုးဖောက်မှုများကို လက်ရှိအချိန်ထိခံစားနေကြရပါသည်။

မော်ချီးဒေသရှိဌာနေတိုင်းရင်းသားများ၏ရင်ဆိုင်ကြုံတွေ့နေရသော သတ္တုကဏ္ဍဆိုင်ရာအခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ ဤအစီရင်ခံစာတွင်လေ့လာသိရှိခြင်းအားဖြင့် မော်ချီးဒေသတစ်ခုထဲသာမက ကယား(ကရင်နီ)ပြည်၏ သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းတွင်ပါဝင်ပတ်သက်ထိန်းချုပ်သူများ၊ ဒေသခံပြည်သူများ ရင်ဆိုင်နေရသော လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးချိုးဖောက်မှုများနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်သိရှိနိုင်မည်ဖြစ်ပါသည်။



*လယ်ပွာနီ (သို့မဟုတ်) ပေါင်မုန့်တောင်ကို လိုခါးလိုကျေးရွာမှလှမ်းမြင်တွေ့ရပုံ*

## မော်ချီးခဲမဖြူ အဖြိုက်နက်သတ္တုတွင်းတည်ရှိရာဒေသပြမြေပုံ



၁။ စီမံကိန်းအမျိုးအစားနှင့်ပါဝင်ပတ်သက်သူများ

(က) စီမံကိန်းအမည် - မော်ချီးခဲမဖြူ၊ အဖြိုက်နက်သတ္တုတွင်းစီမံကိန်း (မော်ချီးသတ္တုတွင်းစီမံကိန်း)

မော်ချီးသတ္တုတွင်းစီမံကိန်းသည် ခဲမဖြူ၊ အဖြိုက်နက်သတ္တုတူးဖော်ထုတ်ယူသည့် စီမံကိန်းတစ်ခုဖြစ်ပြီး ယခင်က မြေအောက်တူးဖော်သည့် ( Underground Type System) စနစ်ကိုကျင့်သုံးခဲ့ပြီး လက်ရှိတွင်အဖွင့်တူးစနစ် (Open Type System) ကိုပါကျင့်သုံးလာကြသည်။

(ခ) စီမံကိန်းတွင်ပါဝင်ပတ်သက်သောသူများ/ကုမ္ပဏီများ၊ အဖွဲ့အစည်းများ

မော်ချီးခဲမဖြူ၊ အဖြိုက်နက်သတ္တုတွင်းစီမံကိန်း (မော်ချီးသတ္တုတွင်းစီမံကိန်း)တွင် ပါဝင်ပတ်သက်သောသူများမှာ သတ္တုတွင်းဝန်ကြီးဌာနထံမှသတ္တုတူးဖော်ထုတ်လုပ်ခွင့်ရရှိထားသောကုမ္ပဏီများအပြင် ၄င်းတို့နှင့်ဆက်နွယ်လျက်ရှိသော တရုတ်လူမျိုးနိုင်ငံခြားသားများ၊ ဒေသအတွင်းနှင့်အခြားသောဒေသမှလာရောက်လုပ်ကိုင်ကြသည့် ရွှေ့ပြောင်းလုပ်သားများဖြစ်ကြသည်။ မော်ချီးသတ္တုတွင်းစီမံကိန်းတွင် အဓိကပါဝင်ဆောင်ရွက်သော စီးပွားရေးလုပ်ငန်းကုမ္ပဏီများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ကယားပြည်နယ်သတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီလီမိတက်
၂။ ရဲထွဋ်ကျော်သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်း
၃။ လယ်မူခိုကုမ္ပဏီလီမိတက်
၄။ ကယားဌာနီသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်
၅။ ကယားငွေကြယ်ကုမ္ပဏီလီမိတက်
၆။ ကယားရွှေတံခါးသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်
၇။ အခြားသောပုဂ္ဂလိကများနှင့်လုပ်ငန်းအင်အားစုများ

ကယားပြည်နယ်သတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီ ( Kayah State Mining Product Company Limited - KMPC) သည် ၂၀၀၂ခုနှစ်မတိုင်မီတွင် ကယားပြည်နယ်သတ္တုဝယ်ယူရောင်းချရေးအဖွဲ့ ( Kayah State Mining Trading Company Limited - KMTC) အမည်ဖြင့် ၁၉၉၈ခုနှစ်မှ၂၀၀၂ခုနှစ်အထိ ကယားပြည်နယ်သတ္တုဝယ်ယူရောင်းချရေးလုပ်ငန်းများကိုလုပ်ဆောင်ခဲ့သည်။ ၂၀၀၂ခုနှစ်သို့ရောက်မှသာ KMTC မှ KMPC သို့ အမည်ပြောင်းလဲ၍ သတ္တုတွင်းဝန်ကြီးဌာနနှင့်(၁၀)နှစ်သက်တမ်းချုပ်ဆိုကာ သတ္တုတူးဖော်ထုတ်လုပ်မှုကို ဆက်လက်လုပ်ဆောင်ခဲ့သည်။ သို့သော်လည်း ၂၀၀၄ခုနှစ်တွင် KMPC မှ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (ဦးပိုင်) Union of Myanmar Economic Holdings Limited (UMEHL)သို့ သတ္တုတူးဖော်ခွင့်ကိုလွှဲပြောင်း၍ ယနေ့ထိတိုင် ဦးပိုင်၏လက်အောက်ခံကုမ္ပဏီအဖြစ် ဆက်လက်အကောင်အထည်ဖော်ပေးနေသောကုမ္ပဏီတစ်ခုဖြစ်သည်။ မြန်မာစီးပွားရေးဦးပိုင်လီမိတက်သည်[Ref:11]၁၉၉၀ခုနှစ်၊ ဖေဖော်ဝါရီလတွင် မြန်မာ့စစ်တပ်မှ ခေါင်းဆောင်များ တည်ထောင်ထားသော စီးပွားရေးလုပ်ငန်းအင်အားစုတစ်ခုဖြစ်ပြီး စုစုပေါင်းရင်းနှီးမြှပ်နှံမှု၏ (၆၀%)ကို စစ်တပ်မှထိပ်ပိုင်းခေါင်းဆောင်အချို့ပါဝင်ရင်းနှီးမြှုပ်နှံပြီး (၄၀%)ကို မြန်မာ့စစ်တပ်မှပါဝင်ရင်းနှီး

မြုပ်နှံထားသည်။ ၂၀၀၇ ခုနှစ်တွင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သည် လုပ်ငန်းပေါင်း (၇၇)ခု၊ ကုမ္ပဏီခွဲ(၉)ခု နှင့်တွဲဖက်ကုမ္ပဏီ(၇)ခုကို ပိုင်ဆိုင်ထားပြီးဖြစ်သည်။

KMTC နှင့် KMPC တွင်ပါဝင်သောသူများသည် စစ်တပ်မှအရာရှိများ၊ အငြိမ်းစားတပ်မတော်အရာရှိများနှင့် ၎င်းတို့နှင့်ဆက်စပ်သောသူများဖြင့်ဖွဲ့စည်းထားသောလုပ်ငန်းအင်အားစုဖြစ်သည်။ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သည် ၁၉၉၈ခုနှစ်မှစတင်၍ ကယားပြည်နယ်တွင် KMTC အမည်ဖြင့် သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းတွင် ပါဝင်လုပ်ခဲ့ပြီး နောက်ပိုင်းတွင် [Ref:12] အဝေးပြေးယာဉ်လိုင်းများတည်ထောင်ခြင်းလုပ်ငန်း( သန်မြန်သူယာဉ်လိုင်းနှင့်အခြားသောယာဉ်လိုင်း)၊ ကျောက်ပြားထုတ်လုပ်ခြင်းလုပ်ငန်းများတွင်တိုးချဲ့ရင်းနှီးမြှုပ်နှံသောတပ်မတော်ပိုင်စီးပွားရေးလုပ်ငန်းအင်အားစုဖြစ်သည်။ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သည် ကယား(ကရင်နီ)ပြည်၏သတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီအမည်ဖြင့် ကယားပြည်နယ်၏ ခဲမဖြူ အဖြိုက်နက်သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းကိုထိန်းချုပ်ထားသော အကြီးစားသတ္တုတူးဖော်ထုတ်လုပ်ခွင့်ရရှိထားသည့် တစ်ခုတည်းသောကုမ္ပဏီတစ်ခုဖြစ်သည်။ ၂၀၁၄ခုနှစ်မှ၂၀၁၉ခုနှစ်အထိ ခဲသတ္တုတူးဖော်ထုတ်လုပ်ခွင့်(၅)နှစ်သက်တမ်း ထပ်မံရရှိပြီး လက်ရှိတွင်မော်ချီးသတ္တုမိုင်း၏ဧရိယာအကျယ်အဝန်း ၇၀၂၄ ဧက (၂၈.၄၂၅၇ စတုရန်း ကီလိုမီတာ)ပေါ်တွင် အကောင်အထည်ဖော်နေသော စီးပွားရေးလုပ်ငန်းအင်အားစုတစ်ခုဖြစ်သည်။ KMPC ၏လက်ရှိသတ္တုတူးဖော်ထုတ်လုပ်ခွင့်သည် ၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီလတွင်ကုန်ဆုံးမည်ဟုသိရှိရပြီး သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းဆက်လက်လုပ်ဆောင်နိုင်ရန်အတွက် သက်တမ်းတိုးမြင့်ခြင်းလုပ်ငန်းများကိုပြင်ဆင်လျက်ရှိပါသည်။

၂၀၁၇ခုနှစ်မှစတင်၍ KMPC မှဦးဆောင်၍ Level.5 အောက်တွင် သတ္တုလုပ်ငန်းကျင်းသစ်ဖြစ်သော Level.7 မြေအောက်တူးစနစ် (Underground Mine) တစ်ခုကို ယခင် Level.6 သတ္တုကျင်းအဖြစ်အသုံးပြုခဲ့သောနေရာတွင် သတ္တုတူးဖော်လုပ်ရန်အတွက်ပြင်ဆင်ခဲ့ပြီး လက်ရှိတွင်လုပ်ငန်းစတင်လုပ်ဆောင်အကောင်အထည်ဖော်လျက်ရှိပါသည်။ Level.7 ကျင်းတူးဖော်မှုကြောင့် ကျင်းပေါ်ရှိ ယူကော်ခို(ခ)(၁၃)ကုန်းကျေးရွာရှိဒေသခံများသည် မိုင်းခွဲခြင်းကြောင့် တုန်ခါမှုများအတွက် မြေပြိုကျခြင်းများ၊ အဆောက်အဦးပြိုကျခြင်းများ၊ ရေအရင်းအမြစ်များပျောက်ဆုံးသွားမည်ကို စိုးရိမ်ပူပန်မှုများဖြစ်နေပါသည်။ Level.7 သတ္တုကျင်းဖောက်လုပ်မှုလုပ်ငန်းစတင်ချိန်တွင်ပင် ဒေသခံများ၏နေအိမ်များတုန်ခါမှုများ၊ ညအိပ်စဉ်တွင်ပင်လန့်နိုးမှုများနှင့် ကြုံတွေ့နေရပြီးဖြစ်၍ ဤ Level.7 သတ္တုကျင်းကိုနှစ်ရှည်လများလုပ်ဆောင်ပါက ၎င်းတို့ စိုးရိမ်နေရသောအခြေအနေများနှင့် မလွဲမသွေရင်ဆိုင်ရတော့မည်ဖြစ်ပါသည်။ Level.7 တည်ရှိရာနေရာသည်အခြားသော Level 2,3,4.5 တို့၏အောက်ဆုံးတွင်တည်ရှိပြီး Level.7 ဖောက်လုပ်မှုကြောင့်ဒေသခံများအနေဖြင့် အခြားသော Levels များ အတွင်းရှိရေအရင်းမြစ်သည် Level.7 အထဲသို့စိမ့်ဝင်သွားမည်ကိုစိုးရိမ်လျက်ရှိပြီး ရေအရင်းအမြစ်များပျောက်ဆုံးသွားပါက ထို Levels များရှိရေများကိုမှီခိုအသုံးပြုနေရသော ဒေသခံများ၊ သတ္တုလုပ်ငန်းများကိုလည်း ထိခိုက်မှုများဖြစ်စေနိုင်မည်ဖြစ်သောကြောင့်ဖြစ်သည်။ ထို့အပြင်အသစ်ဖောက်လုပ်ထားသောသော Level.7 ကျင်းသည် အခြားသော Levels များရှိကျင်းထက် ပို၍ကျယ်သည်ကိုလည်းသိရှိရပါသည်။

မှီငြမ်းချက်။ ။

Ref:11 Myanmar: The Politics of Economic Reform"(PDF).

Ref:12 Building the Tatmadaw : https://www.researchgate.net/publication/272092747



*KMPC မှဦးဆောင်ဖောက်လုပ်နေသော Level.7 ကျင်းသစ်*

ရဲထွဋ်ကျော်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သည် ၂၀၁၁ခုနှစ်မှစတင်ပြီး ကယားပြည်နယ်ရှိ မော်ချီးခဲမဖြူ အဖြိုက်နက်သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းတွင် ပါဝင်လုပ်ဆောင်ခဲ့သောစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။ လက်ရှိတွင်ဤကုမ္ပဏီသည် အသေးစားခဲတူးဖော်မှုလုပ်ကိုင်ခွင့်ကို ခဲမဖြူချောင်းဒေသနှင့် ပွိုင့်အမှတ် (၄၅၆၁) တွင်ရရှိထားပြီး ခဲသတ္တုတူးဖော်မှုလုပ်ငန်းကိုလုပ်ဆောင်နေပါသည်။ ဤစီးပွားရေးလုပ်ငန်းစု၏ ဒါရိုက်တာဖြစ်သူ ဦးရဲထွဋ်တင်သည် မော်ချီးဒေသတွင်နှစ်ပေါင်းများစွာတာဝန်ထမ်းဆောင်ခဲ့သောဗိုလ်ကြီး(ငြိမ်း)တစ်ဦးဖြစ်ပြီး၊ ၂၀၁၀ခုနှစ်ရွေးကောက်ပွဲတွင် ဖားဆောင်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီကိုယ်စားလှယ်အဖြစ်ဝင်ရောက်ယှဉ်ပြိုင်အနိုင်ရခဲ့သူလည်းဖြစ်သည်။ ထို့အပြင် ကယားပြည်နယ်သတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီလီမိတက်တွင် တာဝန်ခံအဖြစ်ပါဝင်လုပ်ဆောင်နေသောသူလည်းဖြစ်ပါသည်။ ရဲထွဋ်ကျော်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သည် ပွိုင့်အမှတ်(၄၅၆၁)တွင် သတ္တုတူးဖော်ထုတ်ယူမှုအတွက် ၂၀၁၆ခုနှစ် မှ ၂၀၁၇ခုနှစ်ထိ တတိယအကြိမ် မြောက်(၁)နှစ် သက်တမ်းတိုးသတ္တုတူးဖော်ထုတ်လုပ်ထုတ်လုပ်ခွင့်ရရှိထားပြီး လုပ်ငန်းဆက်လက်လုပ်ဆောင်ရန်အတွက်လည်း သက်တမ်းတိုးခြင်းလုပ်ငန်းကိုလုပ်ဆောင်နေပါသည်။ ထို့အပြင် ခဲမဖြူချောင်းလုပ်ကွက်တွင်လည်း ၂၀၁၆ခုနှစ် မှ ၂၀၁၇ခုနှစ်အထိ ဒုတိယအကြိမ်(၁)နှစ်သက်တမ်းသတ္တုထုတ်လုပ်ခွင့်ကိုရရှိထားပြီး လုပ်ငန်းဆက်လက်အကောင်အထည်ဖော်နေပါသည်။

လယ်မှုခိုကုမ္ပဏီသည် ဖားဆောင်းမြို့နယ်၊ မိုဆာခီးကျေးရွာအုပ်စုအတွင်း မိုဆာခီးဒေသတွင် အဆင့်မြင့် ခဲမဖြူ အဖြိုက်နက်အသေးစားသတ္တုတူးဖော်ထုတ်လုပ်ခွင့်ကိုရရှိထားသောကုမ္ပဏီတစ်ခုဖြစ်ပြီး အစိုးရနှင့်အပစ်အခတ်ရပ်စဲထားသော ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့၏ခေါင်းဆောင်တစ်ဦးမှလုပ်ဆောင်နေသောကုမ္ပဏီတစ်ခုဖြစ်သည်။ ထို့အပြင် ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့မှ အခြားသောခေါင်းဆောင်တစ်ဦးသည်လည်း ကယားငွေကြယ်ကုမ္ပဏီအမည်ဖြင့် မော်ချီးကျေးရွာအုပ်စုအတွင်းရှိ ရှိုးလိုချောင်းဒေသတွင် ခဲမဖြူ အဖြိုက်နက်သတ္တုတူးဖော်မှုကို အသေးစားလုပ်ဆောင်ခွင့်ရရှိထားသောကုမ္ပဏီတစ်ခုဖြစ်သည်။ လက်ရှိတွင်လည်း သတ္တုတူးဖော်မှုများကိုဆက်လက်လုပ်ဆောင်နိုင်ရန်အတွက် သက်တမ်းတိုးခြင်းလုပ်ငန်းစဉ်နှင့်တစ်ပြိုင်နက် သတ္တုတူးဖော်ခြင်းများကိုဆက်လက်လုပ်ဆောင်နေပါသည်။

ကယားဌာနီကုမ္ပဏီသည် ၂၀၁၂ခုနှစ်တွင် အစိုးရနှင့်အပစ်အခတ်ရပ်သဘောတူညီမှုပြုလုပ်ထားသောကရင်နီအမျိုးသားတိုးတက်ရေးပါတီလက်အောက်ရှိ စီးပွားရေးလုပ်ငန်းအင်အားစုတစ်ခုဖြစ်ပြီး မိုဆာခီးကျေးရွာအုပ်စုအတွင်းရှိ ထီးလေးခီးဒေသတွင် ၂၀၁၃ခုနှစ်မှ ၂၀၁၇ခုနှစ်အထိ ခဲမဖြူ အဖြိုက်နက် (အသေးစား)ထုတ်လုပ်ခွင့်ကို ရရှိထားသောကုမ္ပဏီတစ်ခုဖြစ်ပြီး ယနေ့ထိတိုင်ဆက်လက်လုပ်ဆောင်နေပါ သည်။

ကယားရွှေတံခါးသတ္တုတူးဖော်ရေးကုမ္ပဏီလိမိတက်သည် ၁၉၉၄ ခုနှစ်တွင် အစိုးရနှင့်အပစ်အခတ်ရပ်သဘောတူညီမှုပြုလုပ်ထားသော ကရင်နီပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦးမှခေါင်းဆောင်များပါဝင်ပတ်သက်မှုရှိသောကုမ္ပဏီတစ်ခုဖြစ်ပြီး မိုဆာခီးကျေးရွာအုပ်စုအတွင်းတွင်အသေးစားသတ္တုတူးဖော်ထုတ်လုပ်ခွင့်ကိုရရှိထားသောကုမ္ပဏီတစ်ခုဖြစ်သည်။

မော်ချီးသတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများတွင် စီးပွားရေးလုပ်ငန်းအင်အားစုများအဖြစ်ပါဝင်ပတ်သက်သောလုပ်ငန်းအင်အားစုများအပြင် ပုဂ္ဂလိကအနေဖြင့်ပါဝင်ပတ်သက်သူများ၏ကဏ္ဍသည်လည်း အင်အားကြီးမားလှပါသည်။ အထူးသဖြင့် တရုတ်လူမျိုးစီးပွားရေးသမားများ၏ မော်ချီးသတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း လူဦးရေရာနှင့်ချီ၍ ပါဝင်ပတ်သက်မှုရှိနေကြပါသည်။ ထို့အပြင် အခြားသောလုပ်ငန်းအင်အားစုများဖြစ်သည့် ထီးပွင့်ကန်ကုမ္ပဏီ၊ ခွန်ညီနောင်ကုမ္ပဏီ၊ မြန်မာရွှေရည်ဝင်း စသည်တို့သည်လည်း ပါဝင်ပတ်သက်မှုများရှိခဲ့ကြပါသည်။

*" ကျနော်တွေတာကတော့ တရုတ်တွေပါတယ်။ ပညာရှင်တွေလည်းပါတယ် အများစုကတော့တရုတ်လူမျိုးတွေပဲ။ လာတာတော့တော်တော်များတယ်။ ကားနဲ့စက်ယန္တရားနဲ့လုပ်နေကြတယ်။ အဲဒီလုပ်ကွက်မှာလာနေတယ်။ လဝက အသိအမှတ်ပြုတာဘယ်နှစ်ယောက်လဲ။ နိုင်ငံတော်ကအသိအမှတ်ပြုထားတာဘယ်နှစ်ယောက်လဲ။ အခုလာနေတာ ရာနှင့်ချီရှိနေပြီး အချို့ကဗမာစကားတစ်လုံးမတတ်ဘူး "*

*မော်ချီးဒေသခံတစ်ဦး*




*KMPC ကုမ္ပဏီ၏လုပ်ကွက်တစ်နေရာတွင် ဖော်ပြထားသောတားမြစ်ကြေငြာဆိုင်းပုဒ်*



*ထိုးမဲခီးဒေသရှိ ခဲမဖြူ အဖြိုက်နက်ခွဲခြားသန့်စင်စက်ရုံ*



*မိုလိုချောင်းရှိ သတ္တုလုပ်ကွက်တစ်နေရာ*



*KMPC လုပ်ဆောင်နေသော Level.7 သတ္တုလုပ်ကွက်အတွင်းပိုင်းတစ်နေရာ*

(ဂ) စီမံကိန်းတည်နေရာ

မော်ချီးခဲမဖြူ အဖြိုက်နက်သတ္တုတွင်းသည် မြန်မာနိုင်ငံ၏အရှေ့ဘက် ကယား(ကရင်နီ)ပြည် အတွင်းတွင် တည်ရှိပြီး [Ref:13] ကီလိုမီတာ ၃၅၀၀ ရှည်လျားသည့်ထိုင်း-မလေး ခဲမဖြူ အဖြိုက်နက်သတ္တုကြောပေါ်တွင်တည်ရှိသည်။ ကီလိုမီတာ၃၅၀၀ရှည်လျားသည့် ထိုင်း-မလေး ခဲမဖြူ အဖြိုက်နက်သတ္တုကြောသည် မြန်မာနိုင်ငံ၏ရှမ်းပြည်နယ်မြောက်ပိုင်းဒေသမှစတင်၍ ထိုင်း-မြန်မာနယ်စပ်တစ်လျှောက်နှင့် ထိုင်း-မလေး သတ္တုကြောတစ်လျှောက်မှဆက်လက်၍ အင်ဒိုနီးရှားနိုင်ငံ၊ ဘူလီတောင်ကျွန်းတောင်ပိုင်းထိရှည်လျားသည်။ ဘူမိဗေဒတိုင်းတာချက်များအရ မော်ချီးခဲမဖြူ အဖြိုက်နက်သတ္တုသိုက်သည် တောင်မှမြောက်သို့သွယ်တန်းလျက်ရှိပြီး အလျား (၂.၃၃)မိုင်၊ အနံ (၀.၂၈)မိုင်နှင့် အကျယ် (၀.၆၈၅)စတုရန်းမိုင်ကျယ်ဝန်းသည်။ မော်ချီး ခဲမဖြူ အဖြိုက်နက်သတ္တုတွင်းစီမံကိန်းသည် ကယား(ကရင်နီ)ပြည်၊ ဘောလခဲခရိုင်၊ ဖားဆောင်းမြို့နယ်၊ မော်ချီးဒေသတွင် တည်ရှိ၍ လွိုင်ကော်မြို့မှ(၉၆)မိုင်ခန့်အကွာ၊ ထိုင်း-မြန်မာနယ်စပ်မှအနောက်ဘက် ကီလိုမီတာ(၄၀)ခန့်အကွာ၊ ရန်ကုန်မြို့မှ ၂၅၀ ကီလိုမီတာခန့်အကွာ မြောက်လတ္တီကျု (18°50'N) နှင့် အရှေ့ လောင်ဂျီကျု (97°10'E) တွင်တည်ရှိသည်။

(ဃ) စီမံကိန်းအကျယ်

မော်ချီး ခဲမဖြူ အဖြိုက်နက်သတ္တုတွင်းစီမံကိန်း၏အကျယ်အဝန်းမှာ အစိုးရ၏တရားဝင်မှတ်တမ်းများ အရ (၇၀၂၄)ဧက ကျယ်ဝန်းသည်။ ဤစီမံကိန်းအကျယ်အဝန်းသည် မော်ချီးမိုင်းလိမိတက် စတင်လုပ်ဆောင်ခဲ့သော အကျယ်အဝန်း ၁၁.၂၅ စတုရန်းမီတာ အကျယ်အဝန်းအပေါ်တွင်အခြေခံ၍ ဆက်လက်သတ်မှတ်သော အကျယ်အဝန်းဖြစ်သည်။

(င) စီမံကိန်းကာလသက်တမ်း

မော်ချီးသတ္တုတွင်းစီမံကိန်းသည် ဒေသခံများ၏ပြောကြားချက်အရသော်လည်းကောင်း၊ အခြားသောမှတ်တမ်းဖော်ပြချက်များအရသော်လည်းကောင်း နှစ်ပေါင်းတစ်ရာကျော်ထုတ်ယူသုံးစွဲခဲ့ပြီးသော သတ္တုတွင်းစီမံကိန်းတစ်ခုဖြစ်သည်။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းဌာန၏ခွင့်ပြုချက်များအရ စီမံကိန်းလုပ်ကိုင်ဆောင်ရွက်ခွင့်နှင့်သက်တမ်းကာလကို သတ္တုရှာဖွေ၊ စမ်းသပ်၊ တူးဖော်၊ ထုတ်လုပ်ခွင့်များအပေါ်မူတည်ပြီးသတ်မှတ်ထားမှုများရှိသည်။ မော်ချီးသတ္တုတွင်းစီမံကိန်း၏အစောပိုင်းကာလများတွင် မော်ချီးမိုင်းကုမ္ပဏီမှသော်လည်းကောင်း၊ ဂျပန်ကုမ္ပဏီတစ်ခုဖြစ်သော ကိုဗာယာရှီကုမ္ပဏီမှသော်လည်းကောင်း၊ ရုရှကုမ္ပဏီမှသော်လည်းကောင်း စသောနိုင်ငံခြားအခြေစိုက်စီးပွားရေးလုပ်ငန်းအင်အားစုများအဖြစ်ပါဝင်ပတ်သက်လုပ်ကိုင်ကြပြီး ၁၉၉၈ခုနှစ်နောက်ပိုင်းရောက်မှသာ ပြည်တွင်းအခြေစိုက်စီးပွားရေးလုပ်ငန်းအင်အားစုများမှ ပါဝင်ပတ်သက်လုပ်ဆောင်မှုရှိကြသည်ကိုတွေ့ရှိရသည်။ ၁၉၉၈ခုနှစ်နောက်ပိုင်းမှစတင်၍ မော်ချီးသတ္တုတွင်းစီမံကိန်းတွင်ပါဝင်ပတ်သက်လုပ်ဆောင်ကြသည့် ပြည်တွင်းအခြေစိုက်စီးပွားရေးလုပ်ငန်းအင်အားစုများနှင့် ၎င်းတို့၏စီမံကိန်းအကောင်အထည်ဖော်မှု ကာလသက်တမ်းများကိုအောက်တွင် ဖော်ပြထားပါသည်။

မှီငြမ်းချက်။ ။

Ref:13 http://www.portergeo.com.au/database/mineinfo.asp?mineid=mn406

| စဉ် | ခုနှစ် | ပါဝင်ပတ်သက်လုပ်ဆောင်သောအဖွဲ့အစည်း |
|---|---|---|
| ၁ | ၁၉၉၈-၂၀၀၂ | ကယားပြည်နယ်သတ္တုဝယ်ယူရောင်းချရေးအဖွဲ့ (Kayah State Mining Trading Company Limited-KMTC) မှ သတ္တုတွင်းဝန်ကြီးဌာနနှင့် အကျိုးတူဖက်စပ်လုပ်ဆောင်ခဲ့သည်။ |
| ၂ | ၂၀၀၂-၂၀၁၂ | ၂၀၁၂ တွင် KMTC မှ Kayah State Mining Product Company Limited- (KMPC) ကယားပြည်နယ်သတ္တုထုတ်လုပ်ရေးကုမ္ပဏီလီမိတက်သို့အမည်ပြောင်း ပြီး အစိုးရနှင့်စာချုပ်ချုပ်ပြီး အကျိုးတူလုပ်ဆောင်ခဲ့သည်။ |
| ၃ | ၂၀၀၄ | KMPC မှ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (ဦးပိုင်)သို့ လွှဲပြောင်းပေးခဲ့သည်။ |
| ၄ | ၂၀၁၃-၂၀၁၄ | မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်(ဦးပိုင်)၏လက်အောက်ခံကုမ္ပဏီအဖြစ် ကယားပြည်နယ်သတ္တုထုတ်လုပ်ရေးကုမ္ပဏီလီမိတက်မှဆက်လက်လုပ်ဆောင်ခဲ့သည်။ |
| ၅ | ၂၀၁၀-၂၀၁၄ | ကယားငွေကြယ်ကုမ္ပဏီလီမိတက် မှစတင်ပါဝင်လုပ်ဆောင်ခဲ့သည်။ |
| ၆ | ၂၀၁၁-၂၀၁၄ | ရဲထွဋ်ကျော်သတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီမှ စတင်ပါဝင် လုပ်ဆောင်ခဲ့သည်။ |
| ၇ | ၂၀၁၂-၂၀၁၅ | ကယားရွှေတံခါးသတ္တုတူးဖော်ရေးကုမ္ပဏီမှစတင်ပါဝင်ဆောင်ရွက်ခဲ့သည်။ |
| ၈ | ၂၀၁၃-၂၀၁၇ | ကယားဌာနီသတ္တုတူးဖော်ရေး ကုမ္ပဏီမှစတင်ပါဝင်လုပ်ကိုင်ခဲ့သည်။ |
| ၉ | ၂၀၁၄-၂၀၁၅ | လယ်မူနိုကုမ္ပဏီမှ စတင်ပါဝင်လုပ်ဆောင်ခဲ့သည်။ |
| ၁၀ | လက်ရှိချိန်ထိ | ကယားပြည်နယ်သတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီလီမိတက်၊<br>ကယားငွေကြယ်ကုမ္ပဏီလီမိတက်<br>ကယားဌာနီသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်<br>လယ်မူနိုကုမ္ပဏီလီမိတက်<br>ရဲထွဋ်ကျော်သတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီလီမိတက်<br>ကယားရွှေတံခါးသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် |

၂။ စီမံကိန်း၏ရုပ်ပိုင်းဆိုင်ရာ

(က) စီမံကိန်းလုပ်ကွက်၏ မြေမျက်နှာသွင်ပြင်နှင့် သဘာဝသွင်ပြင်လက္ခဏာ

မော်ချီးခဲမဖြူ အဖြိုက်နက်သတ္တုတွင်းတည်ရှိရာဒေသသည် တောင်ကုန်းတောင်တန်းများပေါများသော ဒေသတစ်ခုဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ (၃၀၀၀-၄၅၀၀)အကြားတွင်တည်ရှိသည်။ ထို့အပြင် မော်ချီးခဲမဖြူ အဖြိုက်နက်သတ္တုတွင်းတည်ရှိရာဒေသသည် သစ်တောများထူထပ်စွာပေါက်ရောက်ခြင်း၊ သစ်တောများအတွင်းတွင်နှစ်ရှည်ပင်စိုက်ပျိုးရေးလုပ်ငန်း(ဖာလာစိုက်ပျိုးရေး)များနှင့် ဥယျာဉ်ခြံစိုက်ပျိုးရေးလုပ်ငန်းများကိုလုပ်ကိုင်ကြသည်။ ယခင်ကမော်ချီးဒေသသည် လမ်းပန်းဆက်သွယ်ရေးအရခက်ခဲသောဒေသဖြစ်သော်လည်း ၂၀၁၂ခုနှစ် နောက်ပိုင်းမှစတင်၍ အစိုးရမှဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပိုမိုလုပ်ဆောင်လာမှုကြောင့် လမ်းပန်းဆက်သွယ်ရေးအပိုင်းတွင် ပိုမိုကောင်းမွန်လာခဲ့သည်။

(ခ) လုပ်ကွက်အပေါ်မှစီမံကိန်းအနေအထား၊ တည်နေရာ၊ ပတ်ဝန်းကျင်ကျေးရွာများ

မော်ချီးသတ္တုတွင်းတည်ရှိရာဒေသ ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဖားဆောင်းမြို့နယ်အတွင်းတွင်တည်ရှိပြီး မော်ချီးကျေးရွာအုပ်စုအတွင်းတွင်တည်ရှိ၍ ကျေးရွာပေါင်း(၁၀)ရွာဖြင့်ပါဝင်ဖွဲ့စည်းထားသော ဒေသတစ်ခုဖြစ်သည်။ မော်ချီးသတ္တုတွင်းတည်ရှိရာဒေသရှိ အချို့သောကျေးရွာများသည် မော်ချီးသတ္တုမိုင်းလုပ်ငန်း မစတင်မီကပင်တည်ရှိခဲ့သောကျေးရွာများဖြစ်ပြီး ပြည်တွင်းစစ်၏ဒဏ်ကို နှစ်ပေါင်း(၆၀)ကျော်ခံစားခဲ့ရသော ဒေသတစ်ခုဖြစ်သည်။ အချို့သောကျေးရွာများသည် ပြည်တွင်းစစ်ဒဏ်ကြောင့် အကြိမ်ကြိမ်စွန့်ခွာထွက်ပြေးခြင်းခံခဲ့ရပြီး ၂၀၁၀ခုနှစ် နောက်ပိုင်းမှသာ ဒေသခံပြည်သူများပြန်လည်နေထိုင်လာကြသောကျေးရွာများ ဖြစ်သည်။ မော်ချီးသတ္တုတွင်းတည်ရှိရာဒေသတွင်တည်ရှိသောကျေးရွာများမှာ လိုခါးလိုကျေးရွာ၊ တောင်ပေါ် (လိုးဒေး) ကျေးရွာ၊ ပသာစီးကျေးရွာ၊ ရေပူကျေးရွာ၊ မော်ချီးအောက်ရွာ ၊ စွာပယ်ကျေးရွာ၊ တနန်းလော့ကျေးရွာ၊ ရွာသဲဒိုကျေးရွာ၊ ဒိုမူပယ်ကျေးရွာ၊ ဘူလိုပယ်ကျေးရွာ စသည်တို့ဖြစ်သည်။ လက်ရှိ သတ္တုတူးဖော်ထုတ်လုပ်မှု လုပ်ငန်းများကို မော်ချီးသတ္တုတွင်းတည်ရှိရာ မော်ချီးအုပ်စုအတွင်းတွင်သာမက မိုဆာဒီးအုပ်စု၊ ကော်သူဒိုး ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာတို့တွင်လည်း အကောင်အထည်ဖော်နေမှုများရှိနေပါသည်။

(ဂ) စီမံကိန်း၏သမိုင်းအကျဉ်း

| စဉ် | ခုနှစ် | အကြောင်းအရာ |
|---|---|---|
| ၁ | ၁၈၆၂ မတိုင်မီကတည်းက | ဒေသခံတိုင်းရင်းသားများသည် သတ္တုတူးဖော်ထုတ်လုပ်ခြင်းကို တစ်ပိုင်တစ်နိုင်တူးဖော်ထုတ်လုပ်ခဲ့ပြီးဖြစ်သည်။ |
| ၂ | ၁၈၆၂-၆၃ | ဒေသခံများအနေဖြင့် မော်ချီးဒေသတွင် ခဲမဖြူ အဖြိုက်နက်ထွက်ရှိမှုကို သိရှိထားပြီးဖြစ်သော်လည်း ပထမဆုံးသော ဥရောပတိုက်သား မစ္စတာ အိုရီလီ (Mr. O'Riley ) မှ မော်ချီးဒေသတွင် ခဲမဖြူ အဖြိုက်နက်တည်ရှိမှုနှင့်ပတ်သက်ပြီးလာရောက်လေ့လာအတည်ပြုခဲ့သည်။ Ref: The mineral resources of Burma |
| ၃ | ၁၈၉၉-၁၉၀၀ | ထို့နောက် အင်္ဂလိပ်အစိုးရမှ မော်ချီး ခဲမဖြူ အဖြိုက်နက်သတ္တုနှင့် ပတ်သက်သော ဘူမိဗေဒအစီရင်ခံစာပြုစုခဲ့သည်။ |
| ၄ | ၁၉၀၃ | အင်္ဂလန်တွင် မော်ချီးမိုင်းကုမ္ပဏီလီမိတက်ဖွဲ့စည်းခဲ့သည်။ |
| ၅ | ၁၉၁၀ ဒီဇင်ဘာ ၄ | ဘောလခဲနယ်ရှင်စော်ဘွားကြီး ဖဘန့်မင်း(ခ)ဖိုးပျားမင်း လက်ထက်တွင် မြေဧကပေါင်း (၂၀၀၀)ကျော်ပေါ်တွင် နှစ်ပေါင်း (၃၀) လုပ်ကိုင်ရန်စာချုပ်ချုပ်ဆို၍ အင်္ဂလန် မိုင်းကုမ္ပဏီမှလုပ်ငန်းစတင်လုပ်ကိုင်ခဲ့သည်။ |
| ၆ | ၁၉၁၀-၁၉၁၄ | မော်ချီးမိုင်းကုမ္ပဏီမှဆက်လက်လုပ်ဆောင်ခဲ့သည်။ |
| ၇ | ၁၉၁၄-၁၉၁၈ | ပထမကမ္ဘာစစ်ဖြစ်သော်လည်း စစ်အတွင်းတွင် သတ္တုတူးဖော်ထုတ်လုပ်မှုများကို ဆက်လက်လုပ်ဆောင်ခဲ့သည်။ |
| ၈ | ၁၉၁၉ | သတ္တုဈေးနှုန်းများ ၄၀ % ခန့်ထိ ကျသွားသဖြင့် သတ္တုတွင်းလုပ်ငန်းယာယီ ပိတ်ထားခဲ့ရသည်။ |

| | | |
|---|---|---|
| ၉ | ၁၉၁၉ -၁၉၂၈ | ၁၉၁၉နောက်ပိုင်းတွင် သတ္တုတူးဖော်မှုလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခြင်းနှင့် ၁၉၂၈ မှစတင်သတ္တုပိုမိုထုတ်ယူနိုင်ခဲ့သည်။ |
| ၁၀ | ၁၉၃၀-၁၉၄၀ | ၁၉၃၀ခုနှစ် ကာလများအတွင်း အင်္ဂလိပ်အစိုးရအတွက် လိုအပ်သော ခဲမဖြူ၊ အဖြိုက်နက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက်အမြင့်ဆုံးထုတ်လုပ်ခဲ့သည်။ |
| ၁၁ | ၁၉၃၉-၁၉၄၅ | ဒုတိယကမ္ဘာစစ် ဖြစ်ပွားခဲ့သည်။ |
| ၁၂ | ၁၉၄၁ | ဒုတိယကမ္ဘာစစ်ရှုံး၍ အင်္ဂလိပ်များဆုတ်ခွာသွားချိန်တွင် အင်္ဂလန်မိုင်းကုမ္ပဏီ လည်း ထွက်ခွာသွားခဲ့သည်။ |
| ၁၃ | ၁၉၄၁-၁၉၄၅ | ကိုဗာယာရှိ ဂျပန်ကုမ္ပဏီမှ မော်ချီးခဲမဖြူ၊ အဖြိုက်နက်သတ္တုများ တူးဖော် လုပ်ကိုင်ခဲ့သည်။ |
| ၁၄ | ၁၉၄၅ | ဂျပန်စစ်ရှုံးပြီး ကိုဗာယာရှိကုမ္ပဏီလည်း ပြန်လည်ထွက်ခွာသွားခဲ့သည်။ |
| ၁၅ | ၁၉၄၆-၁၉၄၈ | မော်ချီးမိုင်းကုမ္ပဏီမှ သတ္တုတူးဖော်မှုကို ပြန်လည်လုပ်ဆောင်ခဲ့သည်။ |
| ၁၆ | ၁၉၄၈ | Ref:14 ကရင့်တော်လှန်ရေးစတင်ချိန် ၁၉၄၉ ခုနှစ်မတိုင်မီမှစတင်၍ မော်ချီး ဒေသသည် KNDO ၏လှုပ်ရှားခဲ့သောဒေသတစ်ခုဖြစ်ခဲ့ပြီး ၁၉၄၈ခုနှစ်၊ ဩဂုတ်လ(၁၉)ရက်နေ့တွင် ကရင့်အမျိုးသားကာကွယ်ရေးအဖွဲ့ (KNDO) မှ မော်ချီးဒေသကို သိမ်းပိုက်ခဲ့ပြီး မော်ချီးသတ္တုမိုင်းကို (၁၉၄၈-၁၉၅၃)ခုနှစ်ထိ လုပ်ဆောင်ခဲ့သည်။ (ဗိုလ်မှူးဒယ်နီယယ်ထွန်း၏ဝတ္ထုနှင့်တူသောအတ္ထုပ္ပတ္တိတွင်ဖော်ပြထားချက် (၁၉၄၈ ဩဂုတ်လ(၂၀)ရက်နေ့) |
| ၁၇ | ၁၉၄၈-၁၉၅၃ | အစိုးရအနေဖြင့်ပြည်တွင်းစစ်ကြောင့် မော်ချီးသတ္တုတူးဖော်မှုလုပ်ငန်းကို (၅)နှစ်ကြာရပ်နားခဲ့ရသည်။ |
| ၁၈ | ၁၉၅၃ နိုဝင်ဘာလ | ဖဆပလ အစိုးရတပ်မှ မော်ချီးဒေသကိုပြန်လည်သိမ်းယူခဲ့သည်။ |
| ၁၉ | ၁၉၅၃-၁၉၅၆ | သတ္တုတူးဖော်မှုလုပ်ငန်းကို နိုင်ငံတော်မှပြန်လည်လုပ်ဆောင်ခဲ့သည်။ |
| ၂၀ | ၁၉၅၇ | မော်ချီးမိုင်းကုမ္ပဏီသည် မြန်မာအစိုးရနှင့်ဖက်စပ်လုပ်ငန်းအဖြစ် အသစ်ပြန် လည်ချုပ်ဆိုခဲ့သည်။ |
| ၂၁ | ၁၉၅၈-၅၉ | မော်ချီးမိုင်းကုမ္ပဏီ မော်ချီးမိုင်းမှ အပြီးထွက်သွားခဲ့သည်။ |
| ၂၂ | ၁၉၅၉-၁၉၆၂ | မော်ချီးသတ္တုတူးဖော်လုပ်ငန်းများခေတ္တရပ်နားခဲ့သည်။ |
| ၂၃ | ၁၉၆၂ ဒီဇင်ဘာ၂၂ | မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ) အစိုးရမှ မော်ချီးမိုင်းကို နိုင်ငံတော် ပိုင်သိမ်းယူခဲ့သည်။ |
| ၂၄ | ၁၉၆၃ ဇန်နဝါရီ | မြန်မာအင်ဂျင်နီယာများနှင့်သတ္တုစမ်းသပ်တိုင်းတာမှုများလုပ်ဆောင်ခဲ့သည်။ |
| ၂၅ | ၁၉၆၃-၁၉၆၉ | နိုင်ငံတော်အစိုးရမှ သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းကိုဆက်လက်လုပ်ဆောင် ခဲ့သည်။ |

| | | |
|---|---|---|
| ၂၆ | ၁၉၆၉ ဒီဇင်ဘာ ၂၄ | မော်ချီးသတ္တုမိုင်းကို ဆိုဗီယက်ဈေးငွေဖြင့် စာချုပ်ချုပ်ဆိုပြီး လုပ်ဆောင်ရန် သဘောတူခဲ့သည်။ |
| ၂၇ | ၁၉၇၀-၁၉၇၃ | ရုရှားကုမ္ပဏီတခုမှ သတ္တုတူးဖော်လုပ်ကိုင်ခဲ့သော်လည်း KNPP လက်နက်ကိုင်တော်လှန်ရေးအဖွဲ့နှင့်အစိုးရအကြားတိုက်ပွဲများကြောင့် ရုရှားကုမ္ပဏီ လည်း မော်ချီးမှထွက်ခွာခဲ့ရသည်။ |
| ၂၈ | ၁၉၇၄ | နိုင်ငံရေးမတည်ငြိမ်မှုကြောင့် ရုရှဈေးငွေဖြင့်ချုပ်ဆိုထားသောစာချုပ်ကို ဖျက်သိမ်းခဲ့ပြီး နိုင်ငံတော်မှ ဆက်လက်လုပ်ဆောင်ခဲ့သည်။ |
| ၂၉ | ၁၉၇၅ နိုဝင်ဘာ ၁၂ | အင်ဂျင်နီယာ(၆)ဦးကို KNPP လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့မှ ဖမ်းဆီးပြီး(၅)ဦးလုပ်ကြံခဲ့သည်။ |
| ၃၀ | ၁၉၇၆ | နိုင်ငံတော်မှဆက်လက်လုပ်ဆောင်ခဲ့သည်။ |
| ၃၁ | ၁၉၇၇ | ပိသဿာစားစနစ်ကို စတင်တူးဖော်ခွင့်ပြုခဲ့သည်။ |
| ၃၂ | ၁၉၇၇-၁၉၈၆ | နိုင်ငံတော်စီမံကိန်းမှဆက်လက်လုပ်ဆောင်ခဲ့ပြီး ထိုအတောအတွင်း ပိသဿာစား (ကျင်းပိုင်)စနစ် တူးဖော်ခွင့်ကိုလည်းပြန်လည်ရုတ်သိမ်းခဲ့သည်။ |
| ၃၃ | ၁၉၈၆-၁၉၈၈ | နိုင်ငံတော်မှဆက်လက်လုပ်ဆောင်ခဲ့ပြီး ပိုင်းကြီးချုပ်စနစ်တူးဖော် ခွင့်ပြုခဲ့သည်။ (၁၉၈၄-၈၅ )နိုင်ငံတော်မှ သတ္တုတူးဖော် ထုတ်လုပ်မှုအမြင့်ဆုံးထုတ်လုပ်ခဲ့သည်။ |
| ၃၄ | ၁၉၈၈ | ပြည်လုံးကျွတ်နိုင်ငံရေး အုံကြွမှုကြောင့် သတ္တုတူးဖော်ထုတ်လုပ်မှု ကျဆင်းခဲ့သည်။ |
| ၃၅ | ၁၉၉၈ ဇွန် (၁) | KMTC (ကယားပြည်နယ်သတ္တုဝယ်ယူရောင်းချရေးအဖွဲ့) သတ္တုတွင်းဝန်ကြီးဌာနနှင့်အကျိုးတူလုပ်ဆောင်ခဲ့သည်။ |
| ၃၆ | ၁၉၈၈-၂၀၀၂ | KMTC (ကယားပြည်နယ်သတ္တုဝယ်ယူရောင်းချရေးအဖွဲ့) မှလုပ်ဆောင် ခဲ့သည်။ |
| ၃၇ | ၂၀၀၂ ဖေ ၂၈ | KMTC မှ KMPC အမည်ပြောင်း သတ္တုတူးဖော်ထုတ်လုပ်ရန် (၁၀)နှစ်သက်တမ်း ချုပ်ဆိုခဲ့သည်။ |
| ၃၈ | ၂၀၀၂-၂၀၁၂ | KMPC (ကယားပြည်နယ်သတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီ)မှ ဆက်လက်လုပ်ဆောင်ခဲ့သည်။ |
| ၃၉ | ၂၀၀၄ အောက်တိုဘာ (၁) | KMPC မှ သတ္တုတူးဖော်ခွင့်ဦးပိုင်သို့လွှဲပြောင်းပြီး မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှသတ္တုတွင်းဦးစီးဌာနနှင့်အကျိုးတူဖက်စပ်လုပ်ဆောင်ခဲ့သည်။ |
| ၄၀ | ၂၀၀၄-၂၀၁၂ | KMPC မှ ဦးပိုင်၏လက်အောက်ခံကုမ္ပဏီအဖြစ် ဆက်လက်အကောင်အထည်ဖော်ပေးခဲ့သည်။ |
| ၄၁ | ၂၀၁၂-၂၀၁၅ | KMPC မှ ဦးပိုင်၏လက်အောက်ခံကုမ္ပဏီအဖြစ်တွင်ဆက်လက်လုပ်ဆောင်ခဲ့သည်။ |
| ၄၂ | ၂၀၁၅-၂၀၁၉ | KMPC မှ သတ္တုတူးဖော်ခွင့် (၅)နှစ် သက်တမ်း တိုးယူရရှိပြီး ယနေ့ထိတိုင် လုပ်ကိုင်နေဆဲဖြစ်သည်။ |

မှီငြမ်းချက်။ ။

Ref:14 ကရင့်တော်လှန်ရေးသမိုင်း - ဖူးစကောလယ်တော (စာ-၂၇၁))

(ဃ) စီမံကိန်းစုစုပေါင်းအကျယ်အဝန်းနှင့်လက်ရှိကောင်အထည်ဖော်နေမှုအကျယ်အဝန်း

လက်ရှိမော်ချီးသတ္တုတွင်းစီမံကိန်း၏ အကျယ်အဝန်းသည် ၇၀၂၄ ဧကဖြစ်ပြီး ယခင်အင်္ဂလိပ်အစိုးရတူးဖော်စဉ် ကတည်းကသတ်မှတ်ထားသော အကျယ်အဝန်းပမာဏ (၁၁.၂၅)စတုရန်းကီလိုမီတာ ကိုအခြေခံ၍သတ်မှတ် ထားသော်လည်း သတ္တုတူးဖော်ထုတ်လုပ်မှုတွင်ပါဝင်ပတ်သက်သော ကုမ္ပဏီအများစုသည် ဤစီမံကိန်းဧရိယာ အတွင်းတွင်ပါဝင်လုပ်ကိုင်နေကြသည်။ သို့သော်လည်း စီမံကိန်းအပြင်ဘက်တွင်လည်း သတ္တုတူးဖော်ထုတ် လုပ်နေသောကုမ္ပဏီများ(ဥပမာ- ရဲထွဋ်ကျော်သတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီ၏ လုပ်ကွက်တည်နေရာ သည် မော်ချီးသတ္တုတွင်းဧရိယာ၏အပြင်ဘက် တည်နေရာပွိုင့်အမှတ် (၄၅၆၁) တွင်တည်ရှိပြီး)လည်းရှိနေပါ သည်။ သို့သော်လည်း စီမံကိန်းဧရိယာသတ်မှတ်မှုနှင့်ပတ်သက်ပြီး ယခင်ကတည်းကပင် ဒေသခံပြည်သူများ နှင့်အစိုးရများအကြားတွင် အငြင်းပွားမှုများမြင့်တက်နေဆဲဖြစ်ပြီး လက်ရှိသတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း များကိုလုပ်ကိုင်ခွင့်ပေးရာတွင်လည်း အငြင်းပွားမှုဆက်လက်များနေဆဲဖြစ်ပါသည်။

(င) ဒေသအတွင်းရာသီဥတု

မော်ချီးသတ္တုတွင်းတည်ရှိရာဒေသသည် အပူပိုင်းစိုစွတ်သောရာသီဥတုအမျိုးအစားဖြစ်ပြီး နှစ်စဉ်မိုးရေချိန် (၆၀) လက်မခန့်ရွာသွန်းသည်။ မတ်လမှ ဇွန်လသည် နွေရာသီကာလဖြစ်ပြီး၊ ဇူလိုင်လမှ အောက်တိုဘာလသည် မိုးရာသီကာလနှင့် နိုဝင်ဘာလမှဖေဖော်ဝါရီလသည် ဆောင်းရာသီအချိန် ကာလဖြစ်သည်။ အနိမ့်ဆုံးအပူချိန်မှာ (၆၀)ဒီဂရီဖာရင်ဟိုက်မှ အမြင့်ဆုံးအပူချိန်မှာ(၉၅)ဒီဂရီဖာရင်ဟိုက် အထိရှိပါသည်။ မိုးရာသီအချိန်များတွင် စိုစွတ်ထိုင်းမှိုင်းပြီး မေလနှောင်းပိုင်းမှ အောက်တိုဘာလအထိသည် မိုးအများဆုံးရွာသွန်းသော အချိန်ဖြစ် သည်။ မော်ချီးသတ္တုတွင်းတည်ရှိရာဒေသသည် အပူအအေးမျှတသောဒေသတစ်ခုဖြစ်ပြီး နွေရာသီအချိန်တွင် ပင်နေထိုင်ရန်အဆင်ပြေသောဒေသဖြစ်သည်။ ထို့ကြောင့် မော်ချီးသတ္တုမိုင်းတွင်လာရောက်တာဝန်ထမ်းဆောင် ခဲ့သော အင်္ဂလိပ်လူမျိုးမိုင်းအရာရှိများကပင် ဒုတိယအင်္ဂလန်လေး (Little England) ဟုတင်စားခဲ့ကြသော ဒေသတစ်ခုဖြစ်သည်။

(စ) ဒေသအတွင်းရှိသဘာဝသယံဇာတများ

မော်ချီးသတ္တုတွင်းတည်ရှိရာဒေသသည် မော်ချီးသတ္တုတွင်းလုပ်ငန်းကြောင့်ထင်ရှားသော ဒေသတစ်ခု ဖြစ်ပြီး ခဲမဖြူ၊ အဖြိုက်နက်သတ္တုများအပြင် အဖိုးတန်ကျွန်းသစ်နှင့်အခြားသစ်တောထွက်ပစ္စည်းများလည်း ထွက်ရှိရာ ဒေသတစ်ခုဖြစ်သည်။ မော်ချီးဒေသသည် သဘာဝသစ်တောများထွန်းကားနေဆဲဖြစ်သော ဒေသတစ်ခုဖြစ်ပြီး ထိုသဘာဝသစ်တောများနှင့် မြစ်ချောင်းများအတွင်းမှတောရိုင်းတရိစ္ဆာန်များနှင့်သားငါးအပြင် အခြားသော သစ်တောထွက်ပစ္စည်းများလည်း ပေါများစွာထွက်ရှိသဖြင့် ဒေသခံပြည်သူများ၏စားဝတ်နေရေးနှင့်ဝင်ငွေ အခွင့်အလမ်းအတွက်လည်းများစွာ အထောက်အပံ့ပြုပေးနေပါသည်။ မော်ချီးသတ္တုတွင်းတည်ရှိရာဒေသသည် ရေချိုအရင်းအမြစ်ပေါကြွယ်ဝသောဒေသတစ်ခုဖြစ်ပြီး စိမ့်စမ်းရေထွက်ပေါက်များနှင့်ရေပူစမ်းလည်းတည်ရှိ ပါသည်။ ထို့အပြင်နှစ်ရှည်စိုက်ပျိုးခြံများဖြစ်သော ဖာလာစိုက်ပျိုးခြင်းလုပ်ငန်းသည်လည်း ဒေသခံများအတွက် ပံ့မှန်ဝင်ငွေများရရှိရန်ပံ့ပိုးပေးနေသော သဘာဝသယံဇာတအရင်းအမြစ်များပင်ဖြစ်ပါသည်။



*စီးပွားရေးလုပ်ငန်းများ၏ မြေသိမ်းမြောက်မှုများအောက်တွင်ကျရောက်လျက်ရှိနေသည့်*
*သဘာဝအရင်းအမြစ်များပေါကြွယ်ဝသော မော်ချီးဒေသ*

(ဆ) ဒေသအတွင်းသဘာဝသယံဇာတများကို စီမံခန့်ခွဲနေမှုပုံစံ၊ ကာကွယ်ထိန်းသိမ်းမှုပုံစံ

မော်ချီးဒေသအတွင်းတွင်နေထိုင်လာခဲ့ကြသောဌာနေတိုင်းရင်းသားများသည် ရှေးဘိုးဘွားစဉ်ဆက်ကတည်းက ပင်နေထိုင်လာသောလူမျိုးစုများဖြစ်ပြီး ၄င်းတို့သည် ဘိုးဘေးများထံမှလက်ဆင့်ကမ်းကျင့်သုံးလာခဲ့သော သဘာဝတရားဆိုင်ရာအသိပညာများဖြင့် ဒေသအတွင်းရှိသဘာဝသယံဇာတများကို ယနေ့ထက်တိုင် စီမံခန့်ခွဲ ထိန်းသိမ်းကာကွယ်လာခဲ့ကြသည်။ သတ္တုတူးဖော်ထုတ်လုပ်သည့်လုပ်ငန်းနှင့်အတူ ဝင်ရောက်လာသော ဗျူရိုကရေစီအုပ်ချုပ်ရေးယန္တရားများကြောင့် ဒေသခံများအနေဖြင့် ၄င်းတို့ဘိုးဘေးဘီဘင်လက်ထက်ကတည်းက လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့သည့် သဘာဝရေမြေတောတောင်စီမံခန့်ခွဲနေမှုများအပေါ် စိန်ခေါ်မှုများစွာ ရှိလာနေပြီဖြစ်သော်လည်း ဒေသတွင်းတွင် သဘာဝသယံဇာတစီမံခန့်ခွဲမှုဆိုင်ရာအလေ့အထများကိုမူ ယနေ့ ထက်တိုင်ကျင့်သုံးနေဆဲပင်ဖြစ်သည်။ သဘာဝအရင်းအမြစ်ထိန်းသိမ်းခြင်းများနှင့်စပ်လျဉ်း၍ ရေထွက်ပေါက် ဇရိယာဝန်းကျင်ရှိ သစ်တောများကိုခုတ်ယူခွင့်မပြုခြင်းနှင့်ရေထွက်ပေါက်ကိုခြံစည်းရိုးကာရံခြင်း၊ ရေထွက်ပေါက် နှင့်ဆက်စပ်နေသောသစ်တောဇရိယာများကို ကန့်သတ်နယ်မြေအဖြစ်သတ်မှတ်ခြင်း၊ ကန့်သတ်သတ်မှတ် ထားသောဇရိယာအတွင်းရှိတောရိုင်းတရိစ္ဆာန်များကို အမဲလိုက်ခွင့်မပြုခြင်း၊ ဒေသခံများချမှတ်ထားသောစည်း မျဉ်းများကို အများပြည်သူများသိရှိစေရန်အတွက် ဒေသအတွင်းရှိကျေးရွာများသို့တားမြစ်သတိပေးစာများ ဖြန့်ဝေခြင်းနှင့် ဆိုင်းပုဒ်အမှတ်အသားများဖြင့်သတ်မှတ်ကာ အများပြည်သူသိရှိစေရန်လုပ်ဆောင်ခြင်းစသည် တို့ကိုပြုလုပ်ကြပါသည်။ ထိုသို့၄င်းတို့၏သဘာဝအရင်းအမြစ်များကိုစီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍ မော်ချီးဒေသခံ တစ်ဦးမှ

" *ကျနော်တို့ အဖိုးအဖွားလက်ထက်ကတည်းက ဒီတော၊ ဒီတောင်၊ ဒီရေ၊ ဒီမြေအပေါ်မှာပဲ မှီခိုအသက်ရှင် လာခဲ့ကြတယ်။ ဒီတောဒီတောင်တွေဟာ ကျနော်တို့ရဲ့ကျေးဇူးရှင်လို့လည်းသတ်မှတ်လို့ရတယ်။ ဘာလို့လဲ ဆိုတော့ ကျနော်တို့နေ့စဉ်စားဝတ်နေရေးအတွက်ဖြေရှင်းတဲ့နေရာမှာ သူတို့မပါလို့မဖြစ်ဘူးလေ။ ဒါကြောင့် ကျနော်တို့ဘိုးဘေးကတည်းကတန်ဖိုးထားထိန်းသိမ်းလာတဲ့အရာတွေကို အခုထိကျနော်တို့လက်ဆင့်ကမ်း ထိန်းသိမ်းလာတာဖြစ်တယ်* " ဟုပြောကြားသွားပါသည်။

ထို့အပြင် မော်ချီးဒေသရှိ ဒေသခံပြည်သူများသည် မိမိတို့ဒေသအတွင်းရှိ အရင်းအမြစ်များအပေါ်တွင်အပြန် အလှန်ဝေမျှသုံးစွဲမှုများရှိကြပြီး အချို့သောအရင်းအမြစ်များကိုအသုံးပြုရန်အတွက် သက်ဆိုင်ရာအရင်းအမြစ် များကိုစီမံခန့်ခွဲပိုင်ခွင့်ရှိသူများ၊ ပိုင်ဆိုင်သောသူများထံမှခွင့်တောင်းခံ၍ ၄င်းတို့၏သဘောတူညီချက်များဖြင့် မျှဝေသုံးစွဲမှုများလည်းရှိကြပါသည်။ မော်ချီးဒေသခံများသည် ၄င်းတို့၏ဘိုးဘေးလက်ထက်ကတည်းက မှီခို သုံးစွဲလာသော ရေအရင်းအမြစ်များကိုအသုံးပြုရန်အတွက် ထိုရေထွက်ပေါက်ကိုပိုင်ဆိုင်သူမှ သောက်သုံးရေ အတွက်အခမဲ့အသုံးပြုခွင့်ပေးထားပြီး အခြားသောလုပ်ငန်းများအတွက်အသုံးပြုရန် (ဥပမာ-ခဲဆေးရန်) သက်ဆိုင်ရာရေထွက်ပေါက်ပိုင်ရှင်မှ သတ်မှတ်ထားသော အခွန်ကိုပေးဆောင်၍ အသုံးပြုကြပါသည်။

ထို့အပြင် မြေယာစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်ကိုဆက်လက်ကျင့်သုံးနေဆဲဖြစ်ပြီး သက်ဆိုင်ရာကျေးရွာအလိုက်သော်လည်းကောင်း၊ ဆွေမျိုးစုအနေဖြင့်သော်လည်းကောင်းစီမံခန့်ခွဲမှုကိုပြုကြ သည်။ ကျေးရွာတစ်ရွာနှင့်တစ်ရွာအကြားတွင်သတ်မှတ်ထားသော နယ်နိမိတ်များသည်လည်း ယနေ့ထိတိုင် တည်ရှိပြီး ထိုနယ်နိမိတ်အတွင်းရှိ မိမိတို့နှင့်သက်ဆိုင်သောမြေများနှင့်အရင်းအမြစ်များကို ဆက်လက်စီမံခန့်ခွဲ

နေဆဲဖြစ်ပါသည်။ မော်ချီးဒေသရှိမြေယာစီမံခန့်ခွဲမှုစနစ်နှင့်စပ်လျဉ်း၍ "ဒူ"စနစ် ( ကရင်ဘာသာအားဖြင့် "ဒူဉ်") ကိုကျင့်သုံးကြပြီး ထို"ဒူ" စနစ်ထဲတွင် ထိုမြေအတွင်းရှိ သစ်တော၊ ရေမြေ၊ တောတောင်၊ မြစ်ချောင်း၊ သားငါး နှင့်သားရဲတိရစ္ဆာန်များစသည်တို့အားလုံးပါဝင်သည်။ ထို့ကြောင့် ထိုသက်ဆိုင်ရာ"ဒူ"အထဲတွင်ရှိသောမြေနှင့် သဘာဝအရင်းအမြစ်များကို အသုံးပြုလိုသောသူသည် ထို "ဒူ" ပိုင်ရှင် သို့မဟုတ် စီမံပိုင်ခွင့်ရှိသူနှင့်ညှိနှိုင်း၍ သဘောတူညီမှုရရှိမှသာလျှင် အသုံးပြုလုပ်ဆောင်နိုင်သည်။

ဒေသခံများအနေဖြင့် မိမိတို့၏မြေနှင့်အရင်းအမြစ်များကိုထိန်းသိမ်းလာခဲ့ကြသော်လည်း ထိုသို့သောအခြေအနေတွင် ကုမ္ပဏီများနှင့်စီးပွားရေးလုပ်ငန်းရှင်များသည် မိမိတို့အကျိုးအမြတ်တစ်ခုကိုသာဦးတည်၍ ရိုးသားသောဒေသခံများ၊ အသိအမြင်ဗဟုသုတအားနည်းသောဒေသခံများနှင့် အခြားသောဖိအားပေးခြင်းနည်းပေါင်းစုံကို အသုံးပြု၍ ဒေသခံများရိုးရာဓလေ့အရပိုင်ဆိုင်သောမြေများကိုဝယ်ယူခြင်း၊ ၄င်းတို့နှင့်ပူးပေါင်းလုပ်ဆောင်စေခြင်းနှင့်အခြားသောနည်းများကိုအသုံးပြု၍ ဒေသခံများပိုင်ဆိုင်သောမြေများကိုဝယ်ယူပိုင်ဆိုင်၍ ထိုမြေများပေါ်တွင်သတ္တုတူးဖော်ခြင်းလုပ်ငန်းများကိုလုပ်ဆောင်နေကြခြင်းဖြင့် ဒေသခံများ၏ရိုးရာဓလေ့မြေနှင့်အရင်းအမြစ်များစီမံခန့်ခွဲမှုအပေါ် သို့လည်း ခြိမ်းခြောက်မှုများစွာဖြစ်ပေါ်စေပါသည်။



*ဘုလိုပယ်ကျေးရွာရှိ ရေအရင်းအမြစ်ထိန်းသိမ်းခြင်း ကြေငြာဆိုင်းဘုတ်*

၃။ ဒေသအတွင်းလက်ရှိအသုံးပြုနေသည့် သဘာဝသယံဇာတစီမံခန့်ခွဲမှုနည်းဗျူဟာများ၊

(က) စီမံကိန်းလုပ်ကွက်မှမြေပေါ်ရေချိုအရင်းအမြစ်ရရှိနိုင်သည့်အကွာအဝေး

မော်ချီးသတ္တုတွင်းစီမံကိန်းတည်ရှိရာဒေသရှိ အဓိကရေချိုအရင်းအမြစ်ရရှိနိုင်သော အရင်းအမြစ်(၅)ခုရှိပြီး ၎င်းတို့မှာ 2Level, 3Level, 4Level, 5 Level နှင့် KB1တို့ဖြစ်ကြသည်။ ထိုရေထွက်များမှထွက်ရှိလာသော ရေများကိုတောင်ပေါ်ကျေးရွာရှိ ဂါလံ(၁၄၀,၀၀၀)ဆန့်ရေစုကန် (ယခင်က အင်္ဂလိပ်သတ္တုတွင်းအရာရှိများ အသုံးပြုသောရေကူးကန်) သို့တင်ပို့ပြီးတောင်ပေါ်ကျေးရွာအသုံးပြုရန်နှင့် ကျောက်ကြားဇရိယာရှိလုပ်ကွက်များ ခဲဆေးရန်အတွက်ပြန်လည်ဖြန့်ဝေမှုများကိုပြုလုပ်သည်။ ထို့အပြင် မြေပြိုပျက်မှုများ၊ ရေပိုက်လမ်းကြောင်း ပျက်ဆီးမှုများကြောင့် ရေအခက်အခဲမရှိစေရန်အတွက်လည်း 2Level, 3Level, 4Level မှရေများကို ယူကော်ခို ကျေးရွာအပေါ်ရှိရေစုကန်မှတစ်ဆင့် တောင်ပေါ်ရှိရေစုကန်ထဲသို့ပြန်လည် ဖြန့်ဝေခြင်းများကိုလည်းပြုလုပ်ထား သည်။ KB1 မှထွက်ရှိသောရေကို ယူကော်ခိုကျေးရွာသောက်သုံးရန်တွက် အဓိကအသုံးပြုကြပြီး 3Level မှထွက်ရှိသောရေကို တောင်ပေါ်ရှိရေစုကန်သို့လည်းကောင်း၊ လိုခါးလိုကျေးရွာအသုံးပြုနိုင်ရန်အတွက်သော် လည်းကောင်းရေပိုက်ငယ်များဖြင့်သွယ်ယူထားသည်။ထို့အပြင်အခြားသောရေထွက်ပေါက်များလည်းတည်ရှိနေ သေးပြီး ထိုရေထွက်ပေါက်များကိုပိုင်ဆိုင်သောသူများမှ ကျေးရွာအတွင်းရှိ ဒေသခံများထံသို့ရောင်းချမှုများ လည်းရှိပါသည်။ မော်ချီးသတ္တုတွင်းလုပ်ငန်းဇရိယာအတွင်းရှိအဓိကရေချိုအရင်းအမြစ်များသည် သတ္တုမိုင်းမှ အဝေးဆုံးပေ(၂၀၀၀)အတွင်းတွင်တည်ရှိကြပါသည်။ ထိုရေအရင်းအမြစ်များသည် မော်ချီးသတ္တုတွင်းလုပ်ငန်း အတွက်သာကမ ထိုဒေသရှိဒေသခံပြည်သူများ သောက်သုံးရန်အတွက်သော်လည်းကောင်း၊ အသုံးပြုရန် အတွက်သော်လည်းကောင်း အဓိကမှီခိုအသုံးပြုနေကြရသော ရေချိုအရင်းအမြစ်များဖြစ်ပါသည်။

(ခ) စီမံကိန်းလုပ်ငန်းအတွက်နှင့် ဒေသခံများအသုံးပြုသည့်ရေချိုအရင်းအမြစ်

မော်ချီးသတ္တုတွင်းတည်ရှိရာဒေသမှဒေသခံများသည် သတ္တုတွင်းများမှထွက်ရှိသောရေနှင့်စိမ့်စမ်းရေကိုအဓိက မှီခိုအသုံးပြုနေရသော်လည်း ထိုရေများ၏အရည်အသွေးနှင့်ပတ်သက်ပြီး စမ်းသပ်စစ်ဆေးမှုများကိုပြုလုပ်နိုင် ခြင်းမရှိဘဲဖြစ်နေရပါသည်။ ထို့အပြင်သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းတွင်အဓိကပါဝင်သော စီးပွားရေး လုပ်ငန်းအင်အားစုများအနေဖြင့်သော်လည်းကောင်း၊ သတ္တုတွင်းဦးစီးဌာနအနေဖြင့်သော်လည်းကောင်း ထို ရေများ၏အရည်အသွေးကိုစမ်းသပ်စစ်ဆေးမှုများ လုပ်ဆောင်မှုမရှိသည်ကိုလည်းတွေ့ရှိရပါသည်။ သို့သော် လည်းအချို့သော လူထုအခြေပြုအရပ်ဖက်အဖွဲ့အစည်းများမှ မော်ချီးသတ္တုတွင်းလုပ်ငန်းတည်ရှိရာဒေသ အတွင်းရှိအဓိက ရေထွက်ပေါက်များနှင့်စမ်းရေကိုစမ်းသပ်စစ်ဆေးမှုများပြုလုပ်ခဲ့ပြီး အချို့သောရေချိုအရင်း အမြစ်များတွင် ခဲသတ္တုဓာတ်(Lead)နှင့်စိန်ဓာတ်(Arsenic) ပါဝင်မှုပမာဏသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ( World Health Organization -WHO)မှသတ်မှတ်ထားသော စံချိန်စံနှုန်းများထက်ကျော်လွန်နေကြောင်း ကိုလည်းတွေ့ရှိရပါသည်။ ကယားပြည်လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးလှုပ်ရှား ဆောင်ရွက်မှုကွန်ရက်အနေဖြင့်လည်း ထိုမော်ချီးသတ္တုမိုင်းလုပ်ငန်းဒေသရှိ ရေချို အရင်းအမြစ်များ၏အရည်

အသေးကိုစမ်းသပ်စစ်ဆေးမှု [Ref:15] (၃)ကြိမ် ပြုလုပ်ခဲ့ပြီး အချို့သော ရေအရင်းအမြစ်တွင် ခဲသတ္တုဓာတ်(Lead) နှင့်စိန်ဓာတ်(Arsenic)ပါဝင်မှုပမာဏသည် သတ်မှတ်ထားသောပမာဏထက်ပိုမိုကျော်လွန်နေသည်ကိုပတ်ဝန်းကျင်ရေးရာဓာတ်ခွဲခန်းမှတ်တမ်းများအရတွေ့ရှိရပါသည်။

မော်ချီးသတ္တုမိုင်းလုပ်ငန်းတွင် မြေအောက်တူးဖော်သည့်စနစ် (ကျင်းစနစ်)ကိုအသုံးပြု၍ သတ္တုတူးဖော်သောကျင်းများ ရာနှင့်ချီရှိသည်နှင့်အညီထိုသတ္တုကျင်းများမှ မြောက်များစွာသော စွန့်ပစ်မြေစာများ၊ ကျောက်ပုတ်များနှင့်ရေဆိုးရေညှစ်များထွက်ရှိပါသည်။ ထိုသတ္တုကျင်းများမှထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများ၊ စွန့်ပစ်မြေဖာများနှင့်ရေဆိုးရေညစ်များကိုများသောအားဖြင့် နီးစပ်ရာနေရာလွတ်ပတ်ဝန်းကျင်များနှင့်မြစ်ချောင်းများအတွင်းသို့အလွယ်တကူစွန့်ပစ်ထားလေ့ရှိပြီး စနစ်တကျစွန့်ပစ်နိုင်ရန်အတွက် စီမံဆောင်ရွက်မှုများမရှိသည်ကိုတွေ့ရှိရသည်။

မော်ချီးသတ္တုမိုင်းလုပ်ငန်းတွင် ခဲသန့်စင်ရန်အတွက်ရေကိုအဓိကအသုံးပြုရသောလုပ်ငန်းတစ်ခုဖြစ်ပြီး ထိုခဲဆေးခြင်းကြောင့် စွန့်ပစ်မြေစာများ၊ ကျောက်ပုတ်များ၊ ရေဆိုးရေညစ်များစွာလည်းထွက်ရှိသောလုပ်ငန်းတစ်ခုဖြစ်သည်။ သို့သော် ခဲသတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းတွင်ပါဝင်လုပ်ဆောင်သောသူများသည် စွန့်ပစ်မြေဖာများ၊ ရေဆိုးရေညစ်များကိုစနစ်တကျစွန့်ပစ်ခြင်းများမရှိသောကြောင့် ပတ်ဝန်းကျင်ရှိကျေးရွာများအပေါ်သို့ မြေဖာများကျရောက်ခြင်း၊ ရေအရင်းများပျက်ဆီးသွားခြင်းများကိုဖြစ်ပေါ်စေပါသည်။ သိသာထင်ရှားသောဖြစ်ရပ်အဖြစ် မော်ချီးတောင်ပေါ်ဒေသမှမြစ်ဖျားခံ၍ စီးဆင်းလာသော မိုလိုချောင်းသည်လည်း သတ္တုတွင်းလုပ်ငန်းမှစွန့်ပစ်လိုက်သော စွန့်ပစ်မြေစာများ၊ ရေဆိုးရေညစ်များနှင့် နည်းစနစ်တကျသတ္တုတူးဖော်မှုမရှိခြင်းတို့ကြောင့် စီမံကိန်းတည်ရှိရာ မိုလိုချောင်းအောက်ပိုင်းတစ်ခုလုံးပျက်ဆီးလုနီးပါးဖြစ်နေပါသည်။

(ဂ) စီမံကိန်းနှင့်ဆက်စပ်သည့် ဘေးအန္တရာယ်ဖြစ်ပွားမှု

မော်ချီးသတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းသည် နှစ်ပေါင်းတစ်ရာကျော် ထုတ်ယူသုံးစွဲခဲ့ပြီးဖြစ်သည်နှင့် အညီ စီမံကိန်းနှင့်ဆက်စပ်သောဘေးအန္တရာယ်ဖြစ်ပွားမှုများသည် မကြာခဏဖြစ်ပွားလျက်ရှိပါသည်။ အချို့သောဖြစ်ရပ်များကို မှတ်တမ်းထားခြင်းပြုလုပ်နိုင်ခဲ့သော်လည်း မှတ်တမ်းတင်ထားနိုင်ခြင်းမရှိသောဖြစ်ရပ်များစွာလည်းရှိပါသည်။ အဓိကအားဖြင့် စီမံကိန်းနှင့်ဆက်စပ်သောကြီးမားသည့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှု (၃)ကြိမ်ရှိခဲ့ပြီး လူနှင့်အဆောက်အဦးများစွာသေကျေပျက်ဆီးမှုဖြစ်စေခဲ့ပါသည်။ ၁၉၇၅ခုနှစ်တွင်ဖြစ်ပွားခဲ့သော အမှတ်(၃)ကျင်းအထက် ကျောက်တောင်ပြိုကျမှုတွင် ရွာသား(၁၀)သေဆုံးခဲ့ပြီး ၁၉.၇.၁၉၈၅ တွင် ဖြစ်ပွားခဲ့သောမြေပြိုမှုတွင်လူ(၂၂)ဦးသေဆုံးခဲ့၍ အိမ်ခြေ(၂၁)လုံးပျက်ဆီးခဲ့သည်။ ၂၀၁၅ခုနှစ်၊ အောက်တိုဘာလတွင်ဖြစ်ပွားခဲ့သောမြေပြိုမှုတွင် လူဦးရေ(၂၈)ဦးခန့်သေဆုံးမှုရှိခဲ့ပြီး အိမ်ခြေပေါင်း (၆၀) ကျော်ပျက်ဆီး ခဲ့ပါသည်။ ထို့အပြင်အသေးစားမြေပြိုခြင်းများသည်လည်း မကြာခဏဖြစ်ပေါ်လျက်ရှိသည့်အပြင် သတ္တုလုပ်ငန်းကြောင့် ထိခိုက်ဒဏ်ရာရမှုများနှင့်သေဆုံးမှုများသည်လည်း မကြာခဏဖြစ်ပေါ်လျက်ရှိပါသည်။

Ref:15 Kayah Earthrights Action Network (မော်ချီးသတ္တုတွင်းမိုင်းဒေသရှိ ရေအရင်းအမြစ်များအား ဓာတ်ခွဲစစ်ဆေးမှုမှတ်တမ်းကို နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။)



သတ္တုမိုင်းလုပ်ငန်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်ဆီးနေမှုတစ်နေရာ

### ၄။ လူမှုစီးပွားရေးဆိုင်ရာအပေါ်သို့ စီမံကိန်း၏သက်ရောက်မှုများ

၂၀၁၈ခုနှစ် မတ်လတွင်ပြုစုထားသော ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စာရင်းများအရ မော်ချီး သတ္တုမိုင်းလုပ်ငန်းတည်ရှိရာ ဖားဆောင်းမြို့နယ်သည် ဘောလခဲခရိုင်အတွင်းရှိမြို့နယ်များတွင်လူဦးရေအများ ဆုံးဖြစ်ပြီး ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း(၁၀)စုဖြင့်ဖွဲ့စည်းထားကာ ကျေးရွာပေါင်း(၅၅)ရွာပါဝင်၍ လူဦးရေ စုစုပေါင်း (၂၂၆၅၅)ဦး ရှိသည်။ မော်ချီးသတ္တုမိုင်းတည်ရှိရာဒေသသည် ဖားဆောင်းမြို့နယ်၊ မော်ချီးကျေးရွာ အုပ်စုအတွင်းတွင်တည်ရှိပြီး ကျေးရွာပေါင်း(၁၀)ရွာပါဝင်၍ လူဦးရေ(၇၇၅၆)ဦးရှိပါသည်။ ၂၀၁၄ခုနှစ် သန်းခေါင်စာရင်းအရ မော်ချီးဒေသတည်ရှိရာဘောလခဲခရိုင်သည် ပျမ်းမျှလူဦးရေ (၄၂၉၀၉)ဦးရှိသည်။ ဖားဆောင်းမြို့နယ်သည် ဘောလခဲခရိုင် အတွင်းရှိ မြို့နယ်များတွင်လူဦးရေအများဆုံးဖြစ်၍ ပျမ်းမျှလူဦးရေ (၂၅၅၉၄)ဦးခန့်ရှိသည်။ မော်ချီးဒေသကျေးရွာအုပ်စုအတွင်းရှိကျေးရွာ(၁၀)ရွာ၏ လူဦးရေမှာ (၁၆၂၁၅)ဦး ဖြစ်ပြီး ထိုအထဲမှဒေသခံ (၆၄၁၅)ဦးနှင့် ရွှေ့ပြောင်းလုပ်သား(၉၈၀၀)ဦးတို့ဖြစ်သည်။



*မော်ချီးသတ္တုမိုင်းအနီးဝန်းကျင်တွင် နေထိုင်ကြသော သတ္တုမိုင်းလုပ်သားများ*

မော်ချီးဒေသအတွင်းရှိကျေးရွာအုပ်စုများအတွင်းတွင်နေထိုင်ကြ သောဒေသခံလူမျိုးအများစုမှာ ကရင်လူမျိုးများဖြစ်ကြသည်။ ထို့အပြင် ကရင်လူမျိုးများ နှင့်အတူ အခြားသော ကယား၊ ကယော၊ ကယန်း၊ ဗမာ ရခိုင် စသည်တို့အပြင် နိုင်ငံခြားသားများဖြစ်သော တရုတ်၊ နီပေါ၊ အိန္ဒိယ စသည်တို့လည်းနေထိုင်ကြသည်။ မော်ချီးဒေသတွင်နေထိုင်သောလူအများစုဖြစ်သည့် ကရင်လူမျိုးများသည် နှစ်ခြင်းခရစ်ယာန်ဘာသာကိုကိုးကွယ်ယုံကြည်ကြပြီး ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၊ တောင်ငူပကူးနှစ်ခြင်းနယ်အသင်းတော်များအဖွဲ့ လက်အောက်ရှိ တောင်ခြမ်းသာသနာအုပ်စု (ကစယ်ခလဲကဝေါ်) အတွင်းတွင်တည်ရှိသည်။ သို့သော်လည်း မော်ချီးဒေသတွင်နေထိုင်သော ဌာနေတိုင်းရင်းသားများ၊ ဒေသခံပြည်သူများနှင့် သတ္တုတွင်းလုပ်ငန်းကိုလုပ်ဆောင်ရန်ရောက်ရှိလာသောသူများအကြားတွင် လူမျိုးရေး၊ ဘာသာရေးအရ ခွဲခြားမှုများမရှိသော်လည်း မိမိတို့အုပ်စုအလိုက်သာပိုမို၍စုစည်းလုပ်ဆောင်မှုများရှိကြပါသည်။ ထို့ကြောင့် မော်ချီးဒေသအတွင်းတွင် နှစ်ခြင်းခရစ်ယာန်ဘာသာကိုကိုးကွယ်ယုံကြည်ကြသောဒေသခံများအပြင်၊ အခြားသောခရစ်ယာန်ဂိုဏ်းကဏ္ဍများနှင့် ဗုဒ္ဓဘာသာကိုကိုးကွယ်ယုံကြည်ကြသူများလည်းရှိကြသည်။ ထို့အပြင်အခြားသောကိုးကွယ်ယုံကြည်မှုများဖြစ်သော ဟိန္ဒူဘာသာနှင့် အစ္စလာမ်ဘာသာကို ကိုးကွယ်ယုံကြည်သောသူများနှင့်မိရိုးဖလာကိုးကွယ်ယုံကြည်သော လူနည်းစုများလည်းရှိသည်။ မော်ချီးဒေသရှိ ဒေသခံတိုင်းရင်းသားများ၏ ယဉ်ကျေးမှုဆိုင်ရာတန်ဖိုးထားမှုများ၊ ဓလေ့ကျင့်ထုံးများသည် အားကောင်းနေဆဲဖြစ်ပြီး ယနေ့ထိတိုင်ထိန်းသိမ်းထားနိုင်ဆဲဖြစ်သည်။

မော်ချီးဒေသသည် ကယားပြည်နယ်၏မြို့တော်လွိုင်ကော်မြို့နယ်နှင့်အလှမ်းကွာဝေးသည့်အပြင် ပြည်တွင်းစစ်၏ဒဏ်ကိုနှစ်ပေါင်းများစွာခံစားခဲ့ရခြင်းကြောင့်ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ရသောဒေသတစ်ခုဖြစ်သည်။ ၂၀၁၂ခုနှစ်နောက်ပိုင်းတွင်မှသာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များဖြစ်သော လမ်းပန်းဆက်သွယ်ရေး၊ ဆက်သွယ်ဆက်ဆံရေး၊ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများကို ပိုမိုလုပ်ဆောင်လာနိုင်ခဲ့သော်လည်း အလှမ်းဝေးနေဆဲဖြစ်ပါသည်။ လက်ရှိအားဖြင့် မော်ချီးဒေသတွင် မော်ချီးတိုက်နယ်ဆေးရုံတစ်ရုံ၊ လိုခါးလို အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တစ်ကျောင်းနှင့် အောက်ရွာအထက်တန်းကျောင်း(ခွဲ)တစ်ကျောင်းရှိပါသည်။ သို့သော်လည်းအစိုးရ၏ပံ့ပိုးမှုအားနည်းခြင်းကြောင့် ဒေသခံပြည်သူများ ကျန်းမာရေးဆိုင်ရာနှင့် ပညာရေးဆိုင်ရာဝန်ဆောင်မှုများကို အပြည့်အဝရယူခံစားနိုင်ခြင်းမရှိသေးဘဲဖြစ်နေရပါသည်။ ထို့အပြင်မော်ချီးဒေသအတွင်း ဒေသခံပြည်သူများအကြားတွင်လည်းသတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကြောင့် ဖြစ်ပေါ်လာသည့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးသက်ရောက်မှုများနှင့်ပတ်သက်ပြီး အသိပညာများသိရှိမှုအားနည်းသည့်အပြင် အစိုးရမှသော်လည်းကောင်း၊ သတ္တုတူးဖော်ထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်းများမှသော်လည်းကောင်း ပံ့ပိုးလုပ်ဆောင်မှုမရှိသည်ကိုတွေ့ရှိရပါသည်။

မော်ချီးဒေသခံများ၏အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ သတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းဖြစ်သော်လည်း သတ္တုလုပ်ငန်းအပြင် နှစ်ရှည်ခြံစိုက်ပျိုးရေးလုပ်ငန်းများဖြစ်သော ဖာလာစိုက်ပျိုးခြင်းလုပ်ငန်း၊ တနိုင်တပိုင်သတ္တုတူးဖော်ခြင်းလုပ်ငန်းများနှင့် ရောင်းဝယ်ရေးလုပ်ငန်းများကိုလုပ်ကိုင်ကြသည်။ အချို့သောဒေသခံအနည်းစုသာလျှင် သတ္တုတူးဖော်ခြင်းလုပ်ငန်းကို ကျင်းစားစနစ်ဖြင့်လုပ်ကိုင်ကြပြီး အများစုသည် ကျောက်ကပ်ရှာဖွေခြင်း၊ ချောင်းခဲဆွဲခြင်းလုပ်ငန်းများနှင့် အသက်အန္တရာယ်ထိခိုက်မှုများသောသတ္တုတူးဖော်ခြင်း ( ဂမ်းထိုးခြင်း၊ မိုင်းခွဲခြင်း) လုပ်ငန်းများကိုလုပ်ကိုင်ကြပါသည်။

မော်ချီးသတ္တုတွင်းတည်ရှိရာဒေသသည် အစိုးရ၏အုပ်ချုပ်မှုယန္တရားထိန်းချုပ်မှုအောက်တွင်ရှိသည်ဟုဆိုသော်လည်း အခြားသောတိုင်းရင်းသားလက်နက်ကိုင်များ၏ ပါဝင်ပတ်သက်မှုများ၊ အုပ်ချုပ်ရေးယန္တရားများလည်း သက်ရောက်မှုရှိသောဒေသတစ်ခုဖြစ်သည်။ ထို့ကြောင့်မြေယာပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်ကို ဆက်လက်ကျင့်သုံးနေဆဲဖြစ်သောဒေသတစ်ခုဖြစ်ပြီး မြေအသုံးချမှုများလုပ်ဆောင်ရန်သက်ဆိုင်ရာရိုးရာဓလေ့အရပိုင်ဆိုင်သောသူများထံမှခွင့်တောင်း၍သဘောတူညီမှုရရှိမှသာလုပ်ဆောင်ကြရသည်။ ၂၀၁၂ ခုနှစ်မြေယာဥပဒေအရ မြေလုပ်ကိုင်ခွင့်များနှင့်စပ်လျဉ်း၍မြေမှတ်ပုံတင်ခြင်းကို အနည်းငယ်သော ဒေသခံများမှ မိမိတို့၏နှစ်ရှည်ခြံများအတွက်ပြုလုပ်ထားကြသော်လည်း ဒေသခံအများစုမှာလယ်ယာမြေမှတ်ပုံတင်ခြင်းကို လုပ်ဆောင်ထားခြင်းမရှိပါ။ သို့သော်လည်း သတ္တုတွင်းတည်ရှိရာမော်ချီးဒေသသည် သတ္တုတွင်းဥပဒေအရ သတ္တုတွင်းဦးစီးဌာနအောက်ရှိစီမံခန့်ခွဲခွင့်ရှိသော သတ္တုတွင်းနယ်မြေအဖြစ်သတ်မှတ်ထားခြင်းခံထားရသော ဒေသတစ်ခုဖြစ်ကျရောက်လျက်ရှိပြီး ဒေသခံများအနေဖြင့် စီမံကိန်းနယ်မြေအဖြစ်သတ်မှတ်ခြင်းအပေါ် ကျေနပ်မှုမရှိသည့်အပြင် စီမံကိန်းနယ်မြေသည် မည်သည့်နေရာမှစတင်၍ မည်သည့်ဒေသအထိရောက်ရှိသည်နှင့်ပတ်သက်သောသတင်းအချက်အလက်များကိုလက်လှမ်းမီရရှိနိုင်ရန်အတွက် ကန့်သတ်ခြင်းခံနေရဆဲဖြစ်ပါသည်။

မော်ချီးဒေသည် အမဲရောင်ဒေသအဖြစ် အစိုးရ၏သတ်မှတ်ခြင်းကိုခံရခဲ့ပြီး ၂၀၁၂ခုနှစ်နောက်ပိုင်းတွင် အစိုးရနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီတို့အကြား ပြည်နယ်အဆင့်အပစ်အခတ်ရပ်စဲသဘောတူညီမှုပြုလုပ်ပြီးမှသာ အနည်းငယ်ပြန်လည်တည်ငြိမ်လာသောဒေသဖြစ်သည်။ သို့သော်လည်းနစ်ဖက်တပ်များအကြား ရံဖန်ရံခါတင်းမာမှုများပြန်လည်ဖြစ်ပေါ်ခဲ့ပြီး ဒေသခံပြည်သူလူထုများအားစိုးရိမ်ခဲ့မှုများဖြစ်ပေါ်စေခဲ့ပါသည်။ မော်ချီးသတ္တုတွင်းလုပ်ငန်းသည် ပြည်နယ်အတွင်းမှဒေသခံများသာမက ပြည်နယ်ပြင်ပမှအထူးသဖြင့် မိတ္ထီလာ၊ ကျောက်ပန်းတောင်း၊ မုံရွာ စသောပြည်မဒေသများမှ ရွှေ့ပြောင်းလုပ်သားများအပြင်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ကရင်ပြည်နယ်ဒေသများမှ ရွှေ့ပြောင်းအလုပ်သမားများသည်လည်း လာရောက်လုပ်ကိုင်ကြပါသည်။ ထို့ကြောင့် ဒေသခံပြည်သူလူထုများနှင့်ရွှေ့ပြောင်းလုပ်သားများအကြား ရံဖန်ရံခါအငြင်းအပွားပဋိပက္ခများဖြစ်ပေါ်လေ့ရှိပြီးတင်းမာမှုများဖြစ်ပေါ်တတ်ပါသည်။ ထို့ပြင်ရွှေ့ပြောင်းလုပ်သားအချို့သည်လည်း ဒေသခံများတားမြစ်ထားသောနေရာများ၊ အထွဋ်အမြတ်ထားရာနေရာများတွင်သွားရောက်၍ခဲတူးယူခြင်း၊ အခြားသောလူမှုရေးဆိုင်ရာချိုးဖောက်မှုများကိုပြုလုပ်ခြင်းကြောင့်လည်း ၎င်းတို့အပေါ်ယုံကြည်မှုမရှိသလို နှစ်သက်ခြင်းများလည်းမရှိဘဲဖြစ်နေရပါသည်။ ဒေသခံများအနေဖြင့် ၎င်းတို့နှင့်မတူညီဘဲ ကွဲပြားခြားနားသောဒေသ၊ နောက်ခံအခြေအနေများမှရောက်ရှိလာသော ရွှေ့ပြောင်းလုပ်သားများကြောင့်မိမိတို့၏ ရိုးရာယဉ်ကျေးမှုများ၊ ဓလေ့နှင့်ကိုးကွယ်ယုံကြည်မှုများ၊ လူမှုရေးစံနှုန်းများကိုတန်ဖိုးထားလေးစားစေလိုကြသည်။ ထို့ကြောင့် ၎င်းတို့နှင့်ပတ်သက်၍ မော်ချီးဒေသခံတစ်ဦးမှ

" *မော်ချီးမှာအနေကြာလာခဲ့တဲ့သူတွေဆိုရင်သိတယ်။ အဲဒီ ၂၀၁၂ မတိုင်ခင်ဆိုရင် ကျနော်အိမ်တံခါးမပိတ်ဘဲနေလို့ရတယ်။ အပြင်မှာထားထားတဲ့အဝတ်တစ်ခါမှမပျောက်ဖူးဘူး။ အခုဆိုရင်တံခါးသော့ခတ်ထားတာတောင်မှ အထဲဝင်ခိုးလာတာတွေရှိလာတယ်။ အဝတ်အစားတွေ ဘာတွေလှမ်းထားရင်လည်းပျောက်တယ်။ ဖိနပ်က အစပျောက်တယ်* " ဟုပြောကြားသွားပါသည်။

စီမံကိန်းလုပ်ငန်းကိုအမှီပြု၍ အတူပါလာသော ရွှေ့ပြောင်းလုပ်သားများကြောင့်လည်း ဒေသခံများ၏အပေါ်တွင်သာမက၊ ရွှေ့ပြောင်းလုပ်သားအချင်းချင်းအကြားတွင်လည်း မကြာခဏဆိုသလို လူမှုရေးဆိုင်ရာချိုးဖောက်မှုများဖြစ်ပေါ်နေပါသည်။ မုဒိန်းမှုကဲ့သို့သောကိစ္စရပ်များသည် ယခင်ကဒေသခံများအကြားတွင်မရှိခဲ့သော်လည်း စီမံကိန်းကိုအမှီပြု၍ပါလာသောရွှေ့ပြောင်းလုပ်သားများကြောင့် မော်ချီးဒေသတွင်မကြာခဏဖြစ်ပေါ် လျက်ရှိပြီး အထူးသဖြင့် ဒေသခံအမျိုးသမီးများနှင့်အမျိုးသမီးငယ်များသည် ထိုသို့သောလူမှုရေးဆိုးကျိုးများကို အများဆုံး ခံစားကြရသည်။ အချို့သောဖြစ်ရပ်များတွင် အရွယ်မရောက်သေးသော အမျိုးသမီးငယ်လေးများကိုယ်တိုင် ခံစားရပြီး ထိုသို့သောကိစ္စရပ်များနှင့်ပတ်သက်ပြီး ဘဝတစ်သက်တာလုံးနစ်နာထိခိုက်မှုများကို ဖြစ်ပေါ်စေပါသည်။ မော်ချီးသတ္တုမိုင်းလုပ်ငန်းနှင့်ဆက်စပ်၍ လာရောက်လုပ်ကိုင်ကြသောရွှေ့ပြောင်းလုပ်သားများနှင့် ပတ်သက်၍ ကုမ္ပဏီများအနေဖြင့် မိမိတို့စီမံကိန်းအတွက်ခေါ်ယူလာသော လုပ်သားအရေအတွက်မည်မျှခေါ်ယူသည်ကိုလည်းကောင်း၊ ရွှေ့ပြောင်းလုပ်သားအရေအတွက်မည်မျှလာရောက်လုပ်ကိုင်နေသည်ကို လည်းကောင်း တရားဝင်ထုတ်ပြန်ထားခြင်းမျိုးမရှိရုံသာမက ထိုရွှေ့ပြောင်းလုပ်သားများနှင့်ပတ်သက်သော လူမှုရေးဆိုင်ရာချိုးဖောက်မှုများအတွက်လည်း တာဝန်ယူ၊ တာဝန်ခံမှုများမရှိဘဲဖြစ်နေရပါသည်။ ထို့အပြင် သက်ဆိုင်ရာအုပ်ချုပ်ရေးတာဝန်ရှိသူများအနေဖြင့်သော်လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှသော်လည်းကောင်း ရွှေ့ပြောင်းလုပ်သားများဝင်ရောက်လာမှုနှင့်ပတ်သက်ပြီး တင်းကျပ်သောထိန်းချုပ်ခြင်းများမရှိဘဲ ဖြစ်နေပါသည်။ ထို့ပြင်ထိခိုက်ခံစားရသောသူများအား ပြန်လည်ကုစားခြင်း၊ ပြုစုစောင့်ရှောက်ခြင်းအစီအစဉ်များ မရှိဘဲ လစ်လျူရှုနေပါသည်။ ထိုသို့သောအခြေအနေများနှင့်စပ်လျဉ်း၍ ထိခိုက်ခံရသော အမျိုးသမီးများ၏အခွင့်အရေး အတွက်လိုက်ပါ ကူညီဆောင်ရွက်ပေးနေသော " Women for Women Foundation - WWF " တာဝန်ခံတစ်ဦးမှ

" *မော်ချီးသတ္တုတွင်းဒေသမှာရှိတဲ့ အမျိုးသမီးများအခြေအနေဟာ တစ်ကယ်မလုံခြုံတဲ့အခြေအနေမှာရှိနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မော်ချီးသတ္တုတွင်းဒေသဟာ လုံခြုံရေးအခြေအနေအရကြည့်မလား၊ ပထဝီအနေအထားအရကြည့်မလား သူတို့ဟာအဓိက ထိခိုက်ခံစားလွယ်တဲ့သူတွေပဲဖြစ်တယ်။ ပြီးတော့ ဒီအခြေအနေမှာ ရွှေ့ပြောင်းလုပ်သားတွေဟာ ဒီအခြေအနေကိုဖြစ်စေတဲ့အကြောင်းအရင်းတွေထဲက တစ်ခုဖြစ်တယ်။ ဒါပေမယ့် ရွှေ့ပြောင်းလုပ်သားများနဲ့ပတ်သက်ပြီးတော့ ကုမ္ပဏီတွေက လူအရေအတွက်ဘယ်လောက်ခေါ်လာတယ်၊ အသုံးပြုတယ်ဆိုတာကို ဒေသခံပြည်သူတွေသိအောင်ပြောလေ့မရှိသလို သူတို့ကြောင့်ဖြစ်လာတဲ့လူမှုရေးဆိုင်ရာချိုးဖောက်မှုကိစ္စတွေမှာလည်းဘာမှတာဝန်ယူမှုမရှိဘူး။ ဒါ့အပြင် သက်ဆိုင်ရာအုပ်ချုပ်ရေးတာဝန်ရှိသူအနေနဲ့ရော၊ လူဝင်မှုကြီးကြပ်ရေးဌာနအနေနဲ့ရော စနစ်တကျစိစစ်ကြီးကြပ်တာတွေလုပ်တာမရှိဘူး၊ ဒီလိုကိစ္စတွေက မကြာခဏဖြစ်နေပေမယ့် ထိခိုက်ခံရသူတွေအတွက် တာဝန်ယူ၊ တာဝန်ခံမှုတွေကင်းမဲ့နေတုန်းပါဘဲ* " ဟု ပြောကြားသွားခဲ့ပါသည်။

ထိုသို့သောစီမံကိန်းနှင့်ဆက်စပ်လျက်ရှိသော လူမှုရေးဆိုင်ရာချိုးဖောက်မှုများသည် မကြာခဏဖြစ်ပေါ်လေ့ရှိပြီး WWF မှတ်တမ်းများအရ လူမှုရေးဆိုင်ရာချိုးဖောက်မှုများသည် တစ်နှစ်ထက်တစ်နှစ်ပိုမိုများပြားလာသည်ကို ဖော်ပြထားပါသည်။ ထို့ကြောင့် အုပ်ချုပ်ရေးအပိုင်းမှတာဝန်ရှိသူများအနေဖြင့် ရွှေ့ပြောင်းလုပ်သားများနှင့် ဆက်စပ်ပြီး ကုမ္ပဏီများမှရွှေ့ပြောင်းလုပ်သားမည်မျှခေါ်ယူသည်ကိုလည်းကောင်း၊ စီမံကိန်းနှင့်ဆက်စပ်သော ရွှေ့ပြောင်းလုပ်သားများ၏ လူမှုရေးဆိုင်ရာပြဿနာများအတွက်တိကျသောစည်းမျဉ်းများဖြင့်ထိန်းချုပ်စိစစ်ခြင်းများကိုပြုလုပ်ရန်လိုအပ်ပါသည်။ မော်ချီးသတ္တုတူးဖော်ထုတ်လုပ်မှုကြောင့် အဓိကအကျိုးအမြတ်ရရှိသူများမှာ

စီးပွားရေးလုပ်ငန်းများနှင့်၎င်းတို့၏ အပေါင်းအပါများဖြစ်ကြသော်လည်း စီမံကိန်းလုပ်ငန်းကြောင့်ဖြစ်ပေါ်လာသည့် လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးချိုးဖောက်မှုများကို အများဆုံးခံစားကြရသူများမှာ မော်ချီးဒေသခံပြည်သူလူထုများဖြစ်ကြပြီး အထူးသဖြင့်အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် ခဲသတ္တုတူးဖော်ခြင်းကိုလုပ်ဆောင်နေသောလုပ်သားများဖြစ်ကြသည်။ အမျိုးသမီးများသည် ခဲဆေးခြင်း၊ ကျောက်ကပ်ကောက်ခြင်းနှင့်ခဲပြာခြင်းလုပ်ငန်းများတွင် အဓိကပါဝင်လုပ်ဆောင်နေကြပြီး အမျိုးသားအများစုသည်အန္တရာယ်ရှိသော်လည်းဝင်ငွေပိုမိုရရန်လွယ်ကူသည့် ကျင်းလုပ်ငန်းကိုလုပ်ကိုင်ခြင်း၊ အဲယားဂန်း (Air-Gun)ဖောက်ခြင်း၊ ယမ်းဆင်ခြင်းနှင့်ယမ်းဖောက်ခွဲရေးလုပ်ငန်းများတွင်ပိုမိုလုပ်ဆောင်ကြသည်။ ထို့ကြောင့် ခဲတူးယူမှုလုပ်ငန်းတွင် ပါဝင်လုပ်ဆောင်ကြသော မော်ချီးဒေသခံအများစုသည် အဆုပ်နှင့်ပတ်သက်သောနာတာရှည်ရောဂါများကို အဓိကရင်ဆိုင်ခံစားကြရပြီး အချို့သည်လည်း သက်တမ်းစေ့မနေနိုင်ဘဲ သေဆုံးကြရမှုများလည်းရှိသည်။

ထိုသို့သော အခြေအနေများနှင့်ပတ်သက်၍ အစိုးရမှသော်လည်းကောင်း၊ သတ္တုတူးဖော်သည့်ကုမ္ပဏီများမှသော်လည်းကောင်း၊ မည်သည့်အဖွဲ့အစည်းမှထိရောက်သောကျန်းမာရေးဆိုင်ရာပုံမှန်ဆေးစစ်ခြင်း၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုပေးခြင်းမရှိသည်ကိုတွေ့ရှိရပါသည်။ ဒေသခံများအနေဖြင့် သတ္တုတူးဖော်မှုလုပ်ငန်းကြောင့်ဖြစ်သော ကျန်းမာရေးဆိုင်ရာပြဿနာများကိုရင်ဆိုင်ခံစားနေရသော်လည်း သက်သေပြစရာအထောက်အထားခိုင်လုံစွာမရှိသောကြောင့်၎င်းတို့၏အခွင့်အရေးများဆုံးရှုံးနေရပါသည်။ ထို့သို့သောအခြေအနေနှင့်ပတ်သက်၍ မော်ချီးဒေသ၏ကျန်းမာရေးစောင့်ရှောက်မှုတွင်နှစ်ပေါင်းများစွာပါဝင်လုပ်ဆောင်ခဲ့သော ဒေသခံကျန်းမာရေးဆရာမတစ်ဦးမှ

" *မော်ချီးမိုင်းနဲ့ပတ်သက်ရင် ကျန်းမာရေးပြဿနာတွေအများကြီးပဲဖြစ်တယ်။ ရင်ကြပ်၊ ပန်းနာ၊ ချောင်းဆိုး၊ တီဘီ၊ အထူးသဖြင့် အဆုပ်နဲ့ပတ်သက်တဲ့ရောဂါတွေဟာ ခဲတွင်းမှာလုပ်ဆောင်တဲ့လူတွေမှာပိုပြီးတော့အဖြစ်များတယ်။ နာတာရှည်ရောဂါတွေပဲလို့ပြောလို့ရတယ်။ အရင်တုန်းကလည်းဖြစ်တယ်။ အခုလည်းဖြစ်နေတုန်းပဲ။ ကျန်းမာရေးနဲ့ပတ်သက်ပြီး လုံလောက်တဲ့ဆေးဝါး၊ ကိရိယာစက်ပစ္စည်းတွေအပြည့်အစုံမရှိတော့ ဒီလိုမိုင်းလုပ်ငန်းကြောင့်ဖြစ်တဲ့ ရောဂါတွေအတွက်မကုသနိုင်ဘူး။ လူတွေအများစုကတော့ ခဏသက်သာဖို့အတွက် ဆေးထိုးကြတယ်၊ ဆေးသောက်ကြတယ်။ ပြီးတော့လည်းပြန်ဖြစ်ကြတယ်။ သေချာကုသဖို့အတွက်ဘာမှမလုပ်နိုင်ကြဘူး* " ဟုပြောကြားသွားခဲ့ပါသည်။

သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းကြောင့် အပေါ်ယံအားဖြင့်ဒေသခံပြည်သူများသည် အခွင့်အလမ်းနှင့် အကျိုးအမြတ်ရရှိသည်ဟုယူဆရသော်လည်း ထိုထက်ကျော်လွန်၍ကြည့်မည်ဆိုလျှင် အကျိုးအမြတ်ကိုကြီးစွာရရှိခံစားသောလူပုဂ္ဂိုလ်နှင့်အုပ်စုများသည် ဤသတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်း၏နောက်ကွယ်တွင်တည်ရှိနေပါသည်။ လက်ရှိအခြေအနေအရ ဒေသခံများသည် သတ္တုတူးဖော်မှုကို လွတ်လပ်စွာပိုမို၍လုပ်ဆောင်လာနိုင်ပြီး စီးပွားရေးအခွင့်အရေးများပိုမိုရရှိလာသော်လည်း ထိုအပေါ်တွင်၎င်းတို့အားထိန်းချုပ်ထားသောအရာများစွာရှိပါသည်။ ဒေသခံကျင်းလုပ်သားများအနေဖြင့် မိမိတို့တူးဖော်ရရှိသော ခဲသတ္တုများကိုကုမ္ပဏီများထံသို့ အချိုးကျပြန်လည်ပေးသွင်းခြင်းများပြုရရုံမျှမက ကုမ္ပဏီမှပေးချေသောဈေးနှုန်းအပေါ်တွင်သာ ခံစားခွင့်ရရှိကြသည်။ အချို့သောသူများသည်လည်း ကုမ္ပဏီထက်ဈေးအနည်းငယ်ပိုသော မှောင်ခိုဈေးကွက်တွင် ရောင်းချခြင်းများကိုပြုလုပ်ကြရပြီး တစ်ခါတစ်ရံတွင် ဖမ်းဆီးခံရခြင်းများ၊ သိမ်းဆည်းခံရခြင်းများကိုပါ တွေ့ကြုံနေရပါသည်။

၅။ သဘာဝပတ်ဝန်းကျင်အပေါ်သို့စီမံကိန်းသက်ရောက်မှုများ

မော်ချီးသတ္တုတွင်းမိုင်းတည်ရှိရာဒေသနှင့်ပတ်ဝန်းကျင်ဒေသရှိကျေးရွာများတွင် နေထိုင်ကြသောဒေသခံပြည်သူများအနေဖြင့် မိမိတို့ဒေသအတွင်း သတ္တုလာရောက်တူးဖော်ထုတ်လုပ်မှုလုပ်ငန်းများနှင့်စပ်လျဉ်းသော သတင်းအချက်အလက်များရရှိရန်အတွက် လက်လှမ်းမီနိုင်မှုမရှိသည့်အပြင် ထိုအကြောင်းအရာများနှင့် ပတ်သက်သောအစည်းအဝေးများတွင်လည်းပါဝင်တက်ရောက်ရန်အတွက် ကန့်သတ်မှုများရှိနေခြင်း၊ စီမံကိန်းကြောင့်ဖြစ်ပေါ်လာမည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများနှင့်ပတ်သက်၍လည်း ကြိုတင်အသိပေးခံရခြင်းမရှိပါ။ ထို့အပြင် စီမံကိန်းကြောင့်ဖြစ်ပေါ်လာမည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများကို တုံ့ပြန်ရန်အတွက် အသိပညာပေးခြင်းများ၊ အများပြည်သူများသိရှိအောင်လုပ်ဆောင်ခြင်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့်ပတ်သက်သောဗဟုသုတလက်ခံရရှိနိုင်မှုများ ကန့်သတ်ခံနေရဆဲဖြစ်ပါသည်။ ဤသို့သတ္တုတူးဖော်ထုတ်လုပ်မှုဆိုင်ရာနှင့်ပတ်သက်သော သတင်းအချက်အလက်လက်ခံရရှိမှုကန့်သတ်ခံထားရခြင်းနှင့်စပ်လျဉ်း၍ မော်ချီးဒေသခံတစ်ဦးမှ

" *အခု KMPC က လုပ်ငန်းသက်တမ်းတိုးဖို့အတွက် EIA တွေကို သူတို့ဟာသူတို့လုပ်သွားတာကိုကြားနေရတယ်။ ဒီဒေသမှာရှိတဲ့ ဒေသခံတွေကိုဘာမှပြောမပြဘူး၊ ချပြတာတွေလည်းမရှိဘူး၊ ကျနော်တို့ဘာမှမသိရဘူး။ ကျနော်တို့ သင်တန်းတွေတက်ရင်းကတစ်ဆင့် EIA လုပ်ငန်းစဉ်တွေအကြောင်းသိလာတော့ သူတို့ကလုပ်ထားတာက EIA လမ်းစဉ်တွေနဲ့တစ်ခြားစီဘဲ။ အဲဒီအထဲမှာဘာတွေပါသလဲဆိုတာကို ကျနော်တို့ဒေသခံပြည်သူလူထုတွေမသိဘူးဖြစ်နေတယ်၊ ပြီးတော့ဥပဒေအရ ကျနော်တို့ကိုအသိပေးသင့်တယ်၊ ဒီလုပ်ငန်းစဉ်တွေမှာ ကျနော်တို့ကိုပါဝင်ခွင့်ပြုသင့်တယ်၊ အခုကုမ္ပဏီကလုပ်လိုက်တဲ့ EIA ဖြစ်စဉ်ကို ကျနော်တို့ဘာမှမသိလိုက်ရတဲ့အတွက် ဒီဖြစ်စဉ်ဟာလုံးဝပွင့်လင်းမြင်သာမှုမရှိဘူး၊ ကျနော်တို့ ဌာနေတိုင်းရင်းသားအခွင့်အရေးတွေကိုလည်း ချိုးဖောက်လိုက်သလိုပါပဲ* " ဟုပြောကြားသွားခဲ့ပါသည်။

မော်ချီးသတ္တုတူးဖော်ထုတ်လုပ်မှုကြောင့် သဘာဝပတ်ဝန်းကျင်ပျက်ဆီးနေမှုများသည် သတ္တုတူးဖော်မှုကို စနစ်တကျလုပ်ဆောင်ခြင်းမရှိခြင်းကြောင့်သော်လည်းကောင်း၊ ပါဝင်လုပ်ကိုင်ဆောင်ရွက်သောလူပုဂ္ဂိုလ် နှင့် အဖွဲ့အစည်းများ၏အကျိုးအမြတ်တစ်ခုကိုသာရှေးရှုခြင်းကြောင့်သော်လည်းကောင်း၊ သတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကိုထိန်းသိမ်းဆောင်ရွက်မည့် ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများ၏အားနည်းမှုကြောင့်သော်လည်းကောင်း၊ သက်ဆိုင်ရာပါဝင်ပတ်သက်သူများ၏ အခွင့်အာဏာအလွဲသုံးစားမှုနှင့် အကျင့်ပျက်ခြစားမှုများကြောင့်ဖြစ်ရပြီး ဒေသအတွင်းတွင်သာမက ဒေသအပြင်ဘက်ရှိ သဘာဝပတ်ဝန်းကျင်များပေါ်သို့လည်း ဆိုးကျိုးသက်ရောက်မှုများဖြစ်စေပါသည်။ သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းတွင်အသုံးပြုရန်အတွက် လိုအပ်သောထောင့်တိုင်သစ်(လယ်ကယ်)အမျိုးအစားအတွက် မော်ချီးဒေသတွင်သာယခင်ကခုတ်ယူခဲ့ပြီး လက်ရှိတွင်မယ်စဲ့မြို့နယ်အတွင်းရှိဒေသများတွင်လည်းခုတ်ယူသုံးစွဲကြပါသည်။ ထိုလိုအပ်သောသစ်များသည်နှစ်စဉ်ပျမ်းမျှတန်ချိန် အနည်းဆုံး(၁၀၀၀)ခန့်သုံးစွဲရပြီး အကျိုးဆက်များအနေဖြင့် သစ်တောပြုန်းတီးမှုများကိုဖြစ်ပေါ်စေပါသည်။ ယခင်ကထိုသစ်များကိုစနစ်တကျ "ပေါင်း" ပြီးမှသာနှစ်ပေါင်းကြာရှည်စွာအသုံးပြုနိုင်ခဲ့ကြသော်လည်း ယခုချိန်များတွင်ထိုသို့လုပ်ဆောင်နိုင်ခြင်းမရှိသည့်အပြင် အသုံးပြုသောသစ်များ၏သက်တမ်းသည်လည်း "နု" သောကြောင့်ကြာရှည်စွာအသုံးပြုနိုင်ခြင်းမရှိဘဲ မကြာခဏလဲလှယ်၍အသုံးပြုကြရပါသည်။ အကျိုးဆက်များအနေဖြင့် သစ်တောပြုန်းတီးမှုကိုပိုမိုဖြစ်ပေါ်စေသည်သာကမ သဘာဝပတ်ဝန်းကျင်နှင့်ဂေဟစနစ်

အပေါ်သို့လည်း ဆိုးကျိုးသက်ရောက်မှုများစွာဖြစ်ပေါ်စေပါသည်။ ထို့အပြင် အဖွင့်တူးစနစ် (Open Pit System) ကိုလုပ်ဆောင်မှုများပိုမိုများပြားလာခြင်းသည်လည်း ဒေသအတွင်းရှိ သဘာဝပတ်ဝန်းကျင်ကို သာကမ ဒေသခံပြည်သူများ၏ ရေအရင်းအမြစ်များ၊ နစ်ရှည်စိုက်ပျိုးခြံများနှင့်သစ်တောများအပေါ်သို့ ဆိုးကျိုး သက်ရောက်မှုများပိုမိုဖြစ်ပေါ်စေပါသည်။

၂၀၁၄ ခုနှစ်တွင် ကယားပြည်နယ်သတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီမှ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက် (Environmental Impacts Assessment)ကို ပြုလုပ်ခဲ့ပြီး သတ္တုတွင်းဦးစီးဌာနသို့တင်ပြမှုများရှိခဲ့သော်လည်း ဒေသခံပြည်သူများအနေဖြင့် ဤဖြစ်စဉ်နှင့်ပတ်သက်ပြီး သိရှိခွင့်မရရှိရုံမျှမက သတ္တုတွင်းဦးစီးဌာနမှလည်း၎င်း အပေါ်တွင် မည်ကဲ့သို့သောဖြစ်စဉ်များဖြင့် အတည်ပြုခြင်း၊ ငြင်းပယ်ခြင်းများပြုလုပ်သည်နှင့်ပတ်သက်သော အချက်အလက်များကိုသိရှိနိုင်ခွင့်များအလုမ်းဝေးနေဆဲဖြစ်ပါသည်။ EIA လုပ်ဆောင်မှုနှင့်ပတ်သက်ပြီး အခြေခံ အားဖြင့် စီမံကိန်းအဆိုပြုသူများသည် စီမံကိန်းဆိုင်ရာအချက်အလက်များဖော်ထုတ်ခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ နှင့်လူမှုရေးဆိုင်ရာဆန်းစစ်လေ့လာမှုများ၊ စုံစမ်းဆောင်ရွက်ခြင်းများ၊ စီမံကိန်းကြောင့်ထိခိုက်နိုင်သူများ၊ ဒေသ ဆိုင်ရာလူထုနှင့်အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများ၊ရပ်ရွာအခြေပြုလူမှုအဖွဲ့အစည်းများနှင့်တွေ့ဆုံ ဆွေးနွေးညှိနှိုင်းမှုများကိုပြုလုပ်ရမည်ဟုဖော်ပြထားသော်လည်း ဒေသခံပြည်သူလူထုများအနေဖြင့်သော်လည်း ကောင်း၊ လူမှုအဖွဲ့အစည်းများအနေဖြင့်သော်လည်းကောင်း သိရှိခွင့်မရှိဘဲ မည်ကဲ့သို့လုပ်ဆောင်ခဲ့သည် နှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှလည်း မည်ကဲ့သို့အတည်ပြုခဲ့သည်ကို နားလည်ရန်ခက်ခဲလှပါသည်။ ထို့အပြင် စီးပွား ရေးလုပ်ငန်းများ၏လူမှုရေးဆိုင်ရာတာဝန်ယူမှု ( Corporate Social Responsibility - CSR) နှင့်ပတ်သက်၍ ရဲထွဋ်ကျော်ကုမ္ပဏီမှလုပ်ငန်းသက်တမ်းတိုးခြင်းကိုဆောင်ရွက်နိုင်ရန်အတွက် ပြင်ဆင်လာမှုများရှိသော်လည်း ကုလသမဂ္ဂ၏ United Nation Global Compact Principles (UNGC) လမ်းညွှန်မှုမူဘောင်ပါအချက် (၁၀)ချက်ကိုလိုက်နာအကောင်အထည်ဖော်ရန်အားနည်းလျက်ရှိနေသေးသည်။ UNGC ၏လမ်းညွှန်ချက်ပါ အချက်များတွင် စီးပွားရေးလုပ်ငန်းများအနေဖြင့် ဒေသခံပြည်သူများ၏လူ့အခွင့်အရေးအပြည့်အဝလေးစား လိုက်နာရေး၊ အလုပ်သမားအခွင့်အရေးလေးစားအသိအမှတ်ပြုရေး၊ သဘာဝပတ်ဝန်းကျင်နှင့်ဆီလျော်သည့် နည်းပညာများကိုအသုံးပြုရေးနှင့် အကျင့်ပျက်ချစားမှုများမရှိရေးတို့အတွက်ဆောင်ရွက်ရေးစသည်ဖြင့် ဖော်ပြ ထားသော်လည်း ကယား(ကရင်နီ)ပြည်ရှိ သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းကုမ္ပဏီများအနေဖြင့် လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်မှုအလွန်အားနည်းနေပြီး ဟန်ပြသက်သက်သာလုပ်ဆောင်နေကြပါသည်။

" ယူကော်ခို(၁၃ကုန်း)ကျေးရွာအောက်မှာရှိတဲ့ ကျင်းအမှတ် ၂၊ ၃၊ ၄၊ ၅ လုပ်ကွက်အားလုံးဟာ လူနေအိမ် အောက်အထိရောက်တယ်။ နောက်ကျရင် ယူကော်ခို(၁၃ ကုန်း)မှာ နေလို့ရပါ့မလားမသိဘူး။ လာတဲ့လမ်း ပဲကြည့်၊ အားလုံးကမြေပြိုပြီး ချောက်ကမ်းပါးပဲရှိတော့တယ်။ မိုးရွာသီဆိုရင်ပိုဆိုးတယ်။ သွားလာဖို့အတွက် အန္တရာယ်အရမ်းများတယ်။ "

Ref: 16 ယူကော်ခို(၁၃ကုန်း)ကျေးရွာသူတစ်ဦး

Ref:16 မိုလိုအမျိုးသမီးများ သတ္တုတွင်းစောင့်ကြည့်လေ့လာရေးကွန်ရက်အဖွဲ့အစီရင်ခံစာ



*သတ္တုတူးဖော်မှုလုပ်ငန်းကြောင့် မြေပြိုမှုများဖြစ်ပေါ်နေသော မော်ချီးသတ္တုမိုင်းတစ်နေရာ*

*" မော်ချီးကတော်တော်ပျက်ဆီးနေပြီ။ ကျနော်ဒီမှာမွေး ဒီမှာကြီးလာတာ ၄၀-၄၅ နှစ်လောက်ရှိပြီ။ ပြောရမယ်ဆိုရင် သဘာဝပတ်ဝန်းကျင်ပျက်ဆီးမှု ၉၀% ရာခိုင်နှုန်းလောက်ပျက်ဆီးနေပြီ။ ကျနော်တို့သမိုင်းတရားခံ အဖြစ်မခံနိုင်ဘူး။ ကျနော်တို့သားသမီးတွေကိုဘယ်လိုအမွေအနှစ်ချန်ထားပေးမလဲ။ သူတို့က ကျနော်တို့ အဖေလက်ထက်မှာ အကုန်ထုတ်သွားပါလားလို့ပြောလိမ့်မယ်။ ကျနော်အဲလိုတော့အဖြစ်မခံဘူး "*

*မော်ချီးဒေသခံတစ်ဦး*

## ၆။ သတ္တုကဏ္ဍတွင်ပါဝင်သော စီးပွားရေးလုပ်ငန်းများ၏လူ့အခွင့်အရေးဆိုင်ရာချိုးဖောက်မှုအခြေအနေများ

ကယား(ကရင်နီ)ပြည်၏ သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများတွင်ပါဝင်ပတ်သက်သော လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများ၏ သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းပါဝင်လုပ်ဆောင်မှုကြောင့် သတ္တုတူးဖော်ထုတ်လုပ်မှုနှင့်ဆက်နွယ်သောလူ့အခွင့်အရေးချိုးဖောက်မှုများသည် သတ္တုတူးဖော်မှုလုပ်ငန်းစဉ်အဆင့်တိုင်းတွင် ဖြစ်ပေါ်နေပါသည်။ အလုပ်သမားခန့်ထားခြင်းအပေါ်တွင်လည်းကောင်း၊ သတ္တုတူးဖော်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များရယူခွင့်အတွက်သော်လည်းကောင်း၊ သတ္တုဝယ်ယူရောင်းချခြင်းအပေါ်တွင်သော်လည်းကောင်း၊ သတ္တုတူးဖော်မှုလုပ်ငန်းများ၏လိုက်နာဖြည့်ဆည်းရမည့် လူမှုရေးဆိုင်ရာတာဝန်ယူမှုများအပေါ်တွင်သော်လည်းကောင်း လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်ပေါ်နေပါသည်။ မော်ချီးခဲမဖြူအဖြိုက်နက်သတ္တုတူးဖော်မှုလုပ်ငန်းများလုပ်ဆောင်သောစီးပွားရေးလုပ်ငန်းများသည် သတ္တုတူးဖော်ထုတ်ယူမှုလုပ်ငန်းများလုပ်ဆောင်ရန် အလုပ်သမားများခန့်ထားရာတွင် ၂၀၁၀ခုနှစ်နောက်ပိုင်းတွင်ပြဌာန်းလိုက်သော အလုပ်သမားဥပဒေများနှင့်အညီခန့်ထားခြင်းများမရှိဘဲ မိမိတို့၏နီးစပ်ရာမှတဆင့်ခေါ်ယူ၍ခန့်ထားခြင်းများပြုလုပ်လေ့ရှိသည်။ ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း ပြည်ထောင်စုသည်အလုပ်သမားများ၏ အခွင့်အရေးများကိုကာကွယ်ပေးရန်အလို့ငှာဥပဒေများပြဌာန်းပေးရန်လိုအပ်သည်ဟုဖော်ပြထားသော်လည်း ထိရောက်သောအကာအကွယ်ပေးမည့် ဥပဒေများအားနည်းလျက်ရှိနေသေးပါသည်။ ထို့ကြောင့်အလုပ်သမားများသည် သတ္တုတူးဖော်မှုလုပ်ငန်းများကြောင့် ထိခိုက်၊ သေဆုံးရမှုများကြုံတွေ့ရပါက ထိုက်တန်သင့်လျော်သော လျော်ကြေးသို့မဟုတ် နစ်နာကြေးများမရရှိဘဲ ဂရုဏာကြေးများဖြင့်သာကျေနပ်ခဲ့ရသည်။ ထို့အပြင် သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းနှင့်ဆက်စပ်လျက်ရှိသော ထိခိုက်မှုများအတွက် အခြားသောကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုများနှင့် လူမှုရေးဆိုင်ရာဝန်ဆောင်မှုများကိုလည်း ခံစားရခြင်းမရှိပေ။ ထို့အပြင်ထိုသို့သော အန္တရာယ်ရှိသောလုပ်ငန်းများကိုလုပ်ဆောင်နေသောအလုပ်သမားအများစုသည် အမျိုးသားများ(အထူးသဖြင့် လူငယ်၊ လူလတ်များ)ဖြစ်ကြ၍ နစ်အနည်းငယ်အတွင်းသာလုပ်ဆောင်နိုင်ပြီး အကျိုးဆက်အနေဖြင့် ခဲဆိပ်သင့်ခြင်းများ၊ အဆုပ်တီဘီများ စသောနာတာရှည်ရောဂါများကိုခံစားကြရသည်။ အများစုသည် ဤသို့သောရောဂါများဖြင့်သာသေဆုံးကြရပြီး ထိုအတွက် မည်သည့်နစ်နာကြေး သို့မဟုတ် ကုစားမှုများကိုမရရှိဘဲဖြစ်ကြရပါသည်။ ဤသို့သောအခြေအနေနှင့်စပ်လျဉ်း၍ မော်ချီးဒေသတွင်နစ်ပေါင်းသုံးဆယ်ကျော်နေထိုင်လာပြီးဖြစ်သော ဒေသခံတစ်ဦးမှ

" *ခဲတူးတဲ့လုပ်ငန်း အထူးသဖြင့် ဂမ်းဖောက်တဲ့လုပ်ငန်းတွေမှာလုပ်ဆောင်နေတဲ့ အမျိုးသားတွေကအသက်ကြာကြာမရှည်ဘူး၊ (၆)လ သို့မဟုတ် (၁)နှစ်လောက်ဆိုရင် သူတို့ဆက်မလုပ်နိုင်တော့ဘူး၊ အဲဒီဒက်နဲ့ပဲရောဂါရ၊ အများစုကတော့ သက်တမ်းစေ့မနေဘဲသေသွားကြတယ်။ ဒီအလုပ်ကအန္တရာယ်ရှိပေမယ့် ပိုက်ဆံနဲနဲပိုရတော့ သူတို့ဒါကိုပဲလုပ်ကြတယ်။ အချို့ဆိုရင် ပြည်နယ်တွင်းအခြားဒေသကလာကြတယ်၊ လူငယ်တွေအများစုဖြစ်တယ်။ လာတုန်းကတော့သန်သန်မာမာဘဲ၊ ဒါပေမယ့် သူတို့လည်းရေရှည်မလုပ်နိုင်ဘူး၊ ရတဲ့ပိုက်ဆံကိုဆေးပြန်ကုနဲ့ဖို့တောင်လောက်မယ်မထင်ဘူး၊ ကုမ္ပဏီတွေကလည်း ဒီအတွက်ဘာမှတာဝန်မယူဘူး၊ ထိခိုက်တာကတော့ တစ်နိုင်တစ်ပိုင်လုပ်စားတဲ့သူတွေ၊ ဒေသခံတွေပေ့ါ၊ ဒါပေမယ့်အကျိုးအမြတ်များကိုတော့ သူတို့(ကုမ္ပဏီ)တွေပဲခံစားရကြတယ်လေ* " ဟုပြောကြားသွားပါသည်။

သတ္တုတူးဖော်မှုလုပ်ငန်းတွင် ပါဝင်လုပ်ဆောင်ကြသောလုပ်သားများအနေဖြင့်မိမိတို့၏ ဘဝလုံခြုံမှုများအတွက်အခွင့်အရေးများခံစားခွင့်များမရှိဘဲ ဖြစ်ပေါ်လာသောလူမှုစီးပွားဆိုင်ရာအကျိုးဆက်များကို မိမိတို့ကိုယ်တိုင်

သာရင်ဆိုင်ဖြေရှင်းကြရပါသည်။ သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းကို လုပ်ဆောင်သောစီးပွားရေးလုပ်ငန်းများ အနေဖြင့် ၎င်းတို့၏လုပ်ငန်းနှင့်ဆက်နွယ်၍ဖြစ်ပေါ်သော ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ အတွက် တာဝန်ယူမှုများမရှိဘဲသတ္တုတူးဖော်ထုတ်လုပ်မှုကြောင့် ထိခိုက်ပျက်ဆီးသွားသော မြစ်ချောင်းများနှင့် သဘာဝအရင်းအမြစ်များအတွက်သော်လည်းကောင်း၊ ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုအစီအစဉ်များနှင့် စိတ်ချလုံခြုံသောရေသန့်ရရှိရေးတို့အတွက် ဝန်ဆောင်မှုပေးခြင်းများမရှိဘဲဖြစ်နေပါသည်။ ဒေသခံပြည်သူများ အနေဖြင့်သော်လည်းကောင်း၊ သတ္တုတူးဖော်မှုလုပ်ငန်းတွင်ပါဝင်လုပ်ဆောင်သောဒေသခံပြည်သူများနှင့် အလုပ်သမားများအနေဖြင့်သော်လည်းကောင်း ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာလုံခြုံမှုရရှိခံစားခွင့်များရှိသော် လည်း ၎င်းတို့၏အခွင့်အရေးများချိုးဖောက်ခံနေရပါသည်။ ထို့အပြင်ကုမ္ပဏီထံမှကျင်းစားစနစ်ဖြင့် တစ်နိုင် တစ်ပိုင်လုပ်ကိုင်ဆောင်ရွက်နေသော ဒေသခံများအနေဖြင့် မိမိတို့ရရှိသောသတ္တုများကို ကုမ္ပဏီထံသို့ပြန် လည်ရောင်းချခြင်းပြုရာတွင်လည်း ပေါက်ဈေးထက်နိမ့်ခြင်း၊ ကုမ္ပဏီမှပံ့ပိုးသောယမ်းများသည်လည်း အချိန်မီ ပံ့ပိုးမှုမရရှိခြင်း၊ ခဲဈေးများချေရာတွင်လည်း ကာလရှည်စွာအချိန်ယူခြင်းနှင့် ဒေသခံများအနေဖြင့် ပြင်ပသို့ ရောင်းချမှုများပြုရာတွင်လည်း ဖမ်းဆီးခြင်း၊ သိမ်းဆည်းခြင်းများကိုခံရကြပါသည်။



*မော်ချီးသတ္တုမိုင်းဒေသသို့ဝင်ရောက်ရန် တစ်ခုတည်းသောလမ်းကြောင်းပေါ်ရှိ အမှတ်(၂)စစ်တပ်ဂိတ်*

ဒေသခံပြည်သူများအနေဖြင့် နှစ်ပေါင်းခြောက်ဆယ်ကျော်ပြည်တွင်းစစ်၏ဒဏ်ကိုအလူးအလဲခံစားခဲ့ရသည်ဖြစ် ၍ အကြောက်တရားစိုးမိုးမှုသည်လည်း ယနေ့ထိတိုင်ဖြစ်ပေါ်နေဆဲဖြစ်ပါသည်။ ၎င်းတို့အနေဖြင့် အထက်ပါ လူ့အခွင့်အရေးချိုးဖောက်မှုများကိုခံစားနေရသော်လည်း တရားမျှတမှုများအတွက်တောင်းဆိုခြင်းများကို မပြု လုပ်နိုင်ဘဲဖြစ်နေရပါသည်။ ထို့အပြင် ဤသတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းတွင်ပါဝင်ပတ်သက်သောသူများ သည် စစ်တပ်ကိုယ်တိုင်သော်လည်းကောင်း၊ စစ်တပ်နောက်ခံပြုထားသောကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်များ၊ အခြားသောလုပ်ပိုင်ခွင့်ရှိသူများဖြစ်ကြသည်။ ထိုသို့ဒေသခံများ၏သတ္တုဆိုင်ရာအခွင့်အရေးများအတွက် ပံ့ပိုး

ကူညီလုပ်ဆောင်သောသူများသည်လည်း နည်းမျိုးစုံဖြင့်ခြိမ်းခြောက်ခြင်း၊ ဖိနှိပ်ခြင်း၊ လုပ်ဆောင်မှုများကန့်သတ်ခံရခြင်းစသည်တို့နှင့်ကြုံတွေ့ရပါသည်။

သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးနှင့်သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့်လည်း ကယား(ကရင်နီ)ပြည်တွင် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းဌာနလက်အောက်၌ အကောင်အထည်ဖော်ဆောင်ရွက်နေသော သတ္တုတူးဖော်မှုလုပ်ငန်းများအပေါ်တွင် လူ့အခွင့်အရေးနှင့်သဘာဝဝန်းကျင်ဆိုင်ရာအခွင့်အရေးချိုးဖောက်မှုများကို ကြီးကြပ်စောင့်ကြည့်ခြင်း၊ ထိန်းသိမ်းဆောင်ရွက်ခြင်းများကိုပြုလုပ်ရန် အလွန်အားနည်းလျက်ရှိနေပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရသစ်လက်ထက်တွင် ဒေသခံများ၏သတ္တုဆိုင်ရာအခွင့်အရေးများနှင့်ပတ်သက်ပြီးသုံးပွင့်ဆိုင်တွေ့ဆုံမှုများပြုလုပ်မှုများရှိလာခဲ့သော်လည်း သိသာထင်ရှားသောတိုးတက်ပြောင်းလဲမှုများကို မတွေ့ရှိရသေးပါ။ ထို့အပြင် လူ့အခွင့်အရေးနှင့်သဘာဝဝန်းကျင်ဆိုင်ရာအခွင့်အရေးချိုးဖောက်မှုများကိုဖြစ်စေသောသတ္တုတူးဖော်ထုတ်လုပ်သည့်ကုမ္ပဏီများအပေါ်သို့ ထိရောက်သော ဖိအားပေးအရေးယူဆောင်ရွက်ခြင်း၊ တားမြစ်ခြင်းများကိုလုပ်ဆောင်နိုင်မှုမရှိဘဲဖြစ်နေရပါသည်။ ထို့အပြင်သတ္တုတူးဖော်ထုတ်လုပ်မှုနှင့်ဆက်စပ်၍လာရောက်လုပ်ကိုင်နေသော နိုင်ငံခြားသား (တရုတ်လူမျိုး)များနှင့်ပတ်သက်၍ မည်သို့သောပုံစံဖြင့်ခွင့်ပြုထားသည်ကို ဒေသခံများအနေဖြင့် နားလည်နိုင်မှုမရှိဘဲဖြစ်နေရပါသည်။ ပြည်ထောင်စုအစိုးရ၏ခွင့်ပြုချက်ဖြင့်လာရောက်လုပ်ဆောင်နေခြင်းများလော သို့မဟုတ် ပြည်နယ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် သတ္တုတွင်းဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့်လာရောက်လုပ်ဆောင်နေခြင်းလောကို ရှင်းလင်းစွာဖော်ထုတ်စိစစ်ရန်လိုအပ်ပါသည်။ ကယားပြည်နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှလည်း ဤသို့နိုင်ငံခြားသားအများအပြားလာရောက်၍ သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းတွင် ပါဝင်ပတ်သက်လုပ်ဆောင်နေခြင်းများကိုအရေးယူဆောင်ရွက်ခြင်းများလုပ်ဆောင်ရန် နှောင့်နှေးလျက်ရှိနေပါသည်။



*မော်ချီးသတ္တုမိုင်းလုပ်ငန်းတွင် လုပ်ဆောင်နေကြသောလုပ်သားများ*

ရ။ လက်ရှိနိုင်ငံရေးအခင်းအကျင်းနှင့်လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခြေအနေ

သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းသည် ကယား(ကရင်နီ)ပြည်၏အဓိကစီးပွားရေးလုပ်ငန်းတစ်ခုထဲအပါအဝင်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင်များသာမက စစ်တပ်နှင့်အခြားသောလက်နက်ကိုင်အဖွဲ့အစည်းများ၏ အဓိကကျသောဝင်ငွေအခွင့်အလမ်းအတွက် အရေးပါသောလုပ်ငန်းတစ်ခုဖြစ်သည်။ ကယား(ကရင်နီ)ပြည်ရှိ တိုင်းရင်းသားတော်လှန်ရေးလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် အစိုးရနှင့်အပစ်အခတ်ရပ်စဲခြင်းမပြုမီတွင် ၄င်းတို့အနေဖြင့် သိသာထင်ရှားစွာပါဝင်လုပ်ဆောင်ခြင်းမရှိသော်လည်း အစိုးရနှင့်အပစ်အခတ်ရပ်စဲပြီးနောက်ပိုင်းတွင် ၄င်းတို့၏ပါဝင်ပတ်သက်မှုများသည် ပိုမိုများပြားလာပါသည်။ ထို့ကြောင့် ၄င်းတို့အနေဖြင့်အစိုးရနှင့်အပစ်အခတ်ရပ်စဲခြင်းပြုပြီးနောက်ပိုင်းတွင် အခြားသောစီးပွားရေးဆိုင်ရာအခွင့်အရေးများအပြင် သတ္တုတူးဖော်ထုတ်လုပ်မှုဆိုင်ရာအခွင့်အရေးပါရရှိလာကြပြီး ဤလုပ်ငန်းတွင်ပါဝင်ပတ်သက်လာကြသည်။

အစိုးရအနေဖြင့်လည်းနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုများကိုအရှိန်အဟုန်မြင့်လုပ်ဆောင်ရန်အတွက် အစီအစဉ်များချမှတ်ဆောင်ရွက်ရာတွင် နိုင်ငံတစ်ဝှမ်းဖွံ့ဖြိုးတိုးတက်မှုများအတွက် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ စတင်လုပ်ဆောင်နေပါသည်။ တစ်ဘက်တွင်လည်းရည်ရွယ်ချက်ကောင်းများဖြင့်လုပ်ဆောင်သော်လည်း အခြားတစ်ဘက်တွင် သက်ဆိုင်ရာဒေသရှိဒေသခံများ၏ လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအပေါ်သို့လည်း ပါဝင်ပတ်သက်သူများ၏လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကြောင့် ဆိုးကျိုးသက်ရောက်မှုများစွာဖြစ်ပေါ်စေပါသည်။ သို့ရာတွင်ထိုသို့သောအခြေအနေများကိုထိန်းကျောင်း၊ ကြီးကြပ်မည့်ယန္တရားများမရှိခြင်းကြောင့် ထိရောက်သောကြီးကြပ်ထိန်းသိမ်းခြင်းများကို မလုပ်ဆောင်နိုင်ဘဲအကျိုးဆက်များကို ဒေသခံပြည်သူလူထုများမှသာခံစားကြရပါသည်။ ၂၀၁၀ခုနှစ် နောက်ပိုင်းတွင် ကယား (ကရင်နီ)ပြည်၏သဘာဝအရင်းအမြစ်အခြေပြုရင်းနှီးမြှုပ်နှံမှုများတွင် ပါဝင်ပတ်သက်လာသောစီးပွားရေးလုပ်ငန်းများသည် ပိုမိုများပြားလာပြီး သတ္တုတူးဖော်ထုတ်လုပ်မှုကဏ္ဍ၊ အကြီးစားမြေယာအခြေပြုစီးပွားရေးလုပ်ငန်းကဏ္ဍ၊ အကြီးစားစက်ရုံကြီးများတည်ထောင်မှုကဏ္ဍ၊ ခရီးသွားလာရေးလုပ်ငန်းကဏ္ဍတို့တွင် ပိုမိုအာရုံစိုက်ချဉ်းကပ်လာကြသည်။ သို့သော်လည်း ထိုသို့သောရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတိုင်း၏ လုပ်ငန်းအကောင်အထည်ဖော်မှုဖြစ်စဉ်တိုင်းတွင် ဒေသခံများ၏သဘောဆန္ဒများများလစ်လျူရှုခံရခြင်း၊ လူ့အခွင့်အရေးဆိုင်ရာချိုးဖောက်မှုများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးချိုးဖောက်မှုများကို စီးပွားရေးလုပ်ငန်းတွင်ပါဝင်ပတ်သက်သူများ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကြောင့် ဖြစ်ပေါ်နေပါသည်။

လက်ရှိတွင်လည်း ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)သည် တစ်နိုင်ငံလုံးအပစ်အခတ်ရပ် သဘောတူညီမှုစာချုပ်တွင် သဘောတူလက်မှတ်ရေးထိုးထားခြင်းမရှိသေးသော်လည်း ပြည်နယ်အဆင့်ပဏာမအပစ်အခတ်တိုက်ခိုက်ရပ်စဲရေးသဘောတူညီမှုနှင့် ပြည်ထောင်စုအဆင့်တွင်အပစ်အခတ်ရပ်သဘောတူညီမှုကိုအစိုးရနှင့်ပြုလုပ်ထားပြီးဖြစ်သည်။ ဤသဘောတူညီချက်ပါအချက်များအရ အပစ်အခတ်ရပ်သဘောတူညီထားသည့်ကာလအတွင်းတွင် အကြီးစားစီမံကိန်းကြီးများကိုအကောင်အထည်ဖော်ဆောင်ရွက်ခြင်းမပြုရန်ပါရှိသော်လည်း အပစ်အခတ်ရပ်သဘောတူညီမှုပြုလုပ်ပြီးကာလနောက်ပိုင်းတွင် စီးပွားရေးလုပ်ငန်းအင်အားစုများသည် ကယား(ကရင်နီ)ပြည်တွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်အတွက်ချဉ်းကပ်လာမှုများပိုမိုမြင့်တက်လာခဲ့သည်။ သို့သော် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူတာဝန်ခံမှုများမရှိသည့်အပြင် အကျိုးဆက်အနေဖြင့် စီးပွားရေးလုပ်ငန်းများကြောင့်ဖြစ်သော လူ့အခွင့်အရေးဆိုင်ရာနှင့်သဘာဝဝန်းကျင်ဆိုင်ရာအခွင့်အရေးချိုးဖောက်မှုများသည် ပိုမိုများ

ပြားလာပြီး ထိုသို့သောအခြေအနေများအတွက် တာဝန်ယူ၊ တာဝန်ခံမည့်သူများ၊ အဖွဲ့အစည်းများ၊ ယန္တရားများလည်းကင်းမဲ့လျက်ရှိနေပါသည်။ ဌာနေတိုင်းရင်းသားများ၊ ဒေသခံပြည်သူများအနေဖြင့် ပြည်တွင်းစစ်၏ဒဏ်ကြောင့် လူ့အခွင့်အရေးနှင့်သဘာဝဝန်းကျင်ဆိုင်ရာအခွင့်အရေးချိုးဖောက်မှုများကို ဆယ်စုနှစ်များစွာ ရင်ဆိုင်ကြုံတွေ့ခံစားခဲ့ရပြီး ယခုတွင်လည်း မိမိတို့၏အကျိုးအမြတ်ကိုသာဦးစားပေးလုပ်ဆောင်သော စီးပွားရေးလုပ်ငန်းများနှင့် ဗဟိုလွှမ်းမိုးချုပ်ကိုင်သော ဖျူရိုကရေစီအုပ်ချုပ်ရေးယန္တရားများ၏အောက်တွင် လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးချိုးဖောက်မှုများကို အသစ်တဖန်ရင်ဆိုင်ကြုံတွေ့ခံစားနေရပါသည်။ တစ်ဘက်တွင်လည်းတစ်နိုင်ငံလုံးဆိုင်ရာငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နေသော်လည်း အခြားတစ်ဘက်တွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးတည်ဆောက်ခြင်းလုပ်ငန်းစဉ်များကိုထိခိုက်ပျက်ဆီးစေမည့် လူ့အခွင့်အရေးဆိုင်ရာနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးချိုးဖောက်မှုများဖြစ်စေသော စီးပွားရေးလုပ်ငန်းများကိုခွင့်ပြုခြင်းကိုပြန်လည်စိစစ်ရန်နှင့် အနာဂတ်တွင်စီးပွားရေးလုပ်ငန်းများနှင့်ဆက်နွယ်သော လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးချိုးဖောက်မှုများကို လျော့နည်းပပျောက်သွားစေရန်အတွက် ၎င်းတို့၏အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ကန့်သတ်ထိန်းချုပ်ရန်၊ အရေးယူဆောင်ရွက်မှုများပြုရန်အတွက်ခိုင်မာသော ယန္တရားများကိုတည်ဆောက်သွားရန်လိုအပ်ပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၏ သတ္တုများ ပြည်ပတင်ပို့မှု နှစ်ချုပ်စာရင်း

| စဉ် | သတ္တုအမျိုးအစား | တန်ချိန် (MTS) | တန်ဖိုး(သန်းပေါင်း) | | |
|---|---|---|---|---|---|
| | | | US$ | Euro | ကျပ် |
| ၁ | ခဲမဖြူသတ္တုသန့်စင် | 570.5315 | 3.502 | - | 2953.145 |
| ၂ | ခဲမဖြူအဖြိုက်နက်ရောရာသတ္တု | 461.9737 | 3.954 | - | 3358.861 |
| ၃ | မော်ချီးရောရာသတ္တု | 918.0645 | 4.312 | 4.206 | 8398.775 |
| ၄ | အဖြိုက်နက်သန့်စင် | 16.4247 | 0.207 | - | 176.321 |
| ၅ | ခဲမဖြူသတ္တုသန့်စင်(အဆင့်နိမ့်) | 12.5896 | 0.099 | - | 85.360 |
| ၆ | ရှိုးလိုက်သတ္တု | 2.2490 | 0.019 | - | 15.771 |
| ၇ | အဖြိုက်နက်(အဆင့်နိမ့်) | 0.8700 | 0.007 | - | 5.546 |
| | စုစုပေါင်း | 1982.7030 | 12.100 | 4.206 | 14993.779 |

*ကယားပြည်နယ် မော်ချီးသတ္တုလုပ်ငန်းနှင့်သက်ဆိုင်သော ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များ*
*(ရင်းမြစ်- သတ္တုတွင်းဌာနဝက်ဆိုဒ်)*

၈။ သုတေသနပြုခြင်းဖြစ်စဉ်၏ အားသာချက်နှင့်အကန့်အသတ်

ဤသုတေသနပြုခြင်းလုပ်ငန်းစဉ်များကိုလုပ်ဆောင်နိုင်ရန်အတွက် ကယားပြည်လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးလှုပ်ရှားဆောင်ရွက်မှုကွန်ရက်သည် ၂၀၁၄ခုနှစ် အစောပိုင်းကာလများမှစတင်၍ ကယား(ကရင်နီ)ပြည်အတွင်းရှိ သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများတည်ရှိရာဒေသရှိ သက်ဆိုင်ရာဒေသခံများ၊ ကျေးရွာခေါင်းဆောင်များ၊ လူ့အခွင့်အရေးဆိုင်ရာကိစ္စများတွင်တက်ကြွစွာပါဝင်ဆောင်ရွက်နေသောကိုယ်စားလှယ်များနှင့်တွေ့ဆုံမေးမြန်း၍ သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများကြောင့် ၄င်းတို့ရင်ဆိုင်နေရသော လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်သောအခြေအနေများကိုသုတေသနပြုမှတ်တမ်းတင်နိုင်ခဲ့ပါသည်။ ဤအစီရင်ခံစာတွင် သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းတွင် ပါဝင်ပတ်သက်သောစီးပွားရေးလုပ်ငန်းများနှင့်တွေ့ဆုံ၍မှတ်တမ်းတင်နိုင်ခြင်းမရှိသည်မှာလည်း ဤသုတေသနပြုခြင်း၏အကန့်အသတ်တစ်ခုဖြစ်သည်။ ထို့အပြင် သုတေသနပြုခြင်းတွင် ပါဝင်လုပ်ဆောင်သောသူများ၏လုံခြုံရေးကိစ္စနှင့်ပတ်သက်၍လည်း အချို့သောအမည်နာမနှင့်သတင်းအချက်အလက်များကိုထိန်ချန်ထားမှုများလည်းပြုလုပ်ခဲ့ရပါသည်။

သို့သော်လည်း ဤအစီရင်ခံစာအားဖြင့် ကယား(ကရင်နီ)ပြည်အတွင်းရှိ သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းကြောင့်ဖြစ်ပေါ်သော လူ့အခွင့်အရေးနှင့်သဘာဝဝန်းကျင်ဆိုင်ရာအခွင့်အရေးချိုးဖောက်မှုအခြေအနေများ၊ သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းတွင်ပါဝင်ပတ်သက်သောသူများ၊ ဒေသခံများနှင့်ဌာနေတိုင်းရင်းသားများရင်ဆိုင်နေရသော လူ့အခွင့်အရေးနှင့်သဘာဝဝန်းကျင်ဆိုင်ရာအခွင့်အရေးချိုးဖောက်မှုများကိုသိရှိနိုင်မည်ဖြစ်ပြီး ကယား(ကရင်နီ)ပြည်၏ သတ္တုတူးဖော်ထုတ်လုပ်မှုကဏ္ဍတွင် ဒေသခံများနှင့်ဌာနေတိုင်းရင်းသားများ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားကိုဦးတည်သည့် ရေရှည်တည်တံ့သော၊ တာဝန်ယူတာဝန်ခံမှုရှိသော၊ ပွင့်လင်းမြင်သာမှုရှိသော သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများ ဖြစ်လာနိုင်စေရန်အတွက်ရည်ရွယ်ပါသည်။

## ၉။ အချက်အလက်ကောက်ယူမှုပုံစံနှင့်အသုံးပြုသည့်နည်းစနစ်

ဤအစီရင်ခံစာထွက်ပေါ်လာရေးအတွက် ကယားပြည်လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးလှုပ်ရှားဆောင်ရွက်မှုကွန်ယက်သည် ၂၀၁၄ခုနှစ်အစောပိုင်းကာလမှစတင်၍ ကယား(ကရင်နီ)ပြည်အတွင်းရှိ သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများနှင့်ဆက်နွယ်သော လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်ပြီး သုတေသနပြုခြင်းကိုလုပ်ဆောင်ခဲ့ပါသည်။ ဤသုတေသနပြုခြင်းတွင် ကယား(ကရင်နီ)ပြည်အတွင်းရှိ သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်နေသောဒေသရှိ ဒေသခံပြည်သူလူထုများ၊ ဌာနေတိုင်းရင်းသားများ၊ သတ္တုကဏ္ဍတွင်ဒေသခံများ၏လူ့အခွင့်အရေးတိုးတက်ခံစားရရှိစေရေးအတွက်လှုပ်ရှားဆောင်ရွက်နေသော လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများတို့နှင့်တွေ့ဆုံပြီး အချက်အလက်ကောက်ယူခြင်း၊ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ဓာတ်ပုံနှင့်မှတ်တမ်းဗီဒီယိုများမှတ်တမ်းတင်ခြင်း၊ ၎င်းတို့ရင်ဆိုင်နေရသော လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးချိုးဖောက်မှုများကိုနားထောင်ခြင်း၊ ဒေသခံများနှင့်တွေ့ဆုံမေးမြန်းခြင်းများကိုပြုလုပ်ခဲ့ပါသည်။ ဤအစီရင်ခံစာထွက်ပေါ်လာရေးနှင့်ပတ်သက်ပြီး ကယားပြည်လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးလှုပ်ရှားဆောင်ရွက်မှုကွန်ယက်အသုံးပြုခဲ့သော အချက်အလက်ကောက်ယူမှုပုံစံနှင့်အသုံးပြုသည့် နည်းနစ်များကိုအောက်တွင်ဖော်ပြထားပါသည်။

### (က) မေးခွန်းပုံစံများအသုံးပြု၍အချက်အလက်ကောက်ယူခြင်း

ဤအစီရင်ခံစာပြုစုနိုင်ရန်အတွက် ကယားပြည်လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးလှုပ်ရှားဆောင်ရွက်မှုကွန်ယက်သည် အဓိကအချက်(၉)ချက်ပါသော မေးခွန်းပုံစံကိုဒေသခံကိုယ်စားလှယ်များနှင့်အတူတစ်ကွပြင်ဆင်၍ အချက်အလက်ကောက်ယူခြင်းကိုလည်း အတူတစ်ကွပြုလုပ်ခဲ့ပါသည်။ ထိုမေးခွန်းပုံစံထဲတွင် သတ္တုတွင်းဒေသရှိဒေသခံများ၏ မိသားစုဆိုင်ရာအချက်အလက်များ၊ နောက်ခံသမိုင်းဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးရေးနှင့်မြေယာဆိုင်ရာအချက်အလက်များ၊ ရေရရှိခြင်းဆိုင်ရာအချက်အလက်များ၊ ကျန်းမာရေးဆိုင်ရာအချက်အလက်များ၊ လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးချိုးဖောက်ခံနေရမှုအခြေအနေများ၊ လူမှုစီးပွားဆိုင်ရာအချက်အလက်များနှင့် သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းတွင်ပါဝင်ပတ်သက်သူများနှင့်ဆိုင်သော အချက်အလက်များကို မှတ်တမ်းတင်ကောက်ယူနိုင်ခဲ့ပါသည်။

### (ခ) သင်တန်းများနှင့်ဆွေးနွေးပွဲများပြုလုပ်ခြင်း

ကယားပြည်နယ် လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးလှုပ်ရှားဆောင်ရွက်မှုကွန်ရက်သည်ဒေသခံပြည်သူများအား သတ္တုဆိုင်ရာအခွင့်အရေးနှင့်ဆက်စပ်သော ဌာနေတိုင်းရင်းသားများအခွင့်အရေးကြေငြာစာတမ်း၊ သတ္တုတွင်းဥပဒေ၊ စီပွားရေးလုပ်ငန်းများ၏လူမှုရေးဆိုင်ရာတာဝန်ယူမှု၊ အတူတစ်ကွပူးပေါင်းပါဝင်ဆောင်ရွက်သော အချက်အလက်ကောက်ယူခြင်းနည်းစနစ်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ၊ ဌာနေတိုင်းရင်းသားများ၏ ရိုးရာဓလေ့မြေနှင့်အရင်းအမြစ်စီမံခန့်ခွဲမှုစနစ်၊ နိုင်ငံရှိမြေနှင့်သက်ဆိုင်သောဥပဒေများနှင့်ဆက်စပ်သော သင်တန်းနှင့်ဆွေးနွေးပွဲများကို ပြုလုပ်ခဲ့ပါသည်။

(ဂ) ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ခြင်း

သတ္တုတွင်းလုပ်ငန်းကြောင့်ဖြစ်ပေါ်သော လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်ပြီး ပုံမှန်မှတ်တမ်းတင်ခြင်းနှင့် ဗီဒီယိုမှတ်တမ်းတင်ခြင်းများကိုလုပ်ဆောင်ခဲ့ပါသည်။ ထိုအထဲတွင်သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများကြောင့်သဘာဝပတ်ဝန်းကျင်ပြောင်းလဲပျက်ဆီးမှုများ၊ မြစ်ချောင်းများပျက်ဆီးမှုများ၊ စိုက်ပျိုးမြေများပျက်ဆီးခြင်း၊ ရေအရည်အသွေးနမူနာပုံမှန်စစ်ဆေးခြင်းနှင့် သတ္တုတူးဖော်မှုလုပ်ငန်းကြောင့်ပျက်ဆီးသွားသောသဘာဝပတ်ဝန်းကျင်ဆိုင်ရာအခြေအနေများတို့ကို မှတ်တမ်းတင်ခဲ့ပါသည်။

(ဃ) တွေ့ဆုံမေးမြန်းခြင်း

သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများကြောင့် ထိခိုက်ပျက်ဆီးသွားသော လူ့အခွင့်အရေးဆိုင်ရာနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးချိုးဖောက်မှုများအတွက် ဒေသခံပြည်သူများအကြားတွင် တွေ့ဆုံမေးမြန်းခြင်းများဆောင်ရွက်ရာတွင် ကျေးရွာများအတွင်းရှိ ကွဲပြားခြားနားသောအုပ်စုများနှင့်ဆုံ၍မေးမြန်းဆောင်ရွက်ခဲ့ပါသည်။ ထိုသို့တွေ့ဆုံရာတွင် သတ္တုတွင်းတည်ရှိရာဒေသနှင့်အနီးပတ်ဝန်းကျင်ရှိ ဒေသခံများနှင့်တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ ကျေးရွာပိုင်ရှင်များနှင့်သော်လည်းကောင်း၊ သတ္တုအခွင့်အရေးလှုပ်ရှားဆောင်ရွက်သောတက်ကြွလှုပ်ရှားသူများနှင့်လည်းကောင်း၊ လူငယ်များနှင့်အမျိုးသမီးကိုယ်စားလှယ်များနှင့်သော်လည်းကောင်းတွေ့ဆုံ၍ ၎င်းတို့တွေ့ကြုံခံစားနေရသော လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးချိုးဖောက်မှုများ၊ ၎င်းတို့၏အမြင်သဘောထားများ၊ ရင်ဆိုင်တွေ့ကြုံနေရသောစိန်ခေါ်မှုများအကြောင်းကို တွေ့ဆုံမေးမြန်းခြင်းဖြင့် မှတ်တမ်းတင်ခဲ့ပါသည်။

(င) ပုံပြောမှတ်တမ်းတင်ခြင်း

သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ရှိဒေသခံများနှင့်သဘာဝပတ်ဝန်းကျင်အပေါ်သို့သက်ရောက်မှုများ၊ ၎င်းတို့ရင်ဆိုင်နေရသောအခက်အခဲများ၊ ၎င်းတို့ရင်သန်ရပ်တည်မှုအတွက်လှုပ်ရှားဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သော အကြောင်းအရာများကိုလည်း နားထောင်၍ ပုံပြောမှတ်တမ်းတင်ခြင်းများပြုလုပ်ခဲ့ပါသည်။

(စ) ဖြစ်ရပ်မှန်လေ့လာခြင်း

ကယား(ကရင်နီ)ပြည်ရှိ သတ္တုတူးဖော်ထုတ်လုပ်သောလုပ်ငန်းများနှင့်ပတ်သက်ပြီး လူ့အခွင့်ရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်သော ဖြစ်ရပ်မှန်အကြောင်းရာများကိုလည်းအသေးစိတ်မှတ်တမ်းတင်ခြင်းကိုပြုလုပ်ခဲ့ပါသည်။ ဤကဏ္ဍတွင် သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းတွင်ပါဝင်ပတ်သက်သောသူများ၊ လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးချိုးဖောက်မှုများ၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူတာဝန်ခံမှုကင်းမဲ့နေမှုများအကြောင်းစသည်တို့ကိုလည်း မှတ်တမ်းတင်လေ့လာခဲ့ပါသည်။

(ဆ) အချက်အလက်များဆန်းစစ်ခြင်း

ကယားပြည်လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးလှုပ်ရှားဆောင်ရွက်မှုကွန်ရက်အနေဖြင့် သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများကြောင့် လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်သော ရရှိလာသည့်သတင်းအချက်အလက်များကို အဖွဲ့ကိုယ်တိုင်အနေဖြင့်သော်လည်းကောင်း၊ ဒေသခံများနှင့်အတူတကွသော်လည်းကောင်း၊ ဒေသခံများ၏သတ္တုဆိုင်ရာအခွင့်အရေးအတွက်လှုပ်ရှားဆောင်ရွက်နေသော လူထုအခြေပြုအရပ်ဖက်အဖွဲ့အစည်းများနှင့်သော်လည်းကောင်း သတင်းအချက်အလက်များတိကျမှန်ကန်ရေးတို့အတွက် အချက်အလက်များဆန်းစစ်ခြင်းများဆောင်ရွက်ခဲ့ပါသည်။ ထိုဆန်းစစ်ချက်မှရရှိလာသောအချက်အလက်များအပေါ်မူတည်၍ ပြန်လည်ဖြည့်စွက်ခြင်း၊ မွန်းမံခြင်းနှင့်အတည်ပြုခြင်းများကိုဆောင်ရွက်ခဲ့ပါသည်။

(ဇ) အခြားသောအဖွဲ့အစည်းများ၊ အစိုးရဌာနမှထုတ်ပြန်ထားသောသတင်းအချက်အလက်များကိုအသုံးပြုခြင်း

ဤအစီရင်ခံစာအတွက် အခြားလိုအပ်သောသတင်းအချက်များကိုစုဆောင်းရာတွင် ကယား(ကရင်နီ)ပြည်၏သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများအကြောင်းဖော်ပြထားသော အခြားသောလူမှုအသင်းအဖွဲ့များမှထုတ်ပြန်ထားသည့်အစီရင်ခံစာများ၊ မှတ်တမ်းများအပြင်သတ္တုတွင်းဝန်ကြီးဌာနနှင့် အခြားသောအစိုးရဌာနအဖွဲ့အစည်းမှဖော်ပြထားသော ကိန်းဂဏန်းအချက်အလက်များနှင့်မှတ်တမ်းအစီရင်ခံစာများ၊ အချို့သောပညာရှင်များ၏ပြုစုထားသော စာအုပ်စာတမ်းနှင့်မှတ်တမ်းများ၊ နိုင်ငံတကာရှိ မြန်မာနိုင်ငံနှင့်ကယားပြည်နယ်သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍများနှင့်ပတ်သက်သော သတင်းအချက်အလက်များ၊ စာစောင်များ၊ ဝက်ဘ်ဆိုဒ်များမှအချက်အလက်များကိုကိုးကား၍ ဒုတိယသတင်းအချက်အလက်များ ( Secondary Information) အနေဖြင့်ရယူခဲ့ပါသည်။

၁၀။ အကြံပြုချက်

ကယားပြည် လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးလှုပ်ရှားဆောင်ရွက်မှုကွန်ရက်သည် ၂၀၁၇ခုနှစ်၊ ဇွန်လ(၅-၆)နေ့တွင် "Earth Rights Forum" "လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဖိုရမ်" သို့မဟုတ် "ကမ္ဘာမြေအခွင့်အရေးဖိုရမ်" တစ်ရပ်ကိုကျင်းပခဲ့ပါသည်။ ထိုဖိုရမ်တွင် ကယား(ကရင်နီ)ပြည် ဒေသအတွင်းရှိ မြို့နယ်အသီးသီးမှကိုယ်စားလှယ်များ၊ ဒေသခံတိုင်းရင်းသားပါတီများ၊ လူထုအခြေပြုအသင်း အဖွဲ့များမှကိုယ်စားလှယ်စုစုပေါင်း(၁၀၉)ဦးတက်ရောက်၍ ကယား(ကရင်နီ)ပြည်ရှိ ဒေသခံဌာနေတိုင်းရင်းသား များ၏ မြေယာဆိုင်ရာကဏ္ဍ၊ သတ္တုဆိုင်ရာကဏ္ဍ၊ သဘာဝအရင်းအမြစ်ဆိုင်ရာကဏ္ဍနှင့် အကြီးစားစီမံကိန်း ဆိုင်ရာကဏ္ဍများနှင့်ပတ်သက်၍ဆွေးနွေးခဲ့ပြီး ထိုကဏ္ဍ(၄)ခုနှင့်သက်ဆိုင်သော ၄င်းတို့၏အခွင့်အရေးများနှင့် ပတ်သက်၍ သဘောထားမှတ်ချက်များကိုလည်းထုတ်ပြန်ခဲ့ပါသည်။ သတ္တုကဏ္ဍနှင့်သက်ဆိုင်သောအကြံပြု ချက်များကို အောက်တွင်ဖော်ပြထားပြီး ထိုကဏ္ဍ(၄)ခုနှင့်သက်ဆိုင်သော သဘောထားထုတ်ပြန်ချက်များနှင့် ပတ်သက်၍လည်း ဤအစီရင်ခံစာ၏နောက်ဆက်တွဲတွင်အသေးစိတ်ဖော်ပြထားပါသည်။

## သတ္တုကဏ္ဍအကြံပြုချက်များ

၁။ လက်ရှိသတ္တုတူးဖော်ခွင့်ရရှိထားသောလုပ်ငန်းများအားပြန်လည်စိစစ်ပြီး ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ် မှုများ (Environmental Impact Assessment)၊ လူမှုရေးထိခိုက်မှုဆန်းစစ်မှုများ( Social Impact Assessment)၊ လွတ်လပ်၍ကြိုတင်အသိပေးအကြောင်းကြားသဘောထားဆန္ဒရယူခြင်း( Free, Prior, Informed and Consent)နှင့် နိုင်ငံတကာရှိသတ္တုတူးဖော်ရာတွင်လိုက်နာရမည့် စံချိန်စံနှုန်းများအတိုင်း လိုက်နာသည့် သတ္တုတူးဖော်ရေးလုပ်ငန်းများ လုပ်ကိုင်သည့်အဖွဲ့များကိုသာ ခွင့်ပြုချက်ထုတ်ပေးရန်။

၂။ သတ္တုတွင်းစီမံကိန်းကြောင့်ပျက်ဆီးသွားသော ဒေသခံပြည်သူလူထုများ၏ လယ်မြေ၊ ယာမြေ၊ ဥယျာဉ် ခြံမြေ၊ သဘာဝပတ်ဝန်းကျင်များနှင့်အိုးအိမ်များအတွက် အစားထိုးပြန်လည်ထူထောင်ခြင်းလုပ်ငန်းများနှင့် နစ်နာကြေး၊ လျော်ကြေးများကို သက်ဆိုင်ရာကုမ္ပဏီ၊ အစိုးရနှင့် ပါဝင်ပတ်သက်သောအဖွဲ့အစည်းများမှ မဖြစ် မနေလုပ်ဆောင်ပေးရန်။

၃။ သတ္တုတူးဖော်ရေးစီမံကိန်းနှင့်ပတ်သက်သော လွတ်လပ်သောစီမံခန့်ခွဲခွင့်ကို သက်ဆိုင်ရာဒေသခံများ ပါဝင်၍ ပြည်နယ်အစိုးရမှ လွတ်လပ်စွာစီမံခန့်ခွဲခွင့်ရှိရန်နှင့် ရရှိလာသောအကျိုးအမြတ်ကို ပြည်နယ်အတွင်း တွင် ကျေးရွာ၊ မြို့နယ်များအလိုက်မျှမျှတတခွဲဝေသုံးစွဲခွင့်ပြုရန်၊

၄။ ကယား(ကရင်နီ)ပြည်နယ်အတွင်းရှိ သတ္တုတူးဖော်ရေးစီမံကိန်းလုပ်ငန်းများကို စောင့်ကြည့်လေ့လာ နိုင်ရန် လူထုအခြေပြုအရပ်ဖက်အဖွဲ့အစည်းများ၊ ဥပဒေပညာရှင်များနှင့် တတ်သိနားလည်သောကျွမ်းကျင် ပညာရှင်များပါဝင်သည့်ပြည်နယ်အဆင့် စောင့်ကြည့်လေ့လာရေးအဖွဲ့ကိုတရားဝင်အသိအမှတ်ပြုဖွဲ့စည်းပေးရန်၊

၅။ အာမခံချက်ရှိသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှု (အနာဂတ်ဖယ်ဒရယ်ပြည်ထောင်စုစနစ်) မရရှိသေးဘဲ ပြည်နယ်အတွင်း သတ္တုတူးဖော်မှုလုပ်ငန်းအသစ်များခွင့်ပြုခြင်းမပြုရန်၊

၁၁။ နီဂိုး

ကယား(ကရင်နီ)ပြည်၏သတ္တုတူးဖော်ထုတ်လုပ်မှုကဏ္ဍသည် ကယား(ကရင်နီ)ပြည်၏အဓိကဝင်ငွေပံ့ပိုးပေးနေသောလုပ်ငန်းတစ်ခုဖြစ်သည်သာမက နိုင်ငံ၏ဝင်ငွေအတွက်လည်း တစ်ဖက်တစ်လှမ်းမှပံ့ပိုးပေးနေသောလုပ်ငန်းတစ်ခုဖြစ်သည်။ မော်ချီးသတ္တုမိုင်းကဲ့သို့သောသတ္တုတူးဖော်မှုလုပ်ငန်းများသည် နှစ်ပေါင်းတစ်ရာကျော်ခန့်ထုတ်ယူသုံးစွဲခဲ့ပြီးဖြစ်သော်လည်း ယနေ့ထိတိုင်ဆက်လက်ထုတ်ယူနေဆဲဖြစ်သည့် အရေးပါသောသတ္တုအရင်းအမြစ်တစ်ခုဖြစ်သည်။ သို့သော် နည်းစနစ်တကျတူးဖော်နိုင်မှုမရှိခြင်း၊ သတ္တုတူးဖော်မှုလုပ်ငန်းများနှင့်ဆက်နွယ်သော လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးချိုးဖောက်မှုများအတွက် တာဝန်ယူ၊ တာဝန်ခံမှုမရှိခြင်း၊ ပွင့်လင်းမြင်သာမှုမရှိခြင်း၊ ၎င်းလုပ်ငန်းများကိုထိန်းကျောင်းမည့် ထိရောက်ကောင်းမွန်သောဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်ယန္တရားများအားနည်းခြင်းနှင့် ဤလုပ်ငန်းတွင်ပါဝင်ပတ်သက်သောစီးပွားရေးလုပ်ငန်းများ၏လွှမ်းမိုးမှုများခြင်းစသည်တို့ကြောင့် ပြည်နယ်အတွက်သာကမ အထူးသဖြင့်ဒေသခံပြည်သူများသည် ဤစီးပွားရေးလုပ်ငန်းများနှင့်ဆက်နွယ်သော လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးချိုးဖောက်မှုများကို ရင်ဆိုင်ခံစားနေရပါသည်။

ထို့ကြောင့် ကယား(ကရင်နီ)ပြည်ရှိ သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများလုပ်ဆောင်နေသောဒေသရှိ ဒေသခံပြည်သူများ၊ ဌာနေတိုင်းရင်းသားများရင်ဆိုင်ခံစားနေရသော လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးချိုးဖောက်မှုများအတွက် တာဝန်ယူ၊ တာဝန်ခံမှုရှိသော စီးပွားရေးလုပ်ငန်းများဖြစ်လာစေရန်အတွက်နှင့် ဒေသခံပြည်သူများ၏အကျိုးစီးပွားကိုဦးတည်သည့် ရေရှည်တည်တံ့သောသတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများဖြစ်လာနိုင်စေရန်အတွက် လိုအပ်သောဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ထိန်းသိမ်းဆောင်ရွက်ခြင်းများကိုပြုလုပ်ရန်လိုအပ်ပါသည်။ ထို့အပြင် လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးချိုးဖောက်မှုများတွင်ပါဝင်ပတ်သက်သော သတ္တုတူးဖော်ထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်းများအားလည်း ထိရောက်သော အရေးယူခြင်းများပြုလုပ်နိုင်ရန်အတွက်နှင့် ကယား(ကရင်နီ)ပြည်၏သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာစေရန်အတွက် ပြုပြင်ပြောင်းလဲမှုများကိုလုပ်ဆောင်သွားနိုင်ရန် ဤအစီရင်ခံစာအားဖြင့် တိုက်တွန်းအပ်ပါသည်။

၁၂။ အထွေထွေ

(က) အစီရင်ခံစာအတွက် ကိုးကားမှီငြမ်းသောနေရာများ


Ref:1 H.L CHHIBBER, The mineral resources of Burma Page.186

Ref:2 Burma's rising star, https://www.geolsoc.org.uk/Geoscientist/Archive/February-2015/Burmas-rising-star

Ref:3 Resource Emermaul Company Limited (http://www.proactiveinvestors.com.au/companies/news/135756/eumeralla-resources-seeks-to-explore-for-tin-and-tungsten-in-myanmar-45035.html )

*Ref:4 ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းလေ့လာမှုအစီရင်ခံစာ ၂၀၁၈)*

Ref:5 https://www.worldatlas.com/articles/leading-tin-producing-countries-in-the-world.html

Ref:6 United States Geological Survey (USGS) Minerals Resources Program (https://www.indexmundi.com/ minerals/? product=tungsten)

Ref:7 https: //www.statista.com/statistics/264958/antimony-production/

Ref:8 http://www.mining.gov. mm/ME-2_mm/1.ME-2_mm/1.ME-2_ mm_Menu_1240/Tender%20 Succcess.jpg

Ref:9 http://www. internationaltin .org/china-ore-imports-fall-sharply-in-february/

Ref:10 https://web.facebook.com/elevenbroadcasting/videos/1726902624232881/

Ref:11 Myanmar: The Politics of Economic Reform"(PDF). Asia Report N° 234. International Crisis Group.27 July 2012

Ref:12 Building the Tatmadaw : https://www.researchgate.net/publication/272092747 Ref:13 http://www.portergeo.com.au/database/mineinfo.asp?mineid=mn406 )

Ref:14 ကရင့်တော်လှန်ရေးသမိုင်း - ဖူးစကောလယ်တော (စာ-၂၇၁))

Ref 15 Kayah Earthrights Action Network (မော်ချီးသတ္တုတွင်းမိုင်းဒေသရှိ ရေအရင်းအမြစ်များအားဓာတ်ခွဲစစ်ဆေးမှုမှတ်တမ်း)

Ref:16 မိုလိုအမျိုးသမီးများ သတ္တုတွင်းစောင့်ကြည့်လေ့လာရေးကွန်ရက်အဖွဲ့အစီရင်ခံစာ


(ခ) နောက်ဆက်တွဲ မြေပုံ၊ ဓာတ်ပုံနှင့်မှတ်တမ်းများ

၁။ မှတ်တမ်းဓာတ်ပုံများ

၂။ အချက်အလက်ကောက်ယူရာတွင်အသုံးပြုသောမေးခွန်းလွှာနမူနာပုံစံများ

၃။ Earth Rights Forum Statement

၄။ မော်ချီးသတ္တုမိုင်းတည်ရှိရာ ဒေသရှိရေအရင်းအမြစ်များကို စမ်းသပ်စစ်ဆေးမှုမှတ်တမ်းများ

(က) ၂၀၁၄ ခုနှစ်တွင် စစ်ဆေးထားသော ရေအရည်အသွေးရလဒ်

(ခ) ၂၀၁၅ ခုနှစ်တွင် စစ်ဆေးထားသော ရေအရည်အသွေးရလဒ်

(ဂ) ၂၀၁၆ ခုနှစ်တွင် စစ်ဆေးထားသော ရေအရည်အသွေးရလဒ်များ

(ဃ) ၂၀၁၇ ခုနှစ်တွင် စစ်ဆေးထားသော ရေအရည်အသွေးရလဒ်များ

## (ခ) နောက်ဆက်တွဲ မြေပုံ၊ ဓာတ်ပုံနှင့်မှတ်တမ်းများ

### ၁။ မှတ်တမ်းဓာတ်ပုံများ



*မော်ချီးသတ္တုတွင်းဒေသမှရေအရင်းအမြစ်များကိုဓာတ်ခွဲစစ်ဆေးရန်အတွက် နမူနာရယူထားစဉ်*



*ဒေသခံများယခင်က သန့်စင်ထားသော ခဲချောင်းနမူနာပုံစံ*




*Earthrights Forum*





ဒေသခံများမှသတ္တုတူးဖော်မှုအခြေအနေများကို စစ်ဆေးနေစဉ်



စီးပွားရေးလုပ်ငန်းများ၏တာဝန်ယူမှု၊ တာဝန်ခံမှုနှင့်ဌာနေတိုင်းရင်းသားများအခွင့်အရေးဆိုင်ရာ
ယန္တရားများအကြောင်းကိုဆွေးနွေးကြစဉ်



လိုခါးလို အမှတ်(၃) မြေစာသန့်စင်စက်ရုံ



လိုခါးလို အမှတ်(၃) မြေစာသန့်စင်စက်ရုံ

## ၂။ အချက်အလက်ကောက်ယူရာတွင်အသုံးပြုသောမေးခွန်းလွှာနမူနာပုံစံများ

**ဒေသခံများအပေါ် သတ္တုဆိုင်ရာလုပ်ငန်းစီမံကိန်းများနှင့်သဘာဝပတ်ဝန်းကျင်အချက်အလက်များ**

**(၁) အခြေခံအချက်အလက်များ**

အမှတ်စဉ် ( )

| | | | | | | |
|---|---|---|---|---|---|---|
| မေးမြန်းသူအမည် | | မေးမြန်းသည့်ရက်စွဲ | (ခုနှစ်) | | (လ) | (ရက်) |
| ဖြေဆိုသူအမည် | | အသက် | လိင် | | | |
| | | | အမျိုးသမီး ( ) | | အမျိုးသား ( ) | |
| နေရပ်လိပ်စာ | ကျေးရွာ | အုပ်စု | မြို့နယ် | | ပြည်နယ် | |

**(၂) မိသားစုဆိုင်ရာ အချက်အလက်များ**

(၂.၁) မိသားစုအရေအတွက် စုစုပေါင်း

| (၂.၂) စဉ် | (၂.၃) အမည် | (၂.၄) လိင် | (၂.၅) အသက် | (၂.၆) အိမ်နှင့်ပတ် သက်မှု | (၂.၇) အလုပ်အကိုင် | (၂.၈) ပညာအရည်အချင်း |
|---|---|---|---|---|---|---|
| | | (က) အမျိုးသား<br>(ခ) အမျိုးသမီး | | (က) အိမ်ထောင်ဦးစီး<br>(ခ) အိမ်ရှင်မ<br>(ဂ) သား<br>(ဃ) သမီး<br>(င) မြေး<br>(စ) ဆွေမျိုး<br>(ဆ) အလွှား<br>(ဇ) အခြား<br>(ဉ) မသိပါ | (က) လယ်သမား<br>(ခ) ဓာတ်သတ္တုကိုလုပ်သား<br>(ဂ) အစိုးရဝန်ထမ်း<br>(ဃ) ဘာသာရေးဝန်ထမ်း<br>(င) မှီခို<br>(စ) လက်သမား<br>(ဆ) ကျွမ်းကျင်လုပ်သား<br>(ဇ) ဓာတ်ဆိုင်ပိုင်ရှင်<br>(ဉ) အခြား | (က) မူလတန်း<br>(ခ) အလယ်တန်း<br>(ဂ) အထက်တန်း<br>(ဃ) တက္ကသိုလ်<br>(င) အတန်းမရှိ<br>(စ) အခြား |
| ၁။ | | | | | | |
| ၂။ | | | | | | |
| ၃။ | | | | | | |
| ၄။ | | | | | | |
| ၅။ | | | | | | |
| ၆။ | | | | | | |
| ၇။ | | | | | | |



**(၂) နောက်ခံသမိုင်းဆိုင်ရာအချက်အလက်များ**

| (၂.၁) ဤဒေသတွင် နေထိုင်လာသည်မှာ ဘယ်လောက် ကြာပြီလဲ။ | (၁.၁၆) ဤဒေသတွင် မနေထိုင်ခင် အခြားဒေသတစ်ခုတွင် နေထိုင်ခဲ့ပါ သလား။ (က) နေထိုင်ခဲ့သည်။ ...... နေထိုင်ခဲ့လျှင် ဘယ်နေရာလဲ (ခ) မနေထိုင်ခဲ့ပါ ...... | (၂.၂) ဘာကြောင့်ဒီနေရာမှာ ပြောင်းရွှေ့နေထိုင်ရတာလဲ။ | (၂.၃) ဒီနေရာမှာအခြေချ အခက်အခဲတွေရှိခဲ့ပါသလား။ ရှိသည် ( )......အခက်အခဲတွေက ဘာတွေလဲ။ မရှိပါ ( ) |
|---|---|---|---|
| (က) ၁ နှစ်အောက် ( )<br>(ခ) ၁ နှစ်မှ ၅ နှစ်အတွင်း ( )<br>(ဂ) ၅ နှစ်မှ ၁၀ နှစ်အတွင်း ( )<br>(ဃ) ၁၀ နှစ်မှ ၂၀ နှစ်အတွင်း ( )<br>(င) ၂၀ နှစ် မှ ၃၀ နှစ်အတွင်း ( )<br>(စ) ၃၀ နှစ် ၄၀ နှစ်အတွင်း ( )<br>(ဆ) ၄၀ နှစ်အထက် ( )<br>(ဇ) အခြား ...................... | | (က) သဘာဝဘေးကြောင့်<br>(ခ) စီမံကိန်းများကြောင့်<br>(ဂ) အလုပ်အကိုင်အခွင့်အလမ်း<br>(ဃ) စစ်ဘေးကြောင့်<br>(င) ကလေးပညာရေးအခွင့်အလမ်း<br>(စ) အခြား ...................... | |

**(၃) စိုက်ပျိုးရေးနှင့်မြေယာဆိုင်ရာအချက်အလက်များ**

(၃.၁) သင့်မိသားစုမှာ စိုက်ပျိုးလုပ်ကိုင်နိုင်သောမြေယာပိုင်ဆိုင်မှုများရှိပါသလား။

(က) ရှိသည်။ ( ) (ခ) မရှိပါ။ ( ) မရှိလျှင်နံပါတ် (၄) ကိုသွားပါ။

| (၃.၂) စိုက်ပျိုးလုပ်ကိုင်နိုင်သော | (၃.၃) ပိုင်ဆိုင်မှု အခြေအနေ | (၃.၄) အသုံးချမှု အခြေအနေ | (၃.၅) နှစ်စဉ်ပျမ်းမျှ | (၃.၆) စီမံကိန်းအတွက် |
|---|---|---|---|---|
| (က) တစ်ဧကအောက် | (က) ပုံစံ (၇) ရရှိပြီး | (က) ရာသီသီးနှံ | (က) တစ်သိန်းအောက် | (က) ရှိသည် |

သတ္တုဆိုင်ရာလုပ်ငန်းစီမံကိန်းများနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စစ်တမ်းကောက်ယူမှုပုံစံ (kean/mining/data form -1)

| | | | | |
|---|---|---|---|---|
| (ခ) တစ်ကေမှ ၅ ကေအတွင်း | (ခ) ပုံစံ (၇) လျှောက်ထားဆဲ | (ခ) နှစ်ရှည်ပင် | (ခ) ၁ မှ ၅ သိန်း | (ခ) မရှိပါ |
| (ဂ) ၅ ကေမှ ၁၀ ကေအတွင်း | (ဂ) ဓလေ့အရ | (ဂ) အသွားရှေ့အား | (ဂ) ၅ မှ ၁၀ သိန်း | (ဂ) အခြား |
| (ဃ) ၁၀ ကေမှ ၁၅ ကေအတွင်း | (ဃ) နားလည်မှုအရ | (ဃ) သတ္တုထုတ်လုပ် | (ဃ) ၁၀ မှ ၂၀ သိန်း | (ဃ) မသိပါ |
| (င) ၁၅ ကေမှ ၂၀ ကေအတွင်း | (င) အခြား | (င) လယ်ထားခြင်း | (င) ၂၀ မှ ၃၀ သိန်း | |
| (စ) ၂၀ ကေမှ ၃၀ ကေအတွင်း | (စ) မသိပါ | (စ) အခြား | (စ) ၃၀ မှ ၅၀ သိန်း | |
| (ဆ) ၃၀ ကေအထက် | | (ဆ) မသိပါ | (ဆ) သိန်း ၅၀ အထက် | |

**(၄) ရေရရှိခြင်းဆိုင်ရာအချက်အလက်များ**

(၄.၁) ရေရှိမှုနှင့်ပတ်သက်သောအခက်အခဲများရှိပါသလား။

(က) ရှိပါသည် (   )     (ခ) မရှိပါ (   )     မရှိလျှင် (၄.၃)ကိုသွားရန်။

(၄.၂) ရေရရှိမှုနှင့်ပတ်သက်သောအခက်အခဲများက ဘာတွေလဲ။

(က) မသန့်ရှင်းခြင်း

(ခ) ဝယ်သုံးနေရခြင်း

(ဂ) ဈေးကြီးခြင်း

(ဃ) ရေပြတ်လပ်မှုရှိခြင်း

(င) ရေရရှိရန်ခက်ခဲခြင်း

(စ) တိမ်ကောလာခြင်း

(ဆ) အခြား

(၄.၃) ဒေသမှထွက်သောရေကို သောက်သုံးရေအတွက်အသုံးပြုပါသလား။

(က) အသုံးပြုပါသည် (   )   (ခ) အသုံးမပြုပါ (   ) အသုံးမပြုလျှင်ဘယ်ကအသုံးပြုနေလဲ ..............................

(၄.၄) သောက်သုံးရေနှင့်ပတ်သက်ပြီးအခက်အခဲရှိပါသလား။

(က) ရှိပါသည် (   )     (ခ) မရှိပါ (   )     မရှိလျှင် နံပါတ် (၄.၆)ကိုသွားရန်။

(၄.၅) သောက်သုံးရေနှင့်ပတ်သက်သောအခက်အခဲများက ဘာတွေလဲ။

(က) မသန့်ရှင်းခြင်း

သတ္တုဆိုင်ရာလူမှုစီးပွားနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စစ်တမ်းကောက်ယူမှုပုံစံ (kean/mining/data form -1)

(ခ) ဝယ်သုံးနေရခြင်း

(ဂ) ဈေးကြီးခြင်း

(ဃ) ရေပြတ်လပ်မှုရှိခြင်း

(င) ရေရရှိရန်ခက်ခဲခြင်း

(စ) တိမ်ကောလာခြင်း

(ဆ) အခြား

(၄.၇) သင့်မိသားစုအတွက် အသုံးပြုနေသောရေရရှိနိုင်မှုအရင်းအမြစ်နေရာများ

(က) ရေထွက်ပေါက်

(ခ) ရေချောင်းများ

(ဂ) မိုးလှောင်ကန်

(ဃ) ရေကန်

(င) ရေသန့်ကုမ္ပဏီ

(စ) အခြား

(၄.၈) သင့်မိသားစုရေရယူရာအရင်းအမြစ်များတွင် မည်သည့်စီမံကိန်းများရှိပါသလဲ။

(က) သတ္တုလုပ်ငန်း

(ခ) သစ်ထုတ်လုပ်သည့်လုပ်ငန်း

(ဂ) ဓာတုဗိုက်ပျိုးရေးလုပ်ငန်း

(ဃ) မွေးမြူရေးလုပ်ငန်းများ

(င) စက်ရုံအလုပ်ရုံ

သတ္တုဆိုင်ရာလူမှုစီးပွားနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စစ်တမ်းကောက်ယူမှုပုံစံ (kean/mining/data form -1)

(စ) အခြား

**(၅) ကျန်းမာရေးဆိုင်ရာ အချက်အလက်များ**

(၅.၁) သင့်မိသားစုအတွင်းတွင် နာတာရှည်ရောဂါခံစားရသူရှိပါသလား။

(က) ရှိပါသည်။ ( ) ဘာတွေလဲ .................................... (ခ) မရှိပါ။ ( )

(၅.၂) သင့်မိသားစုအတွင်း လွန်ခဲ့သော (၁၂) လအတွင်း ဆေးကုသမှုခံယူရတာတွေ ရှိပါသလား။

(က) ရှိပါသည်။ ( ) ဘာတွေလဲ ........................................................................................ (ခ) မရှိပါ။ ( )

(၅.၃) သင့်မိသားစုအတွင်း လွန်ခဲ့သော (၁၂) လအတွင်း အလွယ်တကူကူးစက်တတ်သောရောဂါခံစားရသူ ရှိခဲ့ပါသလား။

(က) ရှိပါသည်။ ( ) ဘာတွေလဲ ........................................................................................ (ခ) မရှိပါ။ ( )

(၅.၄) ရောဂါများခံစားရသည့်အခါ ဆေးကုသရန်အတွက် ဘယ်ကိုသွားလေ့ရှိလဲ

(က) ဆေးရုံ

(ခ) ဆေးခန်း

(ဂ) ဆေးဆိုင်

(ဃ) ရိုးရာဆေးကုသသောဆရာ

(င) ကိုယ့်ဟာကိုယ်

(စ) ဘယ်မှမသွားပါ

(ဆ) အခြား

(၅.၅) သင့်ဒေသအတွင်းမှာရှိတဲ့ ဆေးကုသမှုအရင်းအမြစ်နှင့်ပတ်သက်ပြီး ကျေနပ်မှုရှိပါသလား။ ဘယ်လိုအခက်အခဲတွေရှိပါသလဲ။

(၆) PERCEPTIONS AND EXPECTATIONS

(၆.၁) သင်အမြင်မှာ သင့်ဒေသအတွင်းအဓိကရင်ဆိုင်နေရတဲ့ပြဿနာ(၄) မျိုးက ဘာတွေဖြစ်မလဲ။

(က)

သတ္တုဆိုင်ရာလူမှုစီးပွားနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စစ်တမ်းကောက်ယူမှုပုံစံ (kean/mining/data form -1)

(ခ)

(ဂ)

(ဃ)

(၆.၂) လွန်ခဲ့သော (၅) နှစ်နှင့်နှိုင်းယှဉ်လျှင် သင့်ရဲ့ဝင်ငွေ၊ နေထိုင်မှုအဆင့်အတန်းက ဘယ်လိုရှိနေလဲ။

(က) ပိုကောင်းလာသည် ( ) (ခ) ပိုဆိုးလာသည် ( ) (ဂ) တူညီနေသည် ( )

(၆.၃) အပြောင်းအလဲရဲ့အကြောင်းပြချက်က ဘာတွေဖြစ်မလဲ။

(၇) Social Integration and Cohesion

(၇.၁) ဒီဒေသအတွင်း၊ အလုပ်လာလုပ်သူများနှင့်ကောင်းသောရင်းနှီးမှုများရှိတယ်လို့ သင်ထင်မြင်ပါသလား။

(က) ရှိတယ်

(ခ) မရှိပါ

(ဂ) အခြေအနေအပေါ်တွင် မူတည်သည်။ (ကျေးဇူးပြုပြီး ရှင်းပြပေးရန်။)

..........................................................................................................................................

..........................................................................................................................................

..........................................................................................................................................

(၇.၂) အကယ်လို့မရှိပါဟုဖြေဆိုထားပါက ရှင်းလင်းပေးပါရန်။

(၇.၃) သင့်မိသားစုအနေနဲ့ အခြားအိမ်ထောင်စုတစ်စုနှင့်ပြဿနာဖြစ်ပွားခဲ့တာတွေရှိလား။

(က) ရှိပါသည် ( )

(ခ) မရှိပါ။ ( )

သတ္တုဆိုင်ရာလူမှုစီးပွားနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စစ်တမ်းကောက်ယူမှုပုံစံ (kean/mining/data form -1)

(၇.၄) အကယ်၍ ရှိပါသည်ဟုဖြေဆိုထားပါက ရှင်းလင်းပေးပါရန်။

**(၈) သဘာဝပတ်ဝန်းကျင်ဆိုင်ရာအချက်အလက်များ**

(၈.၁) လွန်ခဲ့သော (၅) နှစ်အတွင်း သင့်ဒေသတွင် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုတွေဖြစ်ပေါ်လာပါသလား။

(က) ဖြစ်ပေါ်ပါသည် ( )　　　(ခ) မဖြစ်ပေါ်ပါ ( )　　မဖြစ်ပေါ်ရင် ( ) ကိုသွားရန်။

(၈.၂) မည်သို့သော သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများရှိပါသလဲ။

(က) ကမ်းပါး ရေချောင်းနှင့်မြေပြိုတောင်ပြိုခြင်း
(ခ) ရေကြီးခြင်း
(ဂ) သစ်တောပြုန်းခြင်း
(ဃ) မိုးခေါင်ခြင်း
(င) ရာသီဥတုမမှန်ခြင်း
(စ) ရာသီသီးနှံအပေါ် ဝိုက်ကျခြင်း
(ဆ) ရေထုညစ်ညမ်းခြင်း
(ဇ) မရှိပါ။
(ဈ) မသိပါ။
(ည) အခြား

(၈.၃) ဘာကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများ ဖြစ်ပေါ်နေရတာလဲ။

(က)သစ်တောခုတ်ထွင်မှုများလာခြင်း
(ခ) ရည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများ
(ဂ) သတ္တုလုပ်ငန်းမှ ထွက်လာမှုများ
(ဃ) ဓာတုပစ္စည်းအသုံးများလာခြင်း
(င) မသိပါ။

သတ္တုဆိုင်ရာလူမှုစီးပွားနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စစ်တမ်းကောက်ယူမှုပုံစံ (kean/mining/data form -1)

(စ) အခြား
(ဆ) လုပ်ငန်းသုံးအဆောက်အအုံများစနစ်တကျမှုအားနည်းခြင်း

(၈.၄) သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများကြောင့် သင့်မိသားစုအပေါ် မည်သို့သောအကျိုးသက်ရောက်မှုများရှိခဲ့ပါသနည်း။

(က) ဒေသကောင်းရာသို့ပြောင်းရွှေ့ခြင်း
(ခ) လူနေအိမ်ပျက်စီးခြင်း
(ဂ) လယ်ယာမြေများပျက်စီးခြင်း
(ဃ) မိသားစုဝင်များသေဆုံးခြင်း
(င) မရှိပါ။
(စ) အခြား

(၈.၅) အစိုးရအဆင့်ဆင့်မှ မည်သည့်အကူအညီများပေးခဲ့သနည်း။

(၈.၆) နောက်နောင်တွင် သဘာဝဘေးအန္တရာယ်များကိုလျော့ချနိုင်ရန် မည်ကဲ့သို့ပြင်ဆင်ထားမည်ဟု သင်ထင်မြင်ပါသလဲ။

(၉) အကြံပြုချက်များ
(၉.၁) သင့်ဒေသနှင့်ပတ်သက်သော စီးပွားရေး (သတ္တု)လုပ်ငန်းများအပေါ် မည်သို့သောအကြံပြုချက်များပေးလိုသနည်း။

သတ္တုဆိုင်ရာလူမှုစီးပွားနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စစ်တမ်းကောက်ယူမှုပုံစံ (kean/mining/data form -1)

(၉.၂) သင့်ဒေသနှင့်ပတ်သက်သော သဘာဝပတ်ဝန်းကျင်အပေါ် မည်သို့သောအကြံပြုချက်များပေးလိုသနည်း။

(၉.၃) သင့်ဒေသနှင့်ပတ်သက်သောကျန်းမာရေးဝန်ဆောင်မှုများအပေါ် မည်သို့သောအကြံပြုချက်များပေးလိုသနည်း။

## ၃။ Earth Rights Fourm Statement

### ကမ္ဘာမြေအခွင့်အရေးဖိုရမ် သဘောထားထုတ်ပြန်ချက်

ရက်စွဲ ။ ၂၀၁၇ခုနှစ်၊ ဇွန်လ(၆)ရက်

ကမ္ဘာမြေအခွင့်အရေးဖိုရမ် " Earthrights Forum" တစ်ရပ်ကို ၂၀၁၇ခုနှစ်၊ ဇွန်လ(၅-၆)ရက်နေ့တွင် ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့တွင်ပြုလုပ်ကျင်းပခဲ့ပါသည်။ ထို ကမ္ဘာမြေအခွင့်အရေးဖိုရမ်တွင် ကယား(ကရင်နီ)ပြည်နယ်ဒေသအတွင်းရှိ မြို့နယ်အသီးသီးမှကိုယ်စားလှယ်များ၊ ဒေသခံတိုင်းရင်းသားပါတီများ၊ လူထုအခြေပြုအသင်းအဖွဲ့များမှကိုယ်စားလှယ်စုစုပေါင်း (၁၀၉)ဦးတက်ရောက်၍ ကယား(ကရင်နီ)ပြည်နယ်ရှိဒေသခံဌာနေတိုင်းရင်းသားများ၏ မြေယာဆိုင်ရာကဏ္ဍ၊ သတ္တုဆိုင်ရာကဏ္ဍ၊ သဘာဝအရင်းအမြစ်ဆိုင်ရာကဏ္ဍနှင့် အကြီးစားစီမံကိန်းဆိုင်ရာကဏ္ဍများနှင့်ပတ်သက်ပြီး အောက်ပါအတိုင်းသဘောထားထုတ်ပြန်လိုက်ပါသည်။

**သတ္တုကဏ္ဍအကြံပြုချက်များ**

၁။ လက်ရှိသတ္တုတူးဖော်ခွင့်ရရှိထားသောလုပ်ငန်းများအား ပြန်လည်စိစစ်ပြီး ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်မှုများ (Environmental Impact Assessment)၊ လူမှုရေးထိခိုက်မှုဆန်းစစ်မှုများ( Social Impact Assessment)၊ လွတ်လပ်၍ကြိုတင်အသိပေးအကြောင်းကြားသဘောထားဆန္ဒရယူခြင်း( Free, Prior, Informed and Consent)နှင့် နိုင်ငံတကာရှိသတ္တုတူးဖော်ရာတွင်လိုက်နာရမည့် စံချိန်စံနှုန်းများအတိုင်း လိုက်နာသည့် သတ္တုတူးဖော်ရေးလုပ်ငန်းများ လုပ်ကိုင်သည့်အဖွဲ့များကိုသာ ခွင့်ပြုချက်ထုတ်ပေးရန်။

၂။ သတ္တုတွင်းစီမံကိန်းကြောင့်ပျက်ဆီးသွားသော ဒေသခံပြည်သူလူထုများ၏ လယ်မြေ၊ ယာမြေ၊ ဥယျာဉ်ခြံမြေ၊ သဘာဝပတ်ဝန်းကျင်များနှင့် အိုးအိမ်များအတွက် အစားထိုးပြန်လည်ထူထောင်ခြင်းလုပ်ငန်းများနှင့် နစ်နာကြေး၊ လျော်ကြေးများကို သက်ဆိုင်ရာကုမ္ပဏီ၊ အစိုးရနှင့် ပါဝင်ပတ်သက်သော အဖွဲ့အစည်းများမှမဖြစ်မနေ လုပ်ဆောင်ပေးရန်။

၃။ သတ္တုတူးဖော်ရေးစီမံကိန်းနှင့်ပတ်သက်သော လွတ်လပ်သောစီမံခန့်ခွဲခွင့်ကို သက်ဆိုင်ရာဒေသခံများပါဝင်၍ ပြည်နယ်အစိုးရမှ လွတ်လပ်စွာစီမံခန့်ခွဲခွင့်ရှိရန်နှင့် ရရှိလာသောအကျိုးအမြတ်ကို ပြည်နယ်အတွင်းတွင် ကျေးရွာ၊ မြို့နယ်များအလိုက်မျှမျှတတ ခွဲဝေသုံးစွဲခွင့်ပြုရန်။

၄။ ကယား(ကရင်နီ)ပြည်နယ်အတွင်းရှိ သတ္တုတူးဖော်ရေး စီမံကိန်းလုပ်ငန်းများကို စောင့်ကြည့်လေ့လာနိုင်ရန် လူထုအခြေပြုအရပ်ဖက်အဖွဲ့အစည်းများ၊ ဥပဒေပညာရှင်များနှင့် တတ်သိနားလည်သော ကျွမ်းကျင်ပညာရှင်များပါဝင်သည့် ပြည်နယ်အဆင့် စောင့်ကြည့်လေ့လာရေးအဖွဲ့ကို တရားဝင်အသိအမှတ်ပြုဖွဲ့စည်းပေးရန်။

၅။ အာမခံချက်ရှိသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှု (အနာဂတ်ဖယ်ဒရယ်ပြည်ထောင်စုစနစ်) မရရှိသေးဘဲ ပြည်နယ်အတွင်း သတ္တုတူးဖော်မှုလုပ်ငန်းအသစ်များခွင့်ပြုခြင်းမပြုရန်။

**မြေယာကဏ္ဍအကြံပြုချက်များ**

၁။ ဌာနေတိုင်းရင်းသားတို့၏ ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်ကိုအခြေခံသည့် မြေယာစီမံခန့်ခွဲမှုစနစ်အား အမျိုးသားမြေအသုံးချမှုမူဝါဒ၊ ဥပဒေနှင့်နည်းဥပဒေများတွင် ထည့်သွင်းရေးဆွဲပြဌာန်းပေးရန်၊

၂။ ဌာနေတိုင်းရင်းသားများ မိမိတို့ဒေသအလိုက်ကျင့်သုံးသည့် ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုများနှင့်အညီ လွတ်လပ်စွာမြေယာပိုင်ဆိုင်ခွင့်နှင့်စီမံခန့်ခွဲပိုင်ခွင့်ပြုရန်၊

၃။ ဌာနေတိုင်းရင်းသားတို့၏ ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်ကို အဆုံးသတ်သွားစေမည့် ၎င်းတို့နှင့်သဟဇာတမဖြစ်သော တည်ဆဲဥပဒေများကိုပြင်ဆင်ပေးရန်၊

၄။ ဌာနေတိုင်းရင်းသားတို့၏မြေ၊ သယံဇာတနှင့်အရင်းအမြစ်များနှင့်သက်ဆိုင်သော ဆုံးဖြတ်ချက်ချမှုဖြစ်စဉ်တိုင်းတွင် ဌာနေတိုင်းရင်းသားများ ကိုယ်တိုင်လွတ်လပ်စွာ ပါဝင်ဆုံးဖြတ်ချက်ချခွင့်ပြုရန်၊

၅။ ဌာနေတိုင်းရင်းသားများ၏ မြေနှင့်အရင်းအမြစ်များ ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းစဉ်များ ပိုမိုတိုးတက်ကောင်းမွန်နိုင်ရန်အတွက် အစိုးရအနေဖြင့်အားပေးမြှင့်တင် အကာအကွယ်ပေးခြင်းပြုရန်

**သဘာဝအရင်းအမြစ်များကဏ္ဍအကြံပြုချက်များ**

၁။ ဌာနေတိုင်းရင်းသားများ အစဉ်အဆက် ထိန်းသိမ်းစီမံခန့်ခွဲလာသော သဘာဝသယံဇာတများကို အစိုးရမှ တရားဝင်အသိအမှတ်ပြုအကာအကွယ်ပေးရန်၊

၂။ ဌာနေတိုင်းရင်းသားများ ဒေသအတွင်းရှိ သဘာဝသယံဇာတများကို ထုတ်ယူသုံးစွဲမှုနှင့်ပတ်သက်ပြီး လွတ်လပ်သောကြိုတင်အသိပေးသဘောတူဆန္ဒရယူရန်(FPIC) ပွင့်လင်းမြင်သာမှုရှိရန်နှင့်တာဝန်ယူ၊ တာဝန်ခံမှု ( Transparency and Accountability) ရှိရန်၊

၃။ ဌာနေတိုင်းရင်းသားများမှဦးဆောင်သော သဘာဝအရင်းအမြစ် ထိန်းသိမ်းခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းလုပ်ငန်းများကို အစိုးရမှ လိုအပ်သောငွေကြေးနှင့် နည်းပညာပိုင်းဆိုင်ရာများကိုပံ့ပိုးကူညီရန်၊

၄။ သဘာဝသယံဇာတထုတ်ယူသုံးစွဲမှုပြုရာတွင် ၎င်းတို့အပေါ်မှီခိုနေသော ဒေသခံဌာနေတိုင်းရင်းသားများ၏ အသက်မွေးဝမ်းကြောင်းနှင့်ယဉ်ကျေးမှုဓလေ့ထုံးတမ်းများအပေါ်ထိခိုက်မှုမရှိစေရေးအတွက် သက်ဆိုင်ရာမှအကာအကွယ်ပေးရန်၊

၅။ ဌာနေတိုင်းရင်းသားများသတ်မှတ်ထားသော အထွဋ်အမြတ်နေရာများ၊ ကာကွယ်တောများ၊ သဘာဝဘေးမဲ့တောများကို ထိခိုက်မှုမရှိရန်အတွက် သယံဇာတထုတ်ယူသုံးစွဲမှုပြုရန်၊

**အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းကဏ္ဍအကြံပြုချက်များ**

၁။ အကြီးစားရင်းနှီးမြှုပ်နှံမှုဖြစ်စဉ်တိုင်းတွင် ဒေသခံဌာနေတိုင်းရင်းသားများ၏ လွတ်လပ်သော ကြိုတင်အကြောင်းကြားအသိပေးသဘောတူထားဆန္ဒများ (Free, Prior, Informed and Consent- FPIC)ကိုရယူရန်နှင့်ဆုံးဖြတ်ချက်ချမှုဖြစ်စဉ်တိုင်းတွင် အဓိကပါဝင်ခွင့်ပြုရန်၊

၂။ ကယား(ကရင်နီ)ပြည်နယ်ဒေသအတွင်း အကြီးစားရင်းနှီးမြှုပ်နှံမှုစီမံကိန်းများပြုလုပ်ရာတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူတာဝန်ခံမှုရှိရန်၊

၃။ အကြီးစားရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင်ဒေသခံဌာနေတိုင်းရင်းသားတို့၏ လူနေမှုဘဝကိုထိခိုက်မှုအနည်းဆုံးဖြစ်စေသောလုပ်ငန်းများသာဆောင်ရွက်ရန်နှင့် ရိုးရာဓလေ့အရ ထိန်းသိမ်းထားသောအထွဋ်အမြတ်နေရာများ တန်ဖိုးထားလေးစားရန်၊

၄။ အကြီးစားရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် ဒေသခံများ၏လိုအပ်မှုကိုဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့်နိုင်ငံတကာစံချိန်၊ စံနှုန်းတို့ဖြင့် အာမခံချက်ရှိသောလုပ်ငန်းများဆောင်ရွက်ရန်၊

၅။ အကြီးစားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသခံလုပ်သားများကိုဦးစားပေးရန်နှင့်ရောက်ရှိလာသော ရွှေ့ပြောင်းလုပ်သားများနှင့်ပတ်သက်ပြီး စနစ်တကျ ထိန်းသိမ်းစီစစ်ရန်၊

၄။ မော်ချီးသတ္တုမိုင်းတည်ရှိရာ ဒေသရှိရေအရင်းအမြစ်များကို စမ်းသပ်စစ်ဆေးမှုမှတ်တမ်းများ

(က) ၂၀၁၄ ခုနှစ်တွင် စစ်ဆေးထားသော ရေအရည်အသွေးရလဒ်(၁)

စိမ်းလန်းအမြဲ **Eco-Lab** ပတ်ဝန်းကျင်ရေးရာဓာတ်ခွဲခန်း

Ecological Laboratory

စိမ်းလန်းအမြဲ မွေးမြူဘိုးဘွား မြေအတွက် လှုပ်ရှားသူများ (Advancing Life and Regenerating Motherland, ALARM)

Reference Number/ စာအမှတ်: EL-R / 0164

Date / နေ့စွဲ: 21 March, 2014

## Laboratory Report / ဓာတ်ခွဲခန်း အစီအရင်ခံစာ

နမူနာအမည် Sample Name: 54(မိုင်ဝို ကျေးရွာ - မော်ချီး) နမူနာ အမှတ်စဉ် Sample I.D. 0215

ပို့သူအမည် Name of Sender: ဒေါ်အောင်မေ လိပ်စာ Address:

နမူနာ ရယူသည့် နေ့စွဲ Sample Collection Date: 19/9/13 နမူနာ ရောက်ရှိသည့် နေ့စွဲ Date Received: 18/3/2014 နမူနာ ရောက်ရှိသည့် အချိန် Time: 2:00 pm

**Test Results စမ်းသပ်ချက် အဖြေ**

| စဉ် Sr. | အရည်အသွေး Quality | ရလဒ် Result | နည်းစဉ် Method | စံသတ်မှတ်ချက် Standard Limit | မှတ်ချက် Remarks |
|---|---|---|---|---|---|
| ၁ | ချဉ်ငန်ကိန်း (pH) | 6.5 | pH meters | 6.5 – 8.5 | Normal |
| ၂ | နောက်ကျိမှု (Turbidity) | <5 FAU | Lovibond SpectroDirect Method No. 385 | <10 FAU | Normal |
| ၃ | အဓေး အသွက် (Hardness) | 140 mg/L | Chemical analysis method (volumetric analysis) | <60 mg/L | Hard |
| ၄ | စိန်ဓာတ် (Arsenic) | 100 ppb | LaMotte ARSENIC Test Kit Code 4053-01 | <10 ppb | Above The Limit |
| ၅ | အလူမီနီယံ သတ္တုဓာတ် (Aluminium) | 0.03 mg/l | Lovibond SpectroDirect Method No. 40 | <0.2 mg/L | Normal |
| ၆ | သံ သတ္တုဓာတ် (Iron) | <0.1 mg/L | Lovibond SpectroDirect Method No. 220 | <0.2 mg/L | Normal |
| ၇ | ကလိုရိုက် (Chloride) | 7.96 mg/L | Chemical analysis method (volumetric analysis) | <250 mg/L | Normal |

စစ်ဆေးသူ Checked by

Lin Myat Myat Aung
Lab. Technician II
Eco-Lab
ALARM

တာဝန်ခံ Signed by

Dr. Aye Aye Win
Laboratory In-Charge
EcoLab
ALARM

## (က) ၂၀၁၄ ခုနှစ်တွင် စစ်ဆေးထားသော ရေအရည်အသွေးရလဒ်(၂)

### Explanations

pH [a]

The pH of drinking water should be between 6.5 and 8.5.

Hardness [d]

| Classification | Hardness in mg/L |
|---|---|
| Soft | 0–60 |
| Moderately hard | 61–120 |
| Hard | 121–180 |
| Very hard | ≥ 181 |

Turbidity [c]

Maximum allowable limit for turbidity is 10 FAU (FAU=NTU) and desirable limit is 5.

Arsenic [a]

Arsenic standard for drinking water at 0.010 parts per million (10 parts per billion = 10 ppb) to protect consumers served by public water systems from the effects of long-term, chronic exposure to arsenic.

Aluminium [a]

Legal limit for drinking water of WHO is 0.2 ppm aluminum.

Iron [b]

Drinking water may not contain more than 200 ppb = 0.2 mg/L of iron.

Chloride [a]

The SMCL (suggested maximum contaminant level) for chloride is 250 mg/L which is due strictly to the objectionable salty taste produced in drinking water.

a WHO Standard for Drinking Water (1993)

d USGS Water-Quality Information

## (ခ) ၂၀၁၅ ခုနှစ်တွင် စစ်ဆေးထားသော ရေအရည်အသွေးရလဒ်များ(၁)

စိမ်းလန်း အိုဇိမြေ **Eco-Lab** ပတ်ဝန်းကျင်ရေးရာဓာတ်ခွဲခန်း

**Ecological Laboratory**

စိမ်းလန်းအိုဇိမြေဖွံ့ဖြိုးတိုးတက်ရေးအသင်း **(Advancing Life and Regenerating Motherland, ALARM)**

Reference Number/ စာအမှတ်: EL-R / 410

Date / နေ့စွဲ: 29 April , 2015

### Laboratory Analysis Report / ဓာတ်ခွဲ စစ်ဆေးမှု အစီအရင်ခံစာ

နမူနာအမည် Sample Name: ချောင်းရေ

နမူနာ အမှတ်စဉ် Sample I.D. 833-837

ပို့သူအမည် Name of Sender: Spectrum

လိပ်စာ Address: 09250240766

နမူနာ ရယူသည့် နေ့စွဲ Sample Collection Date: 26.3.15

နမူနာ ရောက်ရှိသည့် နေ့စွဲ Date Received: 23.4.15

နမူနာ ရောက်ရှိသည့် အချိန် Time: 2:35

*(This laboratory analysis report is based solely on the sample submitted by the customer)*

*([illegible])*

Test Results စမ်းသပ်ချက် အဖြေ

| စဉ် Sr. | အရည်အသွေး (Parameter) / နမူနာအမည် (Name) | ခဲ သတ္တုဓါတ် (Lead) | နည်းစဉ် Method | မှတ်ချက် Remarks |
|---|---|---|---|---|
| ၁ | ကသောမော်လိုချောင်း M1 | 0.9 mg/L | AAS, Shimadzu AA-6200 | Above The Limits |
| ၂ | ကသောမော်လိုချောင်း M2 | ND | | |
| ၃ | ဗိုင်းတွင်းအမှတ်(၃) T1 | 1.4 mg/L | | Above The Limits |
| ၄ | ကျောင်းသောက်ရေ S1 | ND | | |
| ၅ | သုံးရေ W1 | ND | | |

*ND=not detected

စစ်ဆေးပြီး Checked by

Lin Myat Myat Aung
Lab. Technician II
Eco-Lab
ALARM

တာဝန်ခံ Signed by

Dr. Aye Aye Win
Laboratory In-Charge
EcoLab
ALARM

(This report shall not be reproduced except in full, without written approval of the laboratory.)

([illegible])

107, 2nd Floor, Building A, Highway Complex (Sinmalite), Kamayut, Yangon. Tel : 09 730 76412
Website : http//www.ecolabmyanmar.org Email : info@ecolabmyanmar.org

Credit: PSW

## (ခ) ၂၀၁၅ ခုနှစ်တွင် စစ်ဆေးထားသော ရေအရည်အသွေးရလဒ်များ(၂)

Explanations

Lead [a b]

The WHO standard limit for Lead in drinking water is less than 0.01 mg/L. The concentration of lead in effluent water is less than 0.1 mg/L. US FDA standard limit of Lead in foods is less than 23 ppb.

a WHO Standard for Drinking Water (1993)
b EU Standard for Drinking Water
c Other Standards
d USGS Water-Quality Information
e Michigan Water Quality Standards(Rule 64)
f India General Standard for Discharge...

## (ဂ) ၂၀၁၆ ခုနှစ်တွင် စစ်ဆေးထားသော ရေအရည်အသွေးရလဒ် (၁)

### ပတ်ဝန်းကျင်ရေးရာဓာတ်ခွဲခန်း
### Ecological Laboratory

စိမ်းလန်းအမိမြေဖွံ့ဖြိုးတိုးတက်ရေးအသင်း (Advancing Life and Regenerating Motherland, ALARM)

Reference Number/ စာအမှတ်: EL-R / 1016

Date / နေ့စွဲ: 20 July, 2016

### Laboratory Analysis Report / ဓာတ်ခွဲစစ်ဆေးမှုအစီအရင်ခံစာ

**Sample Profile နမူနာရာဇဝင်**

| | | | | |
|---|---|---|---|---|
| နမူနာအမည် Sample Name | မိုဘိုချောင်း | နမူနာအမှတ်/ Sample ID | ·1852 | |
| | | လတ္တီတွဒ် Latitude | | |
| မြို့နယ် Township | ဘောလခဲမြို့နယ် | လောင်ဂျီတွဒ် Longitude | | |
| တိုင်း/ပြည်နယ် Division/State | ကယားပြည်နယ် | နမူနာကောက်ယူချိန် (နေ့ နာရီ) Sampling Time (Date, Time) | 2.7.2016 | 11:00 am |
| ပေးပို့သူအမည် Sender Name | | | | |
| အဖွဲ့အစည်း Organisation | Kayah Earthrights Action Network (KEAN) | နမူနာရောက်ရှိချိန် (နေ့ နာရီ) Arriving Time (Date, Time) | 8.7.2016 | 11:00 am |
| ဆက်သွယ်ရန် Contact | 09799252903 | | | |

*(This laboratory analysis report is based solely on the sample submitted by the customer)*

*(ဤဓာတ်ခွဲစစ်ဆေးမှုအစီရင်ခံစာသည် ပေးပို့သူမှပို့ဆောင်ခဲ့သည့်နမူနာကိုသာအခြေခံထားပါသည်။)*

**Analysis Results စမ်းသပ်ချက်အဖြေ**

| စဉ် Sr. | အရည်အသွေးညွှန်းကိန်း Quality Parameter | ရလဒ်အဖြေResults | | နည်းစဉ် Method | စံသတ်မှတ်ချက် Drinking Standard | စွန့်ရေစံနှုန်း Effluent Standard | မှတ်ချက် Remarks |
|---|---|---|---|---|---|---|---|
| ၁ | ချဉ်ငန်ကိန်း (pH) | 7.4 | | pH meters | 6.5 – 8.5 | 6.0 – 9.0* | Normal |
| ၂ | နောက်ကျိမှု (Turbidity) | ~ | FAU | LovibondSpectroDirect Method No. 385 | ≤10 FAU | NG | - |
| ၃ | ပျော်ဝင်အနည်များ (Total dissolved solids) | ~ | mg/L | Consort Multi-parameters Conductivity meter | NG | ≤2000 mg/l * | - |
| ၄ | ဆိုင်းငံ့အနယ် (TSS) | ~ | mg/L | LovibondSpectroDirect Method No. 383 | NG | ≤50 mg/L * | - |
| ၅ | လျှပ်စီးကိန်း (Conductivity) | ~ | mS/cm | Consort Multi-parameters Conductivity meter | ≤2.5 mS/cm | NG | - |
| ၆ | အစေးအသွက် (Hardness) | 66.66 | mg/L | EDTA Titration Method (volumetric analysis) | ≤60 mg/L | NG | Moderately Hard |
| | အစေးအသွက် (Hardness) | ~ | mg/L | LovibondSpectroDirect Method No. 200 | ≤60 mg/L | NG | |
| ၇ | အောက်ဆီဂျင် ပျော်ဝင်မှု (Dissolved Oxygen) | ~ | mg/L | Jenway Dissolved Oxygen Meter (Model 970) | ≥ 3 mg/L | NG | - |
| ၈ | ဇီဝဆိုင်ရာအောက်ဆီဂျင်လိုအပ်ချက် ($BOD_5$) | ~ | mg/L | Estimated by Eco-Lab with Jenway Dissolved Oxygen Meter (Model 970) | ≤ 3 mg/L | ≤ 50 mg/L * | - |
| ၉ | ဓာတုဆိုင်ရာအောက်ဆီဂျင်လိုအပ်ချက် (COD) | ~ | mg/L | LovibondSpectroDirect Method No. 130, 131, 132 | NG | ≤ 250 mg/L * | - |
| ၁၀ | ကလိုရိုက် (Chloride) | 13.74 | mg/L | Mohr's method (volumetric analysis) | ≤ 250 mg/L | NG | Normal |
| | ကလိုရိုက် (Chloride) | ~ | mg/L | LovibondSpectroDirect Method No. 90 | ≤ 250 mg/L | NG | |

(This report shall not be reproduced except in full, without written approval of the laboratory)

([illegible])

107, 2nd Floor, Building A, Highway Complex (Sinmalite), Kamayut, Yangon. Tel: 0973076412

Website : http//www.ecolabmyanmar.org Email : info@ecolabmyanmar.org

## (ဂ) ၂၀၁၆ ခုနှစ်တွင် စစ်ဆေးထားသော ရေအရည်အသွေးရလဒ် (၂)

### ပတ်ဝန်းကျင်ရေးရာဓာတ်ခွဲခန်း
### Ecological Laboratory

စိမ်းလန်းအမိမြေဖွံ့ဖြိုးတိုးတက်ရေးအသင်း (Advancing Life and Regenerating Motherland, ALARM)

| စဉ် Sr. | အရည်အသွေးညွှန်းကိန်း Quality Parameter | ရလဒ်အဖြေResults | | နည်းစဉ် Method | စံသတ်မှတ်ချက် Drinking Standard | စွန့်ပစ်ရေ Effluent Standard | မှတ်ချက် Remarks |
|---|---|---|---|---|---|---|---|
| ၁၁ | ကလိုရင်း (Chlorine total residual) | ~ | mg/L | LovibondSpectroDirect Method No. 100 | NG | ≤ 0.2 mg/L * | - |
| ၁၂ | ကလိုရင်း (Free Chlorine) | ~ | mg/L | LovibondSpectroDirect Method No. 100 | NG | NG | - |
| ၁၃ | ဆိုင်ယမ်နိုက် (Free Cyanide) | ~ | mg/L | LovibondSpectroDirect Method No. 157 | ≤ 0.07 mg/L | ≤ 0.1 mg/L * | - |
| ၁၄ | နိုက်ထြိတ် နိုက်ထရိုဂျင် (Nitrate-Nitrogen) | ~ | mg/L | LovibondSpectroDirect Method No. 265,267 | ≤ 10 mg/L | NG | - |
| ၁၅ | နိုက်ထြိုက် (Nitrite) | < 0.01 | mg/L | LovibondSpectroDirect Method No. 270 | ≤ 0.5 mg/L | NG | Normal |
| ၁၆ | ဖော့စဖိတ် (Ortho-Phosphate) | ~ | mg/L | LovibondSpectroDirect Method No. 320,321 | NG | NG | - |
| ၁၇ | ဒန်သတ္တုဓာတ် (Aluminium) | ~ | mg/L | LovibondSpectroDirect Method No. 40 | ≤ 0.2 mg/L | NG | - |
| ၁၈ | စိန်ဓာတ် (Arsenic) | ~ | mg/L | Lovibond Arsenic test kit code.no -400700 | ≤ 0.01 mg/L | ≤ 0.1 mg/L * | - |
| | စိန်ဓာတ် (Arsenic) | ~ | mg/L | AAS, Shimadzu AA-6200 As (193.7 nm) | ≤ 10 ug/L | ≤ 100 ug/L * | |
| ၁၉ | ကက်ဒမီယမ် (Cadmium) | ~ | mg/L | AAS, Shimadzu AA-6200 Cd (228.8 nm) | ≤ 0.005 mg/L | ≤ 0.1 mg/L * | - |
| ၂၀ | ကြေးနီ သတ္တုဓာတ် (Copper) | ND | mg/L | AAS, Shimadzu AA-6200 Cu (324.8 nm) | ≤ 0.05 mg/L | ≤ 0.5 mg/L * | Lower limit of detection = 0.03 mg/L |
| ၂၀ | သံသတ္တုဓာတ် (Iron) | ~ | mg/L | LovibondSpectroDirect Method No. 220 | ≤ 0.2 mg/L | ≤ 3.5 mg/L * | Lower limit of detection = 0.4 mg/L |
| | သံသတ္တုဓာတ် (Iron) | ND | mg/L | AAS, Shimadzu AA-6200 Fe (248.3 nm) | ≤ 0.2 mg/L | ≤ 3.5 mg/L * | |
| ၂၂ | ခဲသတ္တုဓာတ် (Lead) | 0.4 | mg/L | AAS, Shimadzu AA-6200 Pb (283.3 nm) | ≤ 0.01 mg/L | ≤ 0.1 mg/L * | Above the limits |
| ၂၃ | မဂ္ဂနိစ် (Manganese) | < 0.2 | mg/L | LovibondSpectroDirect Method No. 240 | ≤ 0.5 mg/L | ≤ 2 mg/L | Normal |
| ၂၄ | ပိုတက်စီယမ် (Potassium) | ~ | mg/L | LovibondSpectroDirect Method No. 340 | ≤ 20 mg/L | NG | - |
| ၂၅ | သွပ် သတ္တုဓာတ် (Zinc) | < 0.02 | mg/L | LovibondSpectroDirect Method No. 400 | | ≤2 mg/L * | Normal |
| ၂၆ | အမိုးနီးယား (Ammonia) | 0.48 | mg/L | Lovibond SpectroDirect Method No. 60 | < 0.5 mg/L | < 10 mg/L | Normal |

* Myanmar Emission Guideline 2015 NG=No Guideline ND=Not Detected

စမ်းသပ်ပြီး Tested by
Daw May Myat Khine
Lab. Technician II
Ecological Laboratory
ALARM

စစ်ဆေးပြီး Checked by
Daw Lin Myat Myat Aung
Lab. Technician I
Ecological Laboratory
ALARM

အတည်ပြု Approved by
Dr. Aye Aye Win
Project Team Leader
Ecological Laboratory
ALARM

(The report shall not be reproduced except in full, without written approval of the laboratory)
([illegible])
107, 2nd Floor, Building A, Highway Complex (Sinmalite), Kamayut, Yangon. Tel: 0973076412
Website : http//www.ecolabmyanmar.org Email : info@ecolabmyanmar.org

## (ဂ) ၂၀၁၆ ခုနှစ်တွင် စစ်ဆေးထားသော ရေအရည်အသွေးရလဒ် (၃)

### ပတ်ဝန်းကျင်ရေးရာဓာတ်ခွဲခန်း
### Ecological Laboratory

မြေမြိုင်လန်းအမိမြေဖွံ့ဖြိုးတိုးတက်ရေးအသင်း (Advancing Life and Regenerating Motherland, ALARM)

Reference Number/ စာအမှတ်: EL-R / 1017

Date / နေ့စွဲ: 20 July, 2016

### Laboratory Analysis Report / ဓာတ်ခွဲစစ်ဆေးမှုအစီအရင်ခံစာ

Sample Profile နမူနာရာဇဝင်

| | | | | |
|---|---|---|---|---|
| နမူနာအမည် Sample Name | တောင်ပေါ်ရွာ (စိမ့်/စမ်း) | နမူနာအမှတ်/ Sample ID | 1853 | |
| | | လတ္တီတွဒ် Latitude | | |
| မြို့နယ် Township | ဖားဆောင်းမြို့နယ် | လောင်ဂျီတွဒ် Longitude | | |
| တိုင်း/ပြည်နယ် Division/State | ကယားပြည်နယ် | နမူနာကောက်ယူချိန် (နေ့ နာရီ) Sampling Time (Date, Time) | 2.7.2016 | 11:00 am |
| ပေးပို့သူအမည် Sender Name | | | | |
| အဖွဲ့အစည်း Organisation | Kayah Earthrights Action Network (KEAN) | နမူနာရောက်ရှိချိန် (နေ့ နာရီ) Arriving Time (Date, Time) | 8.7.2016 | 11:00 am |
| ဆက်သွယ်ရန် Contact | 09799252903 | | | |

*(This laboratory analysis report is based solely on the sample submitted by the customer)*

*(ဤဓာတ်ခွဲစစ်ဆေးမှုအစီရင်ခံစာသည် ပေးပို့သူမှပို့ဆောင်ခဲ့သည့်နမူနာကိုသာအခြေခံထားပါသည်။)*

Analysis Results စမ်းသပ်ချက်အဖြေ

| စဉ် Sr. | အရည်အသွေးညွှန်းကိန်း Quality Parameter | ရလဒ်အဖြေResults | | နည်းစဉ် Method | စံသတ်မှတ်ချက် Drinking Standard | စွန့်ရေစံနှုန်း Effluent Standard | မှတ်ချက် Remarks |
|---|---|---|---|---|---|---|---|
| ၁ | ချဉ်ငန်ကိန်း (pH) | 7.6 | | pH meters | 6.5 – 8.5 | 6.0 – 9.0* | Normal |
| ၂ | နောက်ကျိမှု (Turbidity) | ~ | FAU | LovibondSpectroDirect Method No. 385 | ≤10 FAU | NG | - |
| ၃ | ပျော်ဝင်အနည်များ (Total dissolved solids) | ~ | mg/L | Consort Multi-parameters Conductivity meter | NG | ≤2000 mg/l * | - |
| ၄ | ဆိုင်းငြိုအနယ် (TSS) | ~ | mg/L | LovibondSpectroDirect Method No. 383 | NG | ≤50 mg/L * | - |
| ၅ | လျှပ်စီးကိန်း (Conductivity) | ~ | mS/cm | Consort Multi-parameters Conductivity meter | ≤2.5 mS/cm | NG | - |
| ၆ | အခက်အသွက် (Hardness) | 111.11 | mg/L | EDTA Titration Method (volumetric analysis) | ≤60 mg/L | NG | Moderately Hard |
| | အခက်အသွက် (Hardness) | ~ | mg/L | LovibondSpectroDirect Method No. 200 | ≤60 mg/L | NG | |
| ၇ | အောက်ဆီဂျင် ပျော်ဝင်မှု (Dissolved Oxygen) | ~ | mg/L | Jenway Dissolved Oxygen Meter (Model 970) | ≥ 3 mg/L | NG | - |
| ၈ | ဇီဝဆိုင်ရာအောက်ဆီဂျင်လိုအပ်ချက် ($BOD_5$) | ~ | mg/L | Estimated by Eco-Lab with Jenway Dissolved Oxygen Meter (Model 970) | ≤ 3 mg/L | ≤ 50 mg/L * | - |
| ၉ | ဓာတုဆိုင်ရာအောက်ဆီဂျင်လိုအပ်ချက် (COD) | ~ | mg/L | LovibondSpectroDirect Method No. 130, 131, 132 | NG | ≤ 250 mg/L * | - |
| ၁၀ | ကလိုရိုက် (Chloride) | 18.32 | mg/L | Mohr's method (volumetric analysis) | ≤ 250 mg/L | NG | Normal |
| | ကလိုရိုက် (Chloride) | ~ | mg/L | LovibondSpectroDirect Method No. 90 | ≤ 250 mg/L | NG | |

(This report shall not be reproduced except in full, without written approval of the laboratory)

(ဓာတ်ခွဲခန်း၏ စာဖြင့်ရေးသားသဘောတူညီချက်မရရှိပဲ ယခုအစီရင်ခံစာကိုအပြည့်အစုံမှအပ တစ်စိတ်တစ်ပိုင်း ဖြတ်ယူအသုံးပြုခြင်း မပြုလုပ်ရ)

107, 2nd Floor, Building A, Highway Complex (Sinmalite), Kamayut, Yangon. Tel: 0973076412

Website : http//www.ecolabmyanmar.org Email : info@ecolabmyanmar.org

## (ဂ) ၂၀၁၆ ခုနှစ်တွင် စစ်ဆေးထားသော ရေအရည်အသွေးရလဒ် (၄)

### ပတ်ဝန်းကျင်ရေးရာဓာတ်ခွဲခန်း
### Ecological Laboratory

စိမ်းလန်းအမိမြေရဲ့ ဖြိုးတိုးတက်ရေးအသင်း (Advancing Life and Regenerating Motherland, ALARM)

| စဉ် Sr. | အရည်အသွေးညွှန်းကိန်း Quality Parameter | ရလဒ်အဖြေ Results | | နည်းစဉ် Method | စံသတ်မှတ်ချက် Drinking Standard | စွန့်ထုတ်ရေစံနှုန်း Effluent Standard | မှတ်ချက် Remarks |
|---|---|---|---|---|---|---|---|
| ၁၁ | ကလိုရင်း (Chlorine total residual) | ~ | mg/L | LovibondSpectroDirect Method No. 100 | NG | ≤ 0.2 mg/L * | - |
| ၁၂ | ကလိုရင်း (Free Chlorine) | ~ | mg/L | LovibondSpectroDirect Method No. 100 | NG | NG | - |
| ၁၃ | ဆိုင်ယမ်နိုက် (Free Cyanide) | ~ | mg/L | LovibondSpectroDirect Method No. 157 | ≤ 0.07 mg/L | ≤ 0.1 mg/L * | - |
| ၁၄ | နိုက်ထြိတ် နိုက်ထရိုဂျင် (Nitrate-Nitrogen) | ~ | mg/L | LovibondSpectroDirect Method No. 265,267 | ≤ 10 mg/L | NG | - |
| ၁၅ | နိုက်ထြိုက် (Nitrite) | 0.18 | mg/L | LovibondSpectroDirect Method No. 270 | ≤ 0.5 mg/L | NG | Normal |
| ၁၆ | ဖော့စဖိတ် (Ortho-Phosphate) | ~ | mg/L | LovibondSpectroDirect Method No. 320,321 | NG | NG | - |
| ၁၇ | အဲနီသတ္တုဓာတ် (Aluminium) | ~ | mg/L | LovibondSpectroDirect Method No. 40 | ≤ 0.2 mg/L | NG | - |
| ၁၈ | စိန်ဓာတ် (Arsenic) | ~ | mg/L | Lovibond Arsenic test kit code.no -400700 | ≤ 0.01 mg/L | ≤ 0.1 mg/L * | - |
| | စိန်ဓာတ် (Arsenic) | ~ | mg/L | AAS, Shimadzu AA-6200 As (193.7 nm) | ≤ 10 ug/L | ≤ 100 ug/L * | |
| ၁၉ | ကတ်ဒမီယမ် (Cadmium) | ~ | mg/L | AAS, Shimadzu AA-6200 Cd (228.8 nm) | ≤ 0.005 mg/L | ≤ 0.1 mg/L * | - |
| ၂၀ | ကြေးနီ သတ္တုဓာတ် (Copper) | ND | mg/L | AAS, Shimadzu AA-6200 Cu (324.8 nm) | ≤ 0.05 mg/L | ≤ 0.5 mg/L * | Lower limit of detection = 0.03 mg/L |
| ၂၀ | သံသတ္တုဓာတ် (Iron) | ~ | mg/L | LovibondSpectroDirect Method No. 220 | ≤ 0.2 mg/L | ≤ 3.5 mg/L * | Lower limit of detection = 0.4 mg/L |
| | သံသတ္တုဓာတ် (Iron) | ND | mg/L | AAS, Shimadzu AA-6200 Fe (248.3 nm) | ≤ 0.2 mg/L | ≤ 3.5 mg/L * | |
| ၂၂ | ခဲသတ္တုဓါတ် (Lead) | 0.4 | mg/L | AAS, Shimadzu AA-6200 Pb (283.3 nm) | ≤ 0.01 mg/L | ≤ 0.1 mg/L * | Above the limits |
| ၂၃ | မဂ္ဂနိစ် (Manganese) | < 0.2 | mg/L | LovibondSpectroDirect Method No. 240 | ≤ 0.5 mg/L | ≤ 2 mg/L | Normal |
